# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခစစ်ပွဲများဆိုင်ရာ မြန်မာ့စီးပွားရေးအခြေအနေ

မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်ရေးအဖွဲ့
နိုင်ငံတကာ မြန်မာ့သတင်း

စက်တင်ဘာလ၊ ၂၀၁၃



www.mmpeacemonitor.org

# ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ စစ်ပွဲများဆိုင်ရာ မြန်မာ့စီးပွားရေး အခြေအနေ

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့
(Myanmar Peace Monitor)

နိုင်ငံတကာ မြန်မာ့သတင်း (Burma News International)

စက်တင်ဘာလ ၂၀၁၃ ခုနှစ်။

www.bnionline.net
www.mmpeacemonitor.org

ငြိမ်းချမ်းရေးနှင့် ပဋိပက္ခ စစ်ပွဲများဆိုင်ရာ မြန်မာ့စီးပွားရေး အခြေအနေ

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့
(Myanmar Peace Monitor) မှ ရေးသားထုတ်ဝေသည်။

ပထမအကြိမ်၊ ပုံနှိပ်ထုတ်ဝေ - စက်တင်ဘာ ၂၀၁၃။

နိုင်ငံတကာ မြန်မာ့သတင်းဌာနမှ မူပိုင်ဖြစ်သည်။ Burma News International

နိုင်ငံတကာ မြန်မာ့သတင်းဌာနမှ ထုတ်ဝေဖြန့်ချိသည်။
စာတိုက်သေတ္တာအမှတ် (၇၆)၊ ချင်းမိုင်တက္ကသိုလ်စာတိုက်၊
ချင်းမိုင်မြို့၊ ၅၀၂၀၂၊ ထိုင်းနိုင်ငံ။

တယ်လီဖုန်း - +၆၆(၀) ၈၄ ၇၂၂ ၅၉၈၈
+၉၅ ၉ ၄၅၀၀ ၄၄၆၂၇ ၊ + ၉၅ ၉ ၄၂၈ ၂၀ ၆၉၁၆

အီးမေးလ် - secretary.bni@gmail.com
Website - www.bnionline.net, www.mmpeacemonitor.org

# မာတိကာ


အတိုကောက် ဝေါဟာရများ
အစီရင်ခံစာ အကျဉ်းချုပ်
နိဒါန်း ..................................................................................................... ၁

**စီးပွားရေးအရ နစ်နာချက် (၁)။ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကြောင့် စစ်တပ်အင်အား တိုးချဲ့ချထားခြင်း နှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခြင်း။** ..................................................................... ၃
ပြဿနာများ၏ နောက်ခံအကြောင်း
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ (NSAGs) နှင့် စစ်တပ် အကြား ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများ နှင့် လိုက်နာရမည့် ကျင့်ထုံးများ ချမှတ်ခြင်း ..................................................................................... ၉
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ စီးပွားရေး စီမံကိန်းများကြောင့် ဖြစ်သော အကြမ်းဖက်မှုများနှင့် မြေယာသိမ်းပိုက်မှုများကို ဖြေရှင်းပေးခြင်း။ ........................................... ၁၁

**စီးပွားရေးအရ နစ်နာချက် (၂)။ သဘာဝ အရင်းအမြစ်များအပေါ် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲခွင့်အာဏာ ကင်းမဲ့နေခြင်း။** ........................................................................................................ ၁၁
ပြဿနာ ၁။ သယံဇာတ ကျိန်စာ ......................................................................... ၁၁
ပြဿနာ ၂။ စီးပွားရေးကို စစ်တပ်နှင့် ခရိုနီလူနည်းစုက လက်ဝါးကြီးအုပ်ထားခြင်း။ ..................... ၁၅
ပြဿနာ ၃။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု၊ အဖွဲ့အစည်းစနစ် ခိုင်မာမှု အားနည်းခြင်း။ ........................................................................................................ ၂၀
ပြဿနာ ၄။ သယံဇာတမှ ဘဏ္ဍာဝင်ငွေများကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားခြင်း နှင့် စီမံခန့်ခွဲနေခြင်း။ ............................................................................................... ၂၁
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ သဘာဝ သယံဇာတများနှင့် ဘဏ္ဍာဝင်ငွေများအပေါ် စီမံခန့်ခွဲမှု အာဏာကို စနစ်တကျ ဖွဲ့စည်းခြင်း (အင်စတီကျူးရှင်းအသွင် ဖြစ်စေခြင်း) ......................................................................... ၂၆
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ အစိုးရ၏ DDR အစီအစဉ် နောက်ကွယ်ရှိ စီးပွားရေး ................................................................................................. ၃၀
နယ်ခြားစောင့်တပ်/ ပြည်သူ့စစ် တပ်ဖွဲ့များ (BGF/PMF) ............................................................. ၃၁
၂၀၁၁ ခုနှစ် နှောင်းပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ တောင်းဆိုချက်များ နှင့် လုပ်ပိုင်ခွင့်ချပေးခြင်းများ.................... ၃၂
ငြိမ်းချမ်းရေးပွဲစား (အကျိုးဆောင်) များ၏ အခန်းကဏ္ဍ............................................. ၃၅
ဖွံ့ဖြိုးရေးတွင် နိုင်ငံခြားကူညီထောက်ပံ့မှုများ၏ အခန်းကဏ္ဍ ....................................... ၃၆
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၃)။ လက်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်း၌ အုပ်ချုပ်ရေးစနစ်ကို တိုးတက် ကောင်းမွန်စေခြင်း .............................................................. ၃၈
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၄)။ သယံဇာတထုတ်လုပ်မှုများအပေါ် ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းဆောင်ရွက်ချက် (EITI) သို့ အသင်းဝင်အဖြစ် လျှောက်ထားခြင်း ............................................................................................. ၄၀

**စီးပွားရေးအရ နစ်နာချက် (၃)။ မြေယာသိမ်းပိုက်မှုများနှင့် အခွင့်အရေးများ ............................................ ၄၃**
ပြဿနာများ၏ နောက်ခံအကြောင်း
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်းများ။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံဥပဒေအတွင်း၌
မြေယာသိမ်းဆည်းမှု ပြဿနာများ ဖြေရှင်းပေးခြင်း။ ............................................................ ၄၇

**စီးပွားရေးအရ နစ်နာချက် (၄)။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့် ဒေသခံပြည်သူများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး အပေါ် ထိခိုက်သက်ရောက်မှုများ ............................................................ ၅၂**
ပြဿနာများ၏ နောက်ခံအကြောင်း
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ ဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံခန့်ခွဲမှုနှင့်
စိစစ်အကဲဖြတ်ချက် တိုးတက်လာစေခြင်း ............................................................ ၅၃
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ ကုမ္ပဏီများ/ ကော်ပိုရေးရှင်းကြီးများ၏
လူမှုရေးအရ တာဝန်သိမှု (CSR) ............................................................ ၅၅

**စီးပွားရေးအရ နစ်နာချက် (၅)။ တိုင်းရင်းသား လူမျိုးစုများ၏ ဒေသများတွင် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးရေးနောက်ကျနေမှု ............................................................ ၅၆**
ပြဿနာ ၁။ တိုင်းရင်းသား လူမျိုးစုဒေသများတွင် ဖွံ့ဖြိုးရေးနောက်ကျနေမှု ................................ ၅၆
ပြဿနာ ၂။ ဖွံ့ဖြိုးမှုကို ချိန်ခွင်လျှာညှိခြင်း နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု-- ၁၉၉၀
ခုနှစ်ကာလများ အပစ် အခတ်ရပ်စဲရေးမှ သင်ခန်းစာထုတ်ယူခြင်း။ ........................................ ၅၈
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်
သက်ဆိုင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ............................................................ ၅၉
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ အစိုးရ၏ တိုင်းရင်းသားလူမျိုးများနှင့်
နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တစ်စုံလုံးအစီအစဉ် ............................................................ ၆၄
နယ်စပ်ရေးရာ ဝန်ကြီးဌာန ............................................................ ၆၄
အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းများ ............................................................ ၆၆

**စီးပွားရေးအရ နစ်နာချက် (၆)။ တိုင်းရင်းသား အုပ်စုများအကြား ဈေးကွက်အရ ပြိုင်ဆိုင်မှုများ ..................... ၇၀**
ပြဿနာများ၏ နောက်ခံအကြောင်း
ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်းများ ............................................................ ၇၂

**လေ့လာတွေ့ရှိချက်များ ............................................................ ၇၂**
အစိုးရ ............................................................ ၇၂
အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ ............................................................ ၇၄
စီးပွားရေးလုပ်ငန်းများ ............................................................ ၇၅
အရပ်ဖက် လူမှုအဖွဲ့အစည်းများ............................................................ ၇၅
**နောက်ဆက်တွဲများ............................................................ ၇၆**

# ကျေးဇူးတင်လွှာ

ယခု ရေးသားထုတ်ဝေသော စာတမ်းသည် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ၊ အစိုးရ၊ မီဒီယာနှင့် လူမှုအခြေပြု အဖွဲ့အစည်းများ၏ တက်ကြွစွာ ပါဝင်ပတ်သက်မှု မရှိပဲ ဤစာတမ်းကို ရေးသားထုတ် ဝေနိုင်မည် မဟုတ်ပေ။ ၎င်းတို့၏ အတွေ့အကြုံများ၊ လေ့လာတွေ့ရှိချက်များ၊ ရှင်းလင်းချက်များ၊ ထောက်ခံချက်များသည် ဤစာတမ်းဖြစ်မြောက်ရေးအတွက် အသက်ဝိဉာဉ်ပင်ဖြစ်သည်။

ငြိမ်းချမ်းရေးစာတမ်းကို ရေးသားပြုစုရာတွင် အခက်အခဲပေါင်းများစွာ လက်တွေ့ရင်ဆိုင်ခဲ့ရသည်။ ယင်းသို့ ဖြစ်ရခြင်းမှာ ဤစာတမ်းတွင် ပါဝင်သော အကြောင်းအရာများက သဘာဝအားဖြင့် ရှုတ်ထွေးလှပြီး ထိရှ လွယ်သောကြောင့် ဖြစ်သည်။ ဤစာတမ်းကိုပြုစုရာတွင် ယုံကြည်စိတ်ချရပြီး ဘက်မလိုက်ဘဲ မျှတမှုရှိအောင် ရေးသားရသည်မှာ အကြီးမားဆုံး အခက်အခဲပင် ဖြစ်သည်။

ဤစာတမ်းဖြစ်မြောက်ရေးတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့သူများကို ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။ သုတေသနနှင့် စာတမ်းရေးသားပြုစုသော မစ္စဒိုနာအောင်နှင့်အတူ ဘီအဲန်အိုင်အဖွဲ့၏ ငြိမ်းချမ်းရေး စောင့်ကြည့်ရေးအဖွဲ့မှ ကိုစိုင်းလိတ်၊ ကိုနေလင်းထိုက်၊ ကိုအောင်ကျော်ထွန်းတို့ကို အထူးကျေးဇူး တင်ရှိပါသည်။ ၎င်းအပြင် အကြံဉာဏ်ကောင်းများပေးကာ စာတမ်းဖြစ်မြောက်ရေးနှင့် ထုတ်ဝေရေးကို အားသွန်ခွန်စိုက် အကောင်အထည်ဖော်ပေးသော ဦးခွန်ဆိုင်းကျိုင်းယဲန်၊ ကိုခင်မောင်ရွှေ၊ မစ္စတာ ဘရန်နန်အိုကော်နာနှင့် မစ္စတာဂယ်ရီရိုဇီမာတို့ကို အထူးကျေးဇူးတင်ရှိပါသည်။

ဤစာတမ်းပြုစုနိုင်ရေးအတွက် စီးပွားရေးနှင့် ငြိမ်းချမ်းရေး အစည်းဝေး ဖြစ်မြောက်ရေးကို စီစဉ်ကူညီ ပေးသော (Burma Relief Center - BRC) ကို အထူးကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ပါသည်။ နိုင်ငံ၏ စီးပွားရေးမူဝါဒနှင့် ပြုပြင်ပြောင်းလဲရေး၏ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်အပေါ် အကျိုးသက်ရောက်မှုကို ခြုံငုံ နားလည်နိုင်အောင် လာရောက် ဟောပြောပေးသော နိုင်ငံတကာ မြန်မာ့သတင်း (ဘီအဲန်အိုင်) အဖွဲ့ဝင်များ၊ မအားနန် (မြန်မာ မြစ်ချောင်းများဆိုင်ရာ ကွန်ယက်အဖွဲ့)၊ ကိုခေးဆိုင် (တိုင်းရင်းသားလူမျိုးများ လူထုဖွံ့ဖြိုးရေး ဆုံရပ်အဖွဲ့)၊ ကိုကျော်ခိုင် (ရခိုင်ရေနံစောင့်ကြည့်ရေးအဖွဲ့)၊ ကိုမီရယ် (ကရင်နီလူမှုအဖွဲ့အစည်းများ ကွန်ယက် အဖွဲ့)၊ မဆိုင်းမိုင် (ကချင်ဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့)၊ ကိုရွှေ (ကရင်သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ယက်) နှင့် ကိုဝင်းအောင် (ရွှေသဘာဝ ဓါတ်ငွေ့လှုပ်ရှားမှုအဖွဲ့)တို့ကို အထူးကျေးဇူးတင်ရှိပါသည်။

ဤစာတမ်းထုတ်ဝေနိုင်ရေးအတွက် သုတေသနပြု လုပ်ငန်းများနှင့် ရေးသားထုတ်ဝေနိုင်ရန်အတွက် စေတနာထက်သန်စွာ ငွေကြေးထောက်ပံ့ပေးသော (Open Society Foundations-OSF) ကို ဘီအဲန် အိုင်အဖွဲ့မှ အထူးကျေးဇူးတင်ရှိပါသည်။ ထို့အပြင် ဒီမိုကရေစီဖြစ်စဉ်သို့ လျှောက်လှမ်းနေသည့် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကာလအတွင်း ဘီအဲန်အိုင်၏ ကြိုးစားလုပ်ဆောင်မှုများအတွက် အားပေးကူညီထောက်ပံ့မှုများ ကို လည်း ကျေးဇူးအထူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။

နိုင်ငံတကာ မြန်မာ့သတင်း (ဘီအဲန်အိုင်) အဖွဲ့ကို ၂၀၀၃ ခုနှစ်တွင် စတင် ဖွဲ့စည်းခဲ့ပြီး လက်ရှိတွင် မီဒီယာ အဖွဲ့အစည်းပေါင်း ၁၂ ဖွဲ့ ပါဝင်သော မီဒီယာကွန်ယက်တစ်ခု ဖြစ်သည်။ ဤစာတမ်းကို www.mmpeacemonitor.org နှင့် www.bnionline.net ဝက်ဘ်ဆိုက်တို့တွင် ဖတ်ရှုနိုင်ပါသည်။

# အတိုကောက် ဝေါဟာရများ

| | |
|---|---|
| BGF | နယ်ခြားစောင့်တပ်ဖွဲ့ |
| CBO | အရပ်ဖက်အခြေပြု အဖွဲ့အစည်းများ |
| CNF | ချင်းအမျိုးသား တပ်ဦး |
| DDR | လက်နက်ဖြုတ်သိမ်းရေး၊ တပ်ဖွဲ့ ဖျက်သိမ်းရေး နှင့် ပြန်လည်ပေါင်းစည်းနေရာချထားရေး |
| DKBA | ဒီမိုကရက်တစ် ကရင်အကျိုးပြု တပ်မတော် |
| EAGs | တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ |
| KIO/A | ကချင် လွတ်လပ်ရေးအဖွဲ့/ တပ်မတော် |
| KNPP | ကရင်နီ အမျိုးသား တိုးတက်ရေးပါတီ |
| KNU | ကရင်အမျိုးသား အစည်းအရုံး |
| KPC | KNU/ KNLA ငြိမ်းချမ်းရေးကောင်စီ |
| MDRI | မြန်မာ့ ဖွံ့ဖြိုးရေး အရင်းအမြစ်အဖွဲ့ |
| MEC | မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း |
| NDAA | အမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် |
| NDF | အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစု |
| NLD | အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် |
| NMSP | မွန်ပြည်သစ်ပါတီ |
| NSAGs | အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများ |
| NUP | တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ |
| PDP | ငြိမ်းချမ်းရေးနှင့် မတူကွဲပြားမှု ပါတီ |
| PMF | ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များ |
| PNLO | ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ် |
| PSLF | ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး |
| RCSS/SSA | ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ ရှမ်းပြည် တပ်မတော် |
| SEZ/SIZ | အထူးစီးပွားရေးဇုန်/ အထူး စက်မှုဇုန် |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ |
| SNLD | ရှမ်းအမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| SSPP/SSA | ရှမ်းပြည် တိုးတက်ရေးပါတီ/ ရှမ်းပြည် တပ်မတော် |
| TNLA | တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် |
| UMEHL | ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင် လီမိတက် |
| UNFC | ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ် ကောင်စီ |
| UWSP/A | ဝပြည်သွေးစည်းညီညွတ်ရေးပါတီ/ တပ်မတော် |
| WGEC | တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ |

# မြေပုံစာရင်း

၁။ သဘာဝသယံဇာတနှင့် ပဋိပက္ခဖြစ်ပွားရာပြမြေပုံ..........................................၄

၂။ သဘာဝအရင်းအမြစ်နှင့်အထူးစီးပွားရေးဇုန်ပြမြေပုံ........................................၁၃

၃။ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏လျှပ်စစ်ဓါတ်အားသုံးစွဲမှုပြမြေပုံ .................၅၇

# ဇယားစာရင်း

ဇယား (၁) - ဖွံ့ဖြိုးရေးစီမံကိန်းများအနီးတွင် ဖြစ်ပွားသော ပဋိပက္ခများ .................... ၅

ဇယား (၂) - မြေယာသိမ်းမှုနှင့် စီးပွားရေးစီမံကိန်းများကြောင့်
လူထုမငြိမ်သက်မှုနှင့် အကြမ်းဖက်မှုများ ............................................................ ၈

ဇယား (၃) - ဖွဲ့စည်းပုံအတွင်းမှ ဥပဒေအာဏာများ .......................................... ၂၃

ဇယား (၄) - တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ စီးပွားရေးလုပ်ငန်းများ ............ ၃၃

ဇယား (၅) - မြေယာသိမ်းမှုနှင့် ပတ်သက်၍ အရေးကြီးဥပဒေများနှင့်
ကော်မတီများ.......................................................................................... ၄၅

ဇယား (၆) - မြေယာသိမ်းမှု စုံစမ်းစစ်ဆေးရေးကော်မတီနှင့် ဥပဒေမူကြမ်း............... ၄၉

# အစီရင်ခံစာ အကျဉ်းချုပ်

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် စီးပွားရေးအခွင့်အလမ်းများနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကိစ္စများကို အလေးပေး ဆောင်ရွက်နေခြင်းက အလွန်အမင်း အငြင်းပွားဖွယ်ရာကိစ္စ ဖြစ်ပါသည်။ လူအများက ဤဆွေးနွေးပွဲများတွင် အဓိကကျသည့် နိုင်ငံရေးပြဿနာများ၊ လူမျိုးရေး ကြန်အင်လက္ခဏာကိစ္စများကို အလေးပေး ပြောဆိုကြမည်ဟု ယုံကြည်ထားကြပါသည်။ သို့သော်လည်း အသိအမှတ်ပြုသင့်သည့်ကိစ္စမှာ ပဋိပက္ခအများစုကို ဖြစ်စေသည့် အဓိကကျသော နစ်နာခံစားရမှုများမှာ စီးပွားရေးနှင့် သက်ဆိုင်သည့် မတရားမမျှတမှုများ ဖြစ်ပြီး၊ အထူးသဖြင့် ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကြောင့် ဒေသခံပြည်သူများ ဆိုးကျိုးထိခိုက်ခံစားကြရသည့် အခြေအနေမျိုး၊ စီးပွားရေး အရင်းအမြစ်များကို ဗဟိုအစိုးရနှင့် ဒေသခံတိုင်းရင်းသား အုပ်စုများအချင်းချင်းအကြား သူထိန်းချုပ်မည်-ကိုယ်ထိန်းချုပ်မည် အပြိုင်အဆိုင်လုကြသည့် အခြေအနေမျိုး ဖြစ်ပါသည်။ ထို့အပြင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများ (NSAGs) များက မြင်ကြသည်မှာ သူတို့ပြည်သူများ၏ အခွင့်အရေးများအတွက် တိုက်ပွဲဝင်ရာ၌ စီးပွားရေးဆိုင်ရာ ပြဿနာများကိုပါ လျစ်လျူပြုထား၍ မရပါ။ အကြောင်းမှာငွေကြေး နှင့် အာဏာသည် နီးကပ်စွာ ချိတ်ဆက်နေကြသောကြောင့် ဖြစ်ပါသည်။

ယခုအစီရင်ခံစာတွင် ပဋိပက္ခများ ဖြစ်ပွားရသည့် ရေသောက်မြစ် အကြောင်းအရင်းများကို စူးစမ်းထားပြီး၊ ငြိမ်းချမ်းရေးအတွက် အဖြေရှာကြည့်နိုင်ရေး ကြိုးပမ်းချက်ပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် စီးပွားရေးအရ မမျှတမှု နစ်နာချက် ၆-ခုမှ နေ၍ ပဋိပက္ခများ ဖြစ်ပွားစေရန် တွန်းပို့နေပါသည်။ ၎င်းတို့ကို တစ်ချက်ချင်း သုံးသပ်၍ ဖြစ်နိုင်ခြေရှိသည့် ဖြေရှင်းစရာ နည်းလမ်းများကို ကြံဆထားပါသည်။ ၎င်းထိခိုက်နစ်နာချက်များမှာ စီးပွားရေးစီမံကိန်းများကြောင့် စစ်တပ်အင်အားတိုးချဲ့ ချထားလာခြင်း၊ သဘာဝသယံဇာတများအပေါ် ထိန်းချုပ်ခွင့် အာဏာ မရှိခြင်း၊ မြေယာသိမ်းပိုက်မှုများ၊ စီးပွားရေးစီမံကိန်းကြီးများ၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး အပေါ်ထိခိုက်သက်ရောက်မှုများ၊ တိုင်းရင်းသားဒေသများတွင် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျ ကျန်ရစ်နေခြင်းတို့ပင် ဖြစ်ပါသည်။

ယခုအခါ ပြုပြင်ပြောင်းလဲနေသော အစိုးရအနေဖြင့် ဤသို့နစ်နာခံစားနေရမှုများကို တုံ့ပြန်ဆောင်ရွက်ရန် အထူးကြိုးပမ်း နေပါသည်။ အထွေထွေသော ဥပဒေများ ချမှတ်ပြဋ္ဌာန်းစေခြင်း၊ မူဝါဒများ၊ ဖွံ့ဖြိုးရေး အစီအစဉ်များ၊ ကော်မရှင်များနှင့် ကော်မတီများ ယခုဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းဆောင်ရွက်စေခြင်း စသည့်ကြိုးပမ်းမှု ပေါင်းစုံပါဝင်ပါသည်။ အစိုးရမဟုတ်သည့်

လက်နက်ကိုင်အင်အားစုများဖက်မှလည်း ယခုဖော်ပြသည့် ပြဿနာများကို ဖြေရှင်းနိုင်ရန် သူတို့နည်း သူတို့ဟန်ဖြင့် ကြိုးပမ်းအားထုတ်ခဲ့ကြပါသည်။ တစ်ခါတစ်ရံ တစ်ဖက်သတ်ဖြေရှင်းမှု ပြုကြသော်လည်း၊ များသောအားဖြင့် အစိုးရနှင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် တင်ပြတောင်းဆိုခဲ့ကြပါသည်။ ဒေသခံပြည်သူများ၏ လိုအပ်ချက်နှင့် နစ်နာခံစားနေရမှုများကို ကြားသိရအောင် အရပ်ဖက်လူမှုအဖွဲ့အစည်းများကလည်း တက်ကြွစွာ အရေးပါသည့် အခန်း ကဏ္ဍက ပါဝင်လှုပ်ရှားနေကြပါသည်။ သို့မှသာ လျော်ကန်သည့် မူဝါဒများ ချမှတ်နိုင်ဖွယ်ရှိပြီး၊ ဆုံးဖြတ်မှုများ ကောင်းမွန်လာပါလိမ့်မည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတကာ ကူညီထောက်ပံ့မှု များကလည်း မတူကွဲပြားသည့် အင်အားစုအသီးသီးကို ထောက်ပံ့ပေး၍၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၊ ဘဏ္ဍာရေးနှင့် နည်းပညာ ကူညီထောက်ပံ့မှုများ ပေးနေကြပါသည်။

စီးပွားရေးအရ ထိခိုက်နစ်နာမှုအကြောင်းများအပေါ် ဖြေရှင်းနိုင်ရန် အထွေထွေသော ကျယ်ပြန့် သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လေ့လာသုံးသပ်မှုပြုရသည်မှာ ခက်ခဲလှပါသည်။ တွေ့ရှိ ချက်များအရ လက်ရှိဆောင်ရွက်နေသည့် ပြုပြင်ပြောင်းလဲမှုများ၊ ငြိမ်းချမ်းရေး သဘော တူညီချက်များကို အဟန့်အတား ဖြစ်နေရသည့် အကြောင်းမှာ စစ်တပ်က သူ၏အမိန့်စီးဆင်းမှု အတိုင်းသာ ဆက်လက်၍ သွားနေခြင်း၊ ၎င်းက စီးပွားရေးနှင့် အစိုးရ၏ အုပ်ချုပ်ရေးယန္တယားကို ထိန်းချုပ်ထားနိုင်သည့် အာဏာရှိနေခြင်းတို့ကို တွေ့ရှိရပါသည်။ စစ်တပ်၏ စီးပွားရေး အကျိုး စီးပွားများနှင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များကို ဆက်ဆံနေသည့် ၎င်းတို့၏ အယူ ဝါဒရေးရာကိစ္စများကြောင့် ယခုအစိုးရဆောင်ရွက်နေသည့် အာဏာချိန်ခွင်လျှာ ပြောင်းစေရေး အစီအစဉ်များကို ဆန့်ကျင်နေသည့်သဖွယ် ဖြစ်လာစေပါသည်။ ၂၀၀၈ ခုနှစ်တွင် ပြဌာန်း အတည်ပြုခဲ့သော ဖွဲ့စည်းပုံ အခြေခံဥပဒေအရ အဓိကပိုင်ဆိုင်မှုများနှင့် သယံဇာတများ စီမံ ခန့်ခွဲရေး အာဏာကို ဗဟိုကသာ ချုပ်ကိုင်ထားရေးအတွက် ပြဌာန်းထားပေးပါသည်။ သို့အတွက် ကြောင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေး အပြောင်းအလဲများအပေါ် အစိုးရက စိတ်မထက်မသန် ဖြစ်နေပြီး၊ တိုင်းရင်းသားတော်လှန်ရေး အင်အားစုများ ကျေနပ်နိုင်သည့် အခြေအနေ မဆိုက်ဘဲ ဖြစ်နေရပါသည်။

ဖြေရှင်းရန် ကြိုးပမ်းမှု အများအပြား ဆောင်ရွက်ခဲ့ကြသော်လည်း၊ ပဋိပက္ခ အခြေအနေမှာ မလျှော့ကျသွားရခြင်း၊ ဒေသခံ ပြည်သူများကလည်း သူတို့၏ဘဝများ သိသိသာသာတိုးတက်မှု ရှိမလာသည့် အကြောင်းကိုမူ၊ စစ်တပ်၏ လွှမ်းမိုးမှုနောက်ခံကြောင့်ဟူ၍သာ ဖော်ပြရပေတော့ မည်။ ဤသို့ကြိုးပမ်းဆောင်ရွက်ချက်များ ဖြစ်ပေါ်စေရန်၊ အမှန်တကယ် အပြောင်းအလဲများ ဖြစ်ပေါ်လာရန်၊ ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး ဖြစ်ပေါ်လာရန်မှာ ကျွမ်းကျင်မှုများ အပေါ်၌ သာ မိမိတို့မှီခို လုပ်ဆောင်နေ၍ မရဘဲ၊ စစ်တပ်၏ အာဏာဟောင်းကို ပြုပြင်ပြောင်းလဲမှသာ ဖြစ်ပေါ်နိုင်ပေမည်။ တပ်မတော်ကို နည်းပညာကျွမ်းကျင်မှုဖြင့် လုပ်ဆောင်သည့် ခေတ်မီ ကာကွယ်ရေး တပ်မတော် (Professional Army) တစ်ရပ်အဖြစ်သို့ အသွင်ပြောင်းလဲမှသာ ဖြစ်ပေါ်နိုင်ပေမည်။ မတူကွဲပြားသော ဖက်ပြိုင်နေသည့် အင်အားစုများ၏ နောက်ခံစီးပွားရေး အကျိုးစီးပွားများအပေါ် နားလည်ရန် အရေးကြီးလှပါသည်။ သို့မှသာ မိမိတို့လိုလားနေသည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ဖြစ်ပေါ်စေမည် ဖြစ်ပါကြောင်း။

# Myanmar Peace Monitor

Search search...

HOME BACKGROUND PEACE PROCESS CONFLICT STAKEHOLDERS RESEARCH ABOUT US



## Peace Monitoring Dashboard - October

**ARMED CLASHES**

Armed clashes between govt and resistance forces:
22

**COMMUNAL CLASHES**

Communal clashes between Buddhists and Muslims:
2

**SCHEDULED**

Projected to meet in October:
**KNU, KIO**

**UNFC's DIALOGUE FRAMEWORK**

Comprehensive Union Peace & Ceasefire Agreement (ENGLISH)
Comprehensive Union Peace & Ceasefire Agreement (BURMESE)

| # | | ARMED GROUP | STATUS |
|---|---|---|---|
| 1 | | UWSA/P | Union level |
| 2 | | NDAA | Union level |
| 3 | | DKBA-5 | Union level |
| 4 | | RCSS | Union level |
| 5 | | CNF | Union level |
| 6 | | KNU | Union level |
| 7 | | SSPP | Union level |
| 8 | | NMSP | Union level |
| 9 | | KPC | State level |
| 10 | | KNPP | Union level |
| 11 | | ALP/A | State level |
| 12 | | NSCN-K | State level |
| 13 | | PNLO | Union level |
| 14 | | ABSDF | Union Level |
| x | | AA | Combatant |
| x | | KIA | Combatant |
| x | | TNLA | Combatant |

**Tweets** Follow

Multimedia Group
dvb.no/news/33708-bur...
#burma #myanmar
Retweeted by News Updates
Expand

**News Updates** 21 Oct @mmpeacemonitor
KNPP has prepared to discuss about military affairs with the peace team in coming meeting ktimes.org/index.php/news.

**News Updates** 21 Oct @mmpeacemonitor

Tweet to @mmpeacemonitor

**PEACE MEETINGS**

between govt and resistance forces:
**KNPP** Oct: 22
**TNLA** Oct: 14 (informal)
**KIO technical team** Oct: 02 (informal)
**UWSA** Oct: 04
**KIO** Oct: 08-10
**UNFC** Oct: 07-09

**INTERNATIONAL AID PLEDGES**

1) **ADB, JFPR US$ 2.85 Mil** - for a long-term energy plan and power grid upgrade
2) **JICA Japan Yen 1900 Mil** - for Yangon water supply (Sep: 28)
3) **JICA Japan Yen 1 Bil** - Loans for road building in Chin State
4) **JICA US$ 13.5 Mil** - for upgrade the technical universities
5) **IRC US$ 22 Mil** - for cyclone Giri resettlement
6) **Thai rock music band Carabao about US$ 33,000** - for SEAGAME

**CONFLICT ALERT**

- Vigilance Urged After Spate of Bombs Planted in Burma
- Rohingya Mujahideen reported to have trained 300 soldiers
- Authorities release photos of suspected terrorists

**PEACE RELATED ACTIVITIES**

- Chin Conference working committee press release (21 Oct)
- China-Myanmar gas pipeline becomes operational (21 Oct)
- Click Here to More PEACE RELATED ACTIVITIES

www.mmpeacemonitor.org

## နိုင်ငံတကာ မြန်မာသတင်းအဖွဲ့ဝင်များ၏ ဝဘ်ဆိုဒ်လိပ်စာများ

နရဉ္ဇရာလွတ်လပ်သော သတင်းဌာန
www.narinjara.com

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
www.monnews.org

ကချင်သတင်းဌာန
www.kachinnews.com

ကုလားတန် သတင်းကွန်ယက်
www.kaladanpress.org

ကန္တာရဝတီတိုင်း(မ်)
www.ktimes.org

ကရင်သတင်းဌာန
www.karennews.org

ခိုနမ်းထုန် ချင်းသတင်းဌာန
www.khonumthung.org

မဇ္ဈိမ သတင်းဌာန
www.mizzima.com

သတင်းမီဒီယာကွန်ယက်
www.nmg-news.com

ရွှေဟင်္သာသတင်းဌာန
www.phophtawnews.org

ရှမ်းသံတော်ဆင့် သတင်းဌာန
www.panglong.org

သံလွင်တိုင်းမ်ဂျာနယ်
www.thanlwintime.org

# နိဒါန်း

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် စီးပွားရေးဆိုင်ရာ အကျိုးစီးပွားများနှင့် ဖွံ့ဖြိုးရေးကိစ္စများ ပတ်သက်နေခြင်းသည် အလွန် အငြင်းပွားဖွယ်ရာပင် ဖြစ်သည်။ သို့သော်လည်း မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် ပဋိပက္ခများကို ဖြေရှင်းရာတွင်မူ ရှောင်လွဲ၍ မရသောကိစ္စများ ဖြစ်ပါသည်။ လူအများက ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆောင်ရွက်ရာတွင် နိုင်ငံရေးထက် ကျော်လွန်၍ စီးပွားရေးကိစ္စကို သာလွန်အလေးပေး ကြမည်ကို စိုးရိမ်နေကြသော်လည်း၊ လက်နက်ကိုင်အင်အားစုများက တောင်းဆိုနေကြသည့် စီးပွားရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝ သယံဇာတများ မျှတစွာ ခွဲဝေပေးရေးကိစ္စများကို ကြည့်ပါက စီးပွားရေးအာဏာနှင့် နိုင်ငံရေးအာဏာသည် အကြွေတစ်စေ့၏ ခေါင်းနှင့် ပန်းဖြစ်သည်ကို တွေ့ရပါလိမ့်မည်။ မိမိတို့အတွက် အထူးစဉ်းစားစရာ သတိပေးနေသောကိစ္စလည်း ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများ၌ စီးပွားရေးလုပ်ပိုင်ခွင့်များ ပြောဆိုနေကြခြင်းကို ဝေဖန်သူအချို့က အစိုးရ၏ လှည့်ဖျားသွေးခွဲမှုဟု ယူဆနေကြပြီး၊ တိုင်းရင်းသား ခေါင်းဆောင်များကို ခရိုနီအသေးစားများ ဖြစ်အောင် ပြုလုပ်နေသည်၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် ဆွဲဆောင်နိုင်အောင် ပြုလုပ်နေသည်ဟု ဆိုနေကြပြန်ပါသည်။

သို့အတွက်ကြောင့် စီးပွားရေးမှာ မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဖြစ်ပွားစေရန် တွန်းဆော်သည့် အကြောင်းတရား ဖြစ်သလို၊ အဖြေလည်း ဖြစ်သည်။ သယံဇာတမှ ရသည့် ဘဏ္ဍာဝင်ငွေများကို တရားမျှတမှု မရှိသည့် ဝေခွဲမှု၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏ ဒေသခံများအပေါ် ဆိုးကျိုးသက်ရောက်မှုများ၊ ဆင်းရဲမွဲတေမှုနှုန်း အလွန်အမင်း မြင့်မားနေခြင်း စသည့်အကြောင်းများကြောင့် အကြမ်းဖက်မှု ၃ မျိုးကို ဖြစ်ပွားစေပါသည်။ ၎င်းတို့မှာ လက်နက်ကိုင် ပဋိပက္ခ၊ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကြောင့် ဖြစ်သည့် အကြမ်းဖက်မှုများ နှင့် ရပ်ရွာလူမှု အသိုက်အဝန်း အချင်းချင်း အကြမ်းဖက်မှုများ ဖြစ်ပါသည်။ စီမံကိန်းကြီးများကို ကာကွယ်မှုပေးရန်အတွက် စစ်တပ်များတိုးချဲ့ချထားလာခြင်း စသည့်အကြောင်းကြောင့်လည်း တိုင်းရင်းသား လက်နက်ကိုင်အင်အားစု များနှင့် အစိုးရတို့အကြား ထိတွေ့မှု တိုက်ပွဲများ ဆက်လက်ဖြစ်ပေါ်နေစေခြင်းကို တွေ့ရှိရပါသည်။ တစ်ချိန်တည်း မှာပင် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် စီးပွားရေး အခွင့်အလမ်းတို့သည် ဆင်းရဲမွဲတေမှု လျှော့ချနိုင်ရေးအတွက် အရေးပါပြီး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများ၏ အာဏာကို ဆက်လက် ထိန်းသိမ်းထားရေး၊ အဖွဲ့အစည်း ရှင်သန်ရေးတို့အတွက် အရေးပါလှပါသည်။

သို့အတွက်ကြောင့် ဤနေရာတွင် စဉ်းစားစရာမှာ နိုင်ငံရေးသဘောတူညီချက်များ၌ စီးပွားရေးဆိုင်ရာ ဆွေးနွေး ချက်များကို ထည့်မည်- မထည့်သွင်းမည် မဟုတ်တော့ဘဲ၊ ဒေသခံပြည်သူများ၏ နစ်နာခံစားချက်များကို မည်သို့မည်ပုံ သေချာဖြေရှင်းပေးမည်၊ ၂၀၁၁ ခုနှစ်မှစ၍ စတင်လာသည့် အပြုသဘော ပြုပြင်ပြောင်းလဲမှုများကို နောက်ပြန်သွားစေမည့် ပဋိပက္ခများကို မည်သို့ မည်ပုံ တားဆီးကာကွယ်မည်ဆိုသည်က ပို၍ အရေးပါလာ ပါသည်။ မြန်မာနိုင်ငံ၏ ရွှေ့အလားအလာနှင့် ပတ်သက်၍ ကမ္ဘာက "နောက်ထပ်ရွှေ့တန်း မျက်နှာစာ" တစ်ခု အဖြစ်၊ ပို၍စိတ်ဝင်စားလာသည်နှင့်အမျှ အပျိုစင်သဖွယ် ဖြစ်နေသည့် စျေးကွက်သစ် အလားအလာများနှင့် ပေါကြွယ်ဝသည့် သယံဇာတများကြောင့် ဖြစ်ပေါ်လာမည့် ဘဏ္ဍာဝင်ငွေများကို ထိန်းချုပ်ရေးကိစ္စမှာ ဖက်ပြိုင် နေသည့် အင်အားစုအသီးသီးအပေါ် ဖိအားများ သက်ရောက်လာစေပါသည်။ အလျင်အမြန်ဖွံ့ဖြိုး တိုးတက်မှု ရလိုသည့်ကိစ္စကြောင့်လည်း နောက်ထပ်စိုးရိမ်ဖွယ် ဖြစ်လာစေသည်။ ပဋိပက္ခများ မစဲသေးသည့် ဒေသများတွင် သယံဇာတများနှင့် စျေးကွက်များအပေါ် အချိန်မတန်ဘဲ အလျှင်စလို အသုံးချပစ်လိုကြခြင်းကြောင့် မတည် ငြိမ်သေးသည့် အပစ်အခတ်ရပ်စဲရေးကို ထိခိုက်လာဖွယ် ရှိပါသည်။ သဘာဝသယံဇာတများကြောင့် ခေုကြွယ်ဝမှုကို အချိန်တိုအတွင်း ဖြစ်စေနိုင်သော်လည်း၊ သယံဇာတ တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းများ သဘာဝကြောင့် ကြွယ်ဝမှုကို လူနည်းစုတွင်သာ အကျိုးအမြတ်ရရှိစေမှုမျိုး ဖြစ်ပေါ်စေနိုင်ပြီး၊ ဒေသခံများ၏

နာကျည်းခံစားရမှုများ ပို၍ ပြင်းထန်လာနိုင်ပါသည်။ လူမှုရေး တရားမမျှတမှုများနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးရမှု ရလဒ်များ ဖြစ်ပေါ် လာစေနိုင်ပါသည်။

စီးပွားရေးဟူသည်မှာ အခြားကိစ္စ၊ ပြဿနာများစွာနှင့် ဆက်စပ်မှု ရှိနေပါသည်။ ဥပမာဖော်ပြရလျှင် တရားဝင် မြေပိုင်ဆိုင်မှု၊ မြေယာ သိမ်းပိုက်လုယက်မှု၊ ပွင့်လင်းမြင်သာမှု၊ အစိုးရစနစ်၊ စစ်ရေးမဟာဗျူဟာ၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှု၊ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ၏ နိုင်ငံရေးဆက်နွယ် ပတ်သက်မှုအကြောင်းများ ... စသည်ဖြင့် အကျယ်အပြန့် ဆက်စပ်မှု ရှိနေပါသည်။ သို့ အတွက်ကြောင့် ငြိမ်းချမ်းရေးဆိုင်ရာ စီးပွားရေးသဘောမှာ စီးပွားရေး အကျိုးစီးပွားများကိစ္စများကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အစိုးရနှင့် လက်နက်ကိုင်အဖွဲ့များအကြား ဆွေးနွေးပြောဆိုရုံမျှသာ မဟုတ်၊ အကျယ်အပြန့် ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်ပေါ်လာစေပြီး လူတိုင်းလူတိုင်းအတွက် အကျိုးစီးပွားများနှင့် ကာကွယ်ပေးမှုများ ဖြစ်ပေါ် လာစေရန် လိုအပ်ပါသည်။ အထွေထွေသော အစိုးရ ပြုပြင်ပြောင်းလဲရေး လုပ်ဆောင်မှုများလည်း ပေါင်းစပ်ရန် လိုအပ်ပြီး၊ သို့မှသာ အစိုးရအုပ်ချုပ်ရေး ယန္တယား၏ စီမံအုပ်ချုပ်မှုနှင့် ဥပဒေကြောင်းအရ အရည်အသွေးများ မြင့်မားလာစေပြီး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့ကို ဖြစ်ပေါ်လာစေမည် ဖြစ်ပါသည်။ အစိုးရအနေဖြင့် အများအပြားသော စီးပွားရေးအရ ထိခိုက်နစ်နာရမှုများကို ဖြေရှင်းနိုင်ရေးအတွက် အဓိက ထား၍ ကြိုးပမ်းဆောင်ရွက်နေသည့် အချိန်တွင်၊ ဤအချက်များမှာ ပုံမှန်အားဖြင့် ချိတ်ဆက်မှု၊ လိုက်လျော ညီထွေဖြစ်မှု ရှိမနေတတ်သလို၊ အလွယ်တကူလည်း နားလည်သဘောပေါက်ရန် ခက်ခဲတတ်ပါသည်။

ယခု အစီရင်ခံစာတွင် ယခုကဲ့သို့ စီးပွားရေးအရ ထိခိုက်နစ်နာမှုများကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း၌ ဖြေရှင်း နိုင်ရန် ရှုပ်ထွေးလှသော လုပ်ငန်းစဉ်များကို၊ နားလည်လွယ်ပြီး အဓိပ္ပါယ်ရှိအောင် ကြိုးပမ်းတင်ပြထားပါသည်။ ဤသို့ကြိုးပမ်းဆောင်ရွက်ချက်များအနက် မည်သည်တို့က အလုပ်ဖြစ်သည်၊ ထို့အပြင် မတူကွဲပြားသည့် အင်အားစုများ၊ မူဝါဒများ၊ စီမံကိန်းများက ပို၍ ကျယ်ပြန့်သည့် အခြေခံမူဘောင်ကို ဖြစ်စေသည်၊ ထိုအကြောင်း အချက်များက ပဋိပက္ခဖြစ်စေသည့် ရေသောက်မြစ် အကြောင်းအရင်းများကို မည်သို့မည်ပုံ ပြုမူတုံ့ပြန်မှု ဖြစ်စေသည်တို့ကို တတ်နိုင်သမျှ ရှင်းလင်းတင်ပြထားပါသည်။ ထို့အပြင် ယခုအစီရင်ခံစာတွင် ဝန်ကြီးဌာနများ၊ ကော်မတီများ၊ နိုင်ငံတကာ အလှူရှင်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်း CBO များ၊ စီးပွားရေးလုပ်ငန်းများ (ပြည်တွင်းနှင့်ပြည်ပ)၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများတို့သည် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက် ရေး ရည်မှန်းချက်များနှင့် နိုင်ငံငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ကြရာတွင် မည်သို့ အတူတကွ ပူးပေါင်းလုပ် ဆောင်နေသည်၊ မည်သည့်အကြောင်းအချက်များက လုပ်ငန်းချင်း ထပ်တူဖြစ်နေသည်၊ ဝိရောဓိ ဖြစ်နေကြသည် တို့ ကိုလည်း နားလည်အောင်ကြိုးပမ်း ဖော်ပြထားပါသည်။


လက်ရှိ ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် ဆက်လက်ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများအကြား ဝိရောဓိဖြစ်နေရ သည့် အခြေအနေများသည်၊ ဆိုရလျှင် ဈေးကွက်နှင့် အဆင့်ဆင့်သော အုပ်ချုပ်ရေးနယ်ပယ်များတွင် စစ်တပ်က လွှမ်းမိုးချယ်လှယ်နေသည့် အခြေအနေကြောင့်ဟု ဆိုနိုင်ပါသည်။ စစ်တပ်၏ အထူးခွင့်ပြုအာဏာကြောင့် သူ၏ အမိန့်နာခံမှု စနစ်အတိုင်း စီးဆင်းနေနိုင်ပြီး၊ သို့အတွက်ကြောင့်ပင် မကြာခဏ ဆိုသလို အစိုးရ၏ လုပ်ဆောင်ချက်များနှင့် ဆန့်ကျင်ဖက်များ ဖြစ်ပေါ်နေရပါသည်။ ဤအခြေအနေကြောင့် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော ငြိမ်းချမ်းရေးစာချုပ်များ အသက်ဝင်အောင် အကောင်အထည်ဖော်ရေး၌ အကြီး အကျယ် အခက်အခဲ ဖြစ်နေစေပါသည်။ ထိုမျှမက သမ္မတဦးသိန်းစိန်၏ ရည်မှန်းချက်ကြီးမားသည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ အကောင်အထည်ဖော်ရန်အတွက်လည်း ပြဿနာများ ဖြစ်စေပါသည်။ ပြဿနာကိစ္စများစွာအနက် အာဏာခွဲဝေပေးရေးနှင့် စီးပွားရေးအရ မျှတစေရေးအတွက်ဆိုလျှင် စစ်တပ်ကို ပြုပြင်ပြောင်းလဲရေးသည်လည်း အရေးတကြီး ဆုံးဖြတ်ချက် ချမှတ်လုပ်ကိုင်ရမည့် ကိစ္စပင် ဖြစ်ပါသည်။ သို့မှသာ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကို အလျှင်အမြန် ရရှိနိုင်မည် ဖြစ်ပါသည်။

# စီးပွားရေးအရ နစ်နာချက် (၁)။ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများကြောင့် စစ်တပ်အင်အား တိုးချဲ့ချထားခြင်း နှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်ခြင်း။

## ပြဿနာများ၏ နောက်ခံအကြောင်း

အကြီးစားစီးပွားရေးစီမံကိန်းကြီးများ အနီးတွင် အစိုးရက လုံခြုံရေးတိုးမြှင့်ရန် အကြောင်းသည်၊ အဆုံးအဖြတ်ပေးသည့် အချက်ဖြစ်ပြီး၊ ဤအချက်ကြောင့်ပင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် တိုက်ပွဲများ အသစ်တဖန် ပြန်၍ ဖြစ်ပေါ်လာရပါသည်။ KIA တပ်ဖွဲ့များနှင့် မြန်မာအစိုးရ စစ်တပ်တို့ တာပိန်မြစ်ပေါ်တွင် တည်ဆောက်ထားသည့် ဆန်းဂန်း ရေအားလျှပ်စစ်စက်ရုံအနီး တိုက်ပွဲများ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် ဖြစ်ပွားလာချိန်မှစ၍ ၁၇-နှစ်ကြာ တည်မြဲခဲ့သော အပစ်အခတ်ရပ်စဲရေးလည်း ပျက်ပြယ်သွားရပါတော့သည်။ KIA ကလည်း ၎င်းနေရာများမှ အခြေခံစစ်စခန်းများဆုတ်ခွာပေးရန် အစိုးရ၏ တောင်းဆိုချက်ကို အကြိမ်ကြိမ်ငြင်းပယ် အာခံခဲ့ပါသည်။ ဤသို့ အကြီးစားစီမံကိန်းများသည် တိုင်းရင်းသားတပ်ဖွဲ့များနှင့် အစိုးရတို့ အကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ ရရှိခဲ့သည့် ၁၉၈၀ ခုနှစ် နှောင်းပိုင်းကာလများနှင့် ၁၉၉၀ ခုနှစ် နှစ်လယ်ပိုင်းကာလတွင် တည်ဆောက်ခဲ့ပါသည်။ ၎င်းစီမံကိန်းများကို လုံခြုံရေးပေးနိုင်ရန်အတွက် အစိုးရစစ်တပ် တိုးချဲ့ချထားမှုများလည်း အများအပြား ရှိလာခဲ့သည်။ ကချင်ဖွံ့ဖြိုးရေးကွန်ယက်အဖွဲ့ (KDNG) ၏ အဆိုအရ ကချင်ပြည်နယ်အတွင်း မြန်မာစစ်တပ်များသည် ၁၉၉၄ ခုနှစ်တွင် ခြေလျင်တပ်ရင်း ၂၆ ရင်းမှ၊ ၂၀၀၆ ခုနှစ်တွင် တပ်ရင်း ၄၁ ရင်း၊ ၂၀၁၁ ခုနှစ်တွင် တပ်ရင်း ၁၀၀ အထိ တိုးလာခဲ့သည်ဟု ဆိုပါသည်။ ၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးပြီး နောက်ပိုင်းတွင်လည်း သူတို့၏ ဒေသများတွင်လည်း မြန်မာစစ်တပ်များ တိုးချဲ့ချထားလာနေကြောင်းကိုလည်း အခြားအုပ်စုတစ်ခု ဖြစ်သည့် ကရင်အမျိုးသား အစည်းအရုံး (KNU) က စောဒကတက်မှုများ ရှိနေပါသည်။ အပစ်အခတ်ရပ်စဲရေး အုပ်စုအများမှာ အစိုးရ တပ်များနှင့် မကြာခဏ ဆိုသလို ထိတွေ့တိုက်ပွဲများ ရှိတတ်ကြပြီး၊ ဆည်တည်ဆောက်မည့် ဒေသများမှ သူတို့၏ အခြေခံစခန်းများ မဆုတ်ခွာ ပေးလိုသည့် အကြောင်းများကြောင့် တိုက်ပွဲများ ပြန်ဖြစ်တတ်ပါသည်။ ဇယား (၁) တွင် ဖွံ့ဖြိုးရေး စီမံကိန်းများကြောင့်၊ သို့မဟုတ် တစ်နည်းတစ်ဖုံ သက်ဆိုင်၍ ဖြစ်ရသော တိုက်ပွဲများကို ဖော်ပြထားပါသည်။

တိုက်ပွဲများကို မြေပုံထုတ်ကြည့်ရာ၊ မဟာဗျူဟာအရ အရေးပါသည့် နေရာများ (ဥပမာ- ရေအားလျှပ်စစ် စီမံကိန်းနှင့်နီးစပ်သည့်နေရာများ၊ ရခိုင်ပြည်နယ်မှ ရှမ်းပြည်နယ်ကို ဖြတ်၍ သွယ်တန်းဖောက်လုပ်ထားသည့် ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်း)နှင့် ခိုင်မာစွာ သက်ဆိုင်ဆက်စပ်မှု ရှိနေသည်ကို ဖော်ပြနေပါသည်။ တိုက်ပွဲ အပြင်းထန်ဆုံး ဖြစ်ပွားရာနေရာများမှာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းဖြတ်သန်းရာနှင့် ဆည်များ တည်ဆောက်သည့်နေရာ အနီး၊ ရှမ်းပြည်မြောက်ပိုင်းဒေသများတွင် ဖြစ်ကြောင်း တွေ့ရှိရပါသည်။ သံလွင်မြစ် အောက်ပိုင်းတွင်လည်း ရံဖန်ရံခါဆိုသလို တိုက်ပွဲများ ဖြစ်ပေါ်လေ့ရှိပါသည်။


INDIA
CHINA
BANGLADESH
LAOS
THAILAND
Malikha River
Maykha River
Chindwin River
Irrawaddy River
ShweLi River
Myitnge River
Mekong River
Salween River
Kaladan River
Paung Laung River
Irrawaddy River
သဘာဝအရင်းအမြစ်နှင့် ပဋိပက္ခဖြစ်ပွားရာပြမြေပုံ
တည်ဆောက်မည့်အကြီးစားဆည်
တည်ဆောက်ဆဲ အကြီးစားဆည်
ရေနံနှင့် သဘာဝဓါတ်ငွေ့တူးဖော်ရေးလုပ်ငန်း
စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း
စီးပွားဖြစ်သစ်ထုတ်လုပ်ရေးလုပ်ငန်း
အဆိုပြုစက်မှုဇုန်
တည်ဆောက်ဆဲ စီးပွားရေးဇုန်
တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်း
ရွှေတူးဖော်ရေးလုပ်ငန်း
ပဋိပက္ခဖြစ်ပွားရာဒေသ

ဇယား ၁။ ဖွံ့ဖြိုးရေးနှင့် စီးပွားရေး စီမံကိန်းကြီးများအနီး ဖြစ်ပွားသော တိုက်ပွဲများ

| | **စီးပွားရေးစီမံကိန်းများ** | **မြို့နယ်** | **ဖော်ပြချက်** |
|---|---|---|---|
| DKBA | ၁။ ဆည်များနှင့် လမ်းများ တည်ဆောက်ခြင်း<br>၂။ ရွှေတွင်းများ<br>၃။ ဟတ်ကြီး ရေအား လျှပ်စစ်စီမံကိန်း<br>၄။ မြဝတီအထူးစီးပွားဇုန် | ဖာပွန်၊ လှိုင်းဘွဲ့၊ ကော့ကရိတ်၊ မြဝတီ | DKBA အဖွဲ့နှင့် ကရင်နယ်ခြားစောင့်တပ်တို့ ဆည်အနီး၊ ရွှေတွင်း နှင့် လမ်းဖောက်လုပ်ရေးဒေသများ အနီးတွင် တိုက်ပွဲဖြစ်ပွားသည်။ DKBA အဖွဲ့ကနယ်ခြားစောင့်တပ်ဖွဲ့ BGF နှင့်မြဝတီ အထူး စီးပွားရေးဇုန်အနီးတွင်လည်း မြေကိစ္စနှင့်ပတ်သက်၍ နယ်မြေ အငြင်းပွားမှုများ ရှိနေသည်။<br>၂၀၀၆ ခုနှစ်တွင် မြေမြုပ်မိုင်းကြောင့် ကုမ္ပဏီဝန်ထမ်း ထိခိုက်ဒဏ်ရာရခဲ့ပြီးနောက်၊ ဟတ်ကြီးရေအားလျှပ်စစ် စီမံကိန်းရပ်တန့်နေခဲ့သည်။<br>၂၀၀၉ ခုနှစ်တွင် အစိုးရစစ်တပ်နှင့် DKBA တို့က ဟတ်ကြီးဆည် တည်ဆောက်မည့်နေရာ အနီးတွင် KNU ကို တိုက်ခိုက်ခဲ့ပြီး၊ တိုက်ပွဲများကြောင့် ကရင်ရွာသား ၄၀၀၀ ခန့် သူတို့၏ကျေးရွာများမှ ထွက်ပြေးခဲ့ကြရသည်။<br>၂၀၁၃ ခုနှစ်၊ ဧပြီလတွင် BGF နယ်ခြားစောင့်တပ်ဖွဲ့နှင့် DKBA တို့ နယ်မြေ အငြင်းပွားမှုဖြင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ အချို့က အစိုးရစစ်တပ်၏ ကြံစည်မှုဟု ယူဆကြသည်။ အကြောင်းမှာ ၎င်းဒေသတွင် ၂၀၁၃ ခုနှစ် မေလ ၄ ရက်နေ့က ဆည်အနီး အခြေ စိုက်စခန်းများကို ဖယ်ရှားပေးရန် ငြင်းဆန်သောကြောင့် DKBA နှင့် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ |
| KIA | ၁။ တာပိန်မြစ်ပေါ်ရှိ ဆန်းဂန်း ရေအားလျှပ်စစ် စီမံကိန်း<br>၂။ မြစ်ဆုံဆည်<br>၃။ တနိုင်းမြို့နယ်ရှိ စိုက်ပျိုးရေးစီးပွားဖြစ် လုပ်ငန်း<br>၄။ ချီဖွေဆည်များ<br>၅။ ပူတာအိုရှိသစ်ထုတ် လုပ်ငန်းများ<br>၆။ ကျောက်စိမ်းတွင်းများ<br>၇။ ဧရာဝတီမြစ်ကြောင်း တစ်လျှောက် (အထူး သဖြင့် ရွှေတွင်းများ) | မချမ်းဘော၊ ပူတာအို၊ ဝိုင်းမော်၊ မိုးမောက်၊ ဗန်းမော်၊ မိုးကောင်းမြို့နယ် များ | ကချင်ပြည်နယ်၊ တပိန်မြစ်အပေါ်ရှိ ဆန်းဂန်း ရေအား လျှပ်စစ်စီမံကိန်းအနီးတွင် အစိုးရစစ်တပ်များက KIA စခန်းကို ဆုတ်ခွာခိုင်းရာ ငြင်းဆန်သောကြောင့် တိုက်ပွဲများဖြစ်ခဲ့သည်။ ဤသို့ဖြင့် ၁၉၉၄ ခုနှစ်တွင် လက်မှတ် ရေးထိုးခဲ့သည့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လည်း ကျိုးပျက်ခဲ့ရသည်။<br>မြစ်ဆုံဆည်သာ တည်ဆောက်ပြီးပါက၊ သူတို့က စစ်ရေးအရ လှုပ်ရှားနယ်မြေများ အကန့်အသတ်ဖြစ် လာမည်ဟု KIO က စောဒက တက်သည်။<br>ဖားကန့်ကျောက်စိမ်းတွင်းနှင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်တွင် တိုက်ပွဲများအကြီးအကျယ် ဖြစ်ပွားသည်။<br>ချီဖွေဆည်အနီး ပူတာအိုခရိုင်၊ မချမ်းဘောမြို့နယ်တွင် တိုက်ပွဲများ ဖြစ်ပွားသည်။ ထိုနေရာတွင် သူဌေးကြီးဦးတေဇ၏ သစ်ထုတ်လုပ်ငန်းများနှင့် တနိုင်းမြို့နယ်တွင် ယုဇနကုမ္ပဏီ၏ စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ ရှိနေကြသည်။ |

| | | | |
|---|---|---|---|
| KNPP | ၁။ ရွာသစ်ဆည်<br>၂။ လောပီတရေအား လျှပ်စစ် စီမံကိန်း<br>၃။ မော်ချီးခဲသတ္တုမိုင်း | ရှားတော၊ ဘော်လခဲမြို့နယ် | သူတို့ဒေသတွင် ဆည်တည်ဆောက်မှုကြောင့် ဒေသခံ ကရင်နီ ပြည်သူများက ကာလကြာမြင့်စွာကပင် မကျေမနပ် ရှိနေခဲ့ကြသည်။ မြို့ကြီးများသို့ လျှပ်စစ်မီး ပေးရန်ဖြစ်ပြီး၊ သူတို့ပြည်နယ် အတွက် ထုတ်လုပ်ခြင်း မဟုတ်ပေဟု ခံစားနေရသည်။ KNPP က အစိုးရနှင့် ၂၀၁၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု မရရှိခင်၌ ဓာတ်အားကြိုးလိုင်း များကို ဗုံးခွဲရန်ကြိုးပမ်းခဲ့ဖူးသည်။<br>KNPP က သံလွင်မြစ်ပေါ်ရှိ ရွာသစ်ဆည်ကိုလည်း ကန့်ကွက်နေခဲ့သည်။ ကယားပြည်နယ် တောင်ပိုင်းတွင် တည်ရှိပြီး၊ တည်ဆောက်ရေးအပေါ် စောင့်ကြည့် လေ့လာရေးအဖွဲ့ ထားရှိနိုင်ရန် ညှိနိုင်းမှုများ ပြုနေသည်။ ၎င်းဆည်ကြောင့် ဒေသခံပြည်သူများအပေါ် ထိခိုက် နစ်နာစေမည် ဖြစ်ပြီး၊ သူတို့၏ လက်နက်ကိုင် လှုပ်ရှားမှု အပေါ်လည်း အကန့်အသတ် ဖြစ်လာစေမည်ဟု ဆိုနေ သည်။<br>မော်ချီးခဲသတ္တုမိုင်းအနီးတွင် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့၌ တိုက်ပွဲ ဖြစ်ပွားခဲ့သည်။ ၎င်းနေရာတွင် KNPP၊ KNPLF (ကလလတ) နှင့် စစ်တပ်ပိုင် ဦးပိုင်ကုမ္ပဏီ (UMEHL) တို့ အကျိုးစီးပွားများ ရှိနေကြသည်။ |
| KNU | ၁။ ဝဲကြီးဆည်<br>၂။ ဟတ်ကြီးဆည်<br>၃။ ဒါးကွင်းဆည်<br>၄။ လမ်းဖောက်လုပ်ရေး လုပ်ငန်းများ | လှိုင်းဘွဲ၊ ကော့ကရိတ်၊ ဖာပွန်၊ ဘားအံမြို့နယ်များ | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၆ ရက်နေ့တွင် KNU တပ်မဟာ-၅ နှင့် ကရင်နယ်ခြားစောင့်တပ်ဖွဲ့များအကြား ဖာပွန်ခရိုင်၊ ဒါးကွင်းနှင့် ဟတ်ကြီးဆည် တည်ဆောက် မည့်နေရာအနီးတွင် တိုက်ပွဲဖြစ်ပွားသည်။<br>KNU တပ်မဟာ-၇ တပ်ဖွဲ့များနှင့် အစိုးရစစ်တပ်တို့ ဟတ်ကြီးဆည်တည်ဆောက်ရေးနှင့် မဝေးလှသည့် လှိုင်းဘွဲမြို့နယ် အနီး တွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၂ ရက်နေ့တွင် တိုက်ပွဲဖြစ်ပွားသည်။<br>၂၀၁၂ ခုနှစ် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရယူပြီး များမကြာမီ၌ ဘားအံနှင့် မြဝတီအနီး လမ်း ဖောက်လုပ်ရေး နေရာများတွင် တိုက်ပွဲဖြစ်ပွားသည်။<br>မြန်မာတပ်မတော်က ကရင်ပြည်နယ်အတွင်း အပစ် အခတ်ရပ်စဲရေးကာလအတွင်း၌ စစ်တပ်များတိုးချဲ့ ချထားလာနေကြောင်း KNU က စောဒကတက်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများသည် ဒေသသိမ်းပိုက်ရေး ရည်ရွယ်ချက်ဖြစ်ကြောင်း KNU တပ်မဟာများက ယုံကြည်နေကြသည်။ |
| RCSS/SSA | ၁။ တာဆန်းဆည်<br>၂။ မိုင်းရှူးပတ္တမြားတွင်း<br>၃။ သစ်ထုတ်လုပ်ရေး ဒေသများ | မိုင်းတုံ၊ မိုင်းရှူး၊ လဲချား၊ လင်းခေး၊ ကွန်ဟိန်း၊ မိုင်းပန် | RCSS တပ်ဖွဲ့သည် ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်နေ့ ၌ အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးခဲ့သော်လည်း ရှမ်းပြည်နယ်တောင်ပိုင်း၊ တာဆန်းဆည် တည်ဆောက် မည့်နေရာအနီးတွင် တိုက်ပွဲများ မကြာခဏ ဖြစ်ပွားခဲ့ သည်။ ထို့အပြင် မိုင်းရှူးပတ္တမြားတွင်းရှိရာနှင့် သစ်ထုတ် |

| | | | |
|---|---|---|---|
| | | | လုပ်ငန်းများရှိရာ ကွန်ဟိန်းနှင့် လဲချားမြို့နယ်များတွင်လည်း တိုက်ပွဲများ ဖြစ်ပွားသည်။<br>RCSS တပ်ဖွဲ့များနှင့် UWSA တို့အကြား သူတို့၏ စီးပွားဖြစ်စိုက်ခင်းများရှိရာနေရာ အနီးတဝိုက်ဒေသများတွင်လည်း တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ ရာဘာ စိုက်ခင်းများရှိရာ မိုင်းတုံနှင့် မိုင်းပန်ဒေသများတွင်လည်း တိုက်ပွဲများဖြစ်သည်။ |
| SSPP/SSA | ၁။ ရွှေလီဆည်များ<br>၂။ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း<br>၃။ တာဆန်းဆည်<br>၄။ မိုင်းရှူးပတ္တမြားတွင်းများ | နမ့်ခမ်း၊ ကွတ်ခိုင်၊ သီပေါ၊ လားရှိုး၊ မူဆယ်၊ မိုင်းရှူး မြို့နယ်များ | SSPP/SSA တပ်ဖွဲ့များနှင့် အစိုးရတပ်များအကြား ရှမ်းပြည်နယ် မြောက်ပိုင်းဒေသများတွင် မကြာခဏ တိုက်ပွဲများ ဖြစ်ပွားသည်။ ရွှေလီဆည်နှင့် ရွှေဓာတ်ငွေ့/ရေနံပိုက်လိုင်းများ တည်ရှိရာနေရာများတွင်လည်း တိုက်ပွဲများ ဖြစ်သည်။<br>မြန်မာ့တပ်မတော်က SSPP တပ်ဖွဲ့များကို တာဆန်းဆည်အနီးရှိ ၎င်းတို့အခြေခံစစ်စခန်းများမှ ဆုတ်ခွာပေးရန် တောင်းဆိုခဲ့ပြီး၊ SSPP က ငြင်းဆန်ခဲ့သောကြောင့်၊ ၂၀၁၂ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ရယူထားသော်လည်း တိုက်ပွဲများဆက်၍ ဖြစ်ပွားနေခဲ့သည်။ အကယ်၍ မြန်မာ့တပ်မတော်က ရိုးသားပါလျှင်၊ ယုံကြည်မှု အမှန်တကယ် တည်ဆောက်လိုပါလျှင် သူတို့လှုပ်ရှားရာဒေသများမှ မြန်မာစစ်တပ်များ ရုတ်သိမ်းပေးရန် SSPP က တောင်းဆိုထားသည်။<br>မြန်မာ့တပ်မတော် နှင့် SSPP တို့အကြား ပတ္တမြားတွင်းများရှိရာ မိုင်းရှူးမြို့နယ်တွင်လည်း ၂၀၁၃ ခုနှစ်၊ ဇူလိုင် ၁၀ ရက်နှင့် ၂၀၁၂ ဖွန်လများတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။ |
| TNLA | ၁။ ရွှေလီဆည်များ<br>၂။ သဘာဝဓာတ်ငွေ့ ပိုက်လိုင်း | နမ္မတူ၊ နမ်ဆမ်၊ မန်တုံ၊ ကွတ်ခိုင်၊ မူဆယ်၊ ကျောက်မဲ၊ နမ့်ခမ်းမြို့နယ်များ | ရွှေလီရေအားလျှပ်စစ်စီမံကိန်းနှင့် ရွှေဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း စီမံကိန်းတို့က TNLA လှုပ်ရှားရာဒေသ ရှမ်းပြည်နယ်မြောက်ပိုင်းကို ဖြတ်သန်းသွားသည်။ ဤနေရာ ၂-ခုတွင် အပြင်းထန်ဆုံး တိုက်ပွဲများ ဖြစ်ပွားနေပြီး၊ ဤအုပ်စုနှင့် အစိုးရအကြား အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ မရရှိသေးပါ။<br>သူတို့၏ နယ်မြေအတွင်း စစ်တပ်များရှိနေခြင်းသည် အစိုးရက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းလိုသည့်အတွက်ဟု ရှုမြင်နေကြသည်။ TNLA ကဤဒေသများအတွင်း ဘိန်းပပျောက်ရေး ဆောင်ရွက်စဉ်တွင် မကြာခဏဆိုသလို ဘိန်းစိုက်သော ပြည်သူ့စစ်တပ်ဖွဲ့များနှင့် တိုက်ပွဲများ ဖြစ်ပွားတတ်သည်။ |

ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် ဒေသခံပြည်သူများ မကျေနပ်မှုနှင့် မြေယာသိမ်းပိုက်မှုများကြောင့်လည်း လက်နက်ကိုင်တိုက်ပွဲများ မဟုတ်သော်လည်း အကြမ်းဖက်မှုများ ဖြစ်ပေါ်တတ်သည်။ ဥပမာအားဖြင့်- ဗုံးဖြင့် တိုက်ခိုက်မှုများ၊ သို့မဟုတ် လူအင်အားဖြင့် အကြီးအကျယ် ဆန္ဒပြပွဲများ ဖြစ်သည်။

ဇယား ၂။ စီးပွားရေးစီမံကိန်းများကြောင့် ဖြစ်သော အကြမ်းဖက်မှုများနှင့် မြေယာသိမ်းပိုက်မှုများ

| | | |
|---|---|---|
| ၂၀၁၀ ဧပြီလ ၁၇ | မြစ်ဆုံဆည် | အေရှားဝေါလ်ကုမ္ပဏီရုံးရှေ့တွင် ဗုံး ၄ လုံး ဆက်တိုက်ပေါက်ကွဲသည်။ အခြားကျေးရွာ ၂ ခုတွင်လည်း နောက်ထပ် ဗုံး ၁၀ လုံး ပေါက်ကွဲသည်။ ကချင်သတင်းဌာန၏ အဆိုအရ လူ ၄ ဦးသေဆုံး၊ ၁၂ ဦးဒဏ်ရာ ရရှိသည်။ မဇ္ဈိမသတင်း အဆိုအရမူ သေဆုံးသူ မရှိဘဲ၊ တရုတ်အလုပ်သမား တစ်ဦးသာ ဒဏ်ရာ ရရှိသွားခဲ့သည်။ |
| ၂၀၁၁ မေလ | တာဆန်းဆည် | တာဆန်းဆည် တည်ဆောက်ရေးလုပ်ငန်းရှိ တရုတ်အလုပ်သမားအချို့ အမည်မသိ သေနတ်သမားများ၏ ပြန်ပေးဆွဲခံရသည်။ RCSS/SSA တပ်ဖွဲ့က ပြန်လည်ကယ်တင်ခဲ့သည်။ ထိုအချိန်မှစ၍ စီမံကိန်းနေရာတွင် လုံခြုံရေး ပိုမိုတင်းကျပ်လာခဲ့သည်။ |
| ၂၀၁၂ နိုဝင်ဘာလ ၂၉ | လက်ပံတောင်း ကြေးနီသတ္တုမိုင်း | ရန်ကုန်၊ မန္တလေး အပါအဝင် နိုင်ငံ၏အခြားဒေသများမှ ပြည်သူများ ပူးပေါင်း၍ ဆန္ဒပြပွဲ အကြီးအကျယ် ဖြစ်ပွားခဲ့သည်။ အစိုးရ၏တရားဝင် ထုတ်ပြန်ချက်အရ ရဲများက ဆန္ဒပြသူများ၏ သပိတ်စခန်းကို ဖြိုခွဲရာတွင် ဖော့စဖရပ်ပါဝင်သော မီးခိုးဗုံးကို အသုံးပြုခဲ့သည်ဟုဆိုသည်။ ဘုန်းတော်ကြီး ၉၉ ပါးနှင့် ရွာသား ၁၀ ဦး ဒဏ်ရာရရှိသည်။ ထင်ရှားသည့် တက်ကြွလှုပ်ရှားသူ ဒေါ်နော်အုန်းလှ အပါအဝင် ဆန္ဒပြသူ တစ်ဒါဇင်ကျော် လည်း ဖမ်းဆီးထောင်ချခံခဲ့ရသည်။ |
| ၂၀၁၃ ဧပြီလ | ကျောက်ဖြူစီမံကိန်း | ၂၀၁၃ ခုနှစ်၊ ဧပြီလမှစ၍ ဆန္ဒပြသူခေါင်းဆောင် ၂၇ ဦးကို ပုဒ်မ ၁၈ ဖြင့် စွဲချက်တင်ထားသည်။ လူ ၅၀၀ ကျော်က တရုတ်နိုင်ငံပိုင် CNPC ကုမ္ပဏီကို ဆန္ဒပြခဲ့ကြသည်။[1] |
| ၂၀၁၃ မေလ ၁၆ | PNO ကဖွဲ့စည်းသည့် ပြည်သူ့စစ်များနှင့် မြေယာသိမ်းပိုက်မှုများ | ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင် မောက်ဆန်ကျေးရွာရှိ NLD ရုံးကို PNO ကဖွဲ့စည်းပေးထားသည့် ပြည်သူ့စစ် လက်နက်ကိုင် ၃၀ ကျော်က ဝိုင်းရံထားခဲ့သည်။ မောက်ဆန်ကျေးရွာတွင် ပြည်သူ့စစ်များက မြေဧက ၅၀၀ ကျော်သိမ်းပိုက်သည်ကို NLD က စည်းရုံးဆန္ဒပြပြီးနောက် ဤသို့ ဝိုင်းရံပိတ်ဆို့ခံခဲ့ရခြင်း ဖြစ်သည်။ ပြည်သူ့စစ်လက်နက်ကိုင်များက ဤသိမ်းပိုက်ထားသည့်မြေပေါ်တွင် ဆန့်ကျင်၍ ထွန်ယက်ကြသူ ရွာသားများကိုလည်း ဖမ်းဆီးခဲ့သည်ဟု သတင်းများက ဆိုသည်။ |
| ၂၀၁၃ ဇွန်နှင့် ဇူလိုင်လ | မြေသိမ်းပိုက်မှုများကြောင့် ဧရာဝတီမြစ်ဝကျွန်းပေါ် တဝှမ်း ဆန္ဒပြပွဲများ | မြစ်ဝကျွန်းပေါ်ဒေသ မြို့နယ် ၁၃ ခုတွင် ဆန္ဒပြကြသည့် လယ်သမား ၅၀၀ ကျော်ကို တရားစွဲဆိုခဲ့သည်။ ၎င်းလယ်သမားများက စီးပွားရေး စီမံကိန်း များအတွက် လယ်သိမ်းဆည်းခံရသည်ကို မကျေနပ်၍ ဆန္ဒပြကြခြင်း ဖြစ်သည်။ လူ ၂၀ ကျော် မှာ ထောင်ချ၊ ဒဏ်ငွေရိုက်ခံရသည်။ ဇွန်နှင့် ဇူလိုင်လများတွင် ထိုသူတို့က သိမ်းဆည်းထားသောမြေပေါ်တွင် ထွန်တုံး တိုက်ပွဲဆင် ဆန္ဒပြခဲ့ကြသည်။ |
| ၂၀၁၃ ဖေဖော်ဝါရီ ၂၆ ရက် | မလက်တို မြေပြဿနာ | ရဲတစ်ဦးသေဆုံး၊ ရဲ ၂၇ ဦး ဒဏ်ရာရရှိပြီး၊ ဆန္ဒပြသူ ၁၉ ဦး ဒဏ်ရာရရှိ သည့် ရှန်းရင်းဆန်ခတ်မှုမှာ သိမ်းဆည်းထားသောမြေများ ပြန်လည် ရရှိရေး ဆန္ဒပြပွဲပြီးနောက် ဖြစ်ပွားခဲ့သည်။ စစ်တပ်က ၎င်းတို့ သိမ်းဆည်း ထားသော မြေများကို စီးပွားရေးလုပ်ငန်းရှင်တဦးထံ ရောင်းချခဲ့သည်။ |

[1] http://www.mizzimaburmese.com/news/inside-burma/14054-2013-09-13-03-46-05.html

| | | |
|---|---|---|
| ၂၀၁၃ စက်တင်ဘာ ၉ ရက် | အီတာလီယံ-ထိုင်း ထားဝယ်စီမံကိန်း | ထားဝယ်မြို့ အရှေ့ဖက်၊ ကောထီးလော (သပြုချောင်းကျေးရွာ) မှ ရွာလူထုများက လမ်းကိုပိတ်၍ အီတလီ-ထိုင်း ဖွံ့ဖြိုးရေးကုမ္ပဏီ (ITD) ကို ဆန္ဒပြခဲ့ကြသည်။ လမ်းဖောက်လုပ်သောကြောင့် ပျက်စီးမှုများအပေါ် ကတိပေးထားသည့် လျော်ကြေးများ မရရှိ၍ ဤသို့ဆန္ဒပြကြခြင်း ဖြစ်သည်။ စက်တင်ဘာလကုန်ပိုင်းက ပျက်စီးထိခိုက်နစ်နာရသည့် ရွာသား ၃၀ ကို လျော်ကြေးပေးရန် ရွာလူထုများက ကျပ်သန်း ၄၀၀ (အမေရိ ကန်ဒေါ်လာ ၄၀၀,၀၀၀ ခန့်) တောင်းဆိုကြသည်။ |
| ၂၀၁၃ စက်တင်ဘာ ၁၉ ရက် | နေပြည်တော် မြေအငြင်းပွားမှု၊ ဝဲကြီးကျေးရွာ ပုဗ္ဗသီရိမြို့နယ်။ | ဆန္ဒပြပွဲစီစဉ်သည့် NLD အဖွဲ့ဝင်တစ်ဦးကို ရဲများက ဖမ်းဆီးရန်ကြိုးပမ်းစဉ် ရွာသားများက ရဲများကို တိုက်ခိုက်ခဲ့ကြသည်။ ပြန်ကြားရေးဝန်ကြီးဌာနက သိမ်းဆည်းထားသည့် ၎င်းတို့၏မြေပေါ်တွင် လယ်သမားများက ထွန်တုံး တိုက်ပွဲဖြင့် ဆန္ဒပြကြသည်။ ရဲ ၃ ဦးနှင့် ရွာသား ၅ ဦးမှာ ဆိုးရွားစွာ ဒဏ်ရာရရှိသည်။ |

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်ဖွဲ့များ (NSAGs) များနှင့် စစ်တပ် အကြား ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးမှုများနှင့် လိုက်နာရမည့် ကျင့်ထုံးများ ချမှတ်ခြင်း

စစ်တပ်များ နေရာချထားခြင်း ပြဿနာကို ဖြေရှင်းနိုင်ရန်နှင့် အစိုးရနှင့် အစိုးရမဟုတ်သော လက်နက်ကိုင် အင်အားစုများ (NSAGs) တိုက်ပွဲများကို ရှောင်ရှားနိုင်ရန် နှစ်ဖက်အဖွဲ့များက ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပြဿနာ၊ အငြင်းပွားမှုများကို ဖြေရှင်းကြပါသည်။ နှစ်ဖက်လိုက်နာရမည့် ကျင့်ဝတ် (code of conduct) ကိုလည်း ဆွေးနွေးခဲ့ကြပါသည်။ သို့သော်လည်း ယခုတိုင် ထိန်းချုပ်/လှုပ်ရှားဒေသနှင့် ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်နိုင်ရန် အခက်အခဲ ရှိနေဆဲ ဖြစ်ပါသည်။ ထို့အပြင် စာရွက်ပေါ်တွင် လက်မှတ်ရေးထိုးထားသော သဘောတူညီချက်ကိုလည်း သက်ဝင်လာအောင် စည်းကြပ်ရေး၌ ပြဿနာ ရှိနေပါသေးသည်။

လက်ရှိတွင် အပစ်အခတ်ရပ်စဲရေး လက်မှတ်ရေးထိုးထားသော အစိုးရ၏ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့နှင့် တပ်မတော် တပ်မှူးများအကြား ပြဿနာ ရှိနေပါသည်။ တပ်မှူးများမှာ သူတို့၏ ရည်ရွယ်ချက်များအတိုင်း ဆက်လက်အကောင် အထည်ဖော်နေကြပြီး၊ ဥပဒေနည်းကျ အုပ်ချုပ်မှုထက်စာလျှင် အမိန့်ဖြင့် သူတို့ကို အုပ်ချုပ်ထားခြင်း ဖြစ်သည်။ အစိုးရ မဟုတ်သည့် လက်နက်ကိုင်အင်အားစုများနှင့် အစိုးရတပ်မှူးများ ဆက်သွယ်မှု ရရှိနိုင်အောင် ကြိုးပမ်းခဲ့ကြသည်။ KNU ကဲ့သို့သော အဖွဲ့မျိုးတွင် အောင်မြင်မှု ရရှိပါသည်။ သို့သော်လည်း ရှမ်းပြည်နယ်တွင် ရှိနေသည့် တိုင်းရင်းသားလက်နက်ကိုင် တပ်များမှာ ပုဂ္ဂိုလ်ရေးပြဿနာများ ကြောင့် အောင်မြင်မှု မရကြပါ။ သို့မဟုတ် စစ်ဌာနချုပ်မှနေ၍ ခုခံ မလိုက်လျောမှုများ ရှိနေပါသည်။

အင်အားစုများ အချင်းချင်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန် စွပ်စွဲနေကြပြီး၊ တိုက်ပွဲများ ဖြစ်ပွားရသည့် အကြောင်းမှာလည်း အငြင်းပွားဆဲ ရှိပါသည်။ ဥပမာအားဖြင့်- ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၇-၈ ရက်နေ့ များတွင် ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC)နှင့် အစိုးရ၏ ငြိမ်းချမ်းရေး ဖော်ဆောင်မှု

အဖွဲ့တို့ တွေ့ဆုံဆွေးနွေးခဲ့ကြပြီး၊ ၎င်းအစည်းအဝေးအကြောင်းကို နိုင်ဟံသာက ဧရာဝတီသတင်းဌာနသို့ ပြန်ပြောပြရာ၌၊ အစိုးရကိုယ်စားလှယ်အဖွဲ့က ပြောရာတွင် တိုင်းရင်းသားတပ်ဖွဲ့များက အစိုးရ ကျောထောက်နောက်ခံ ပြုထားသည့် ပြည်သူ့စစ်လက်နက်ကိုင်တပ်ဖွဲ့များကို တိုက်ခိုက်မှုများကို ဆင်ခြင်ပါက၊ အစိုးရတပ်နှင့် တိုက်ပွဲများ ဖြစ်စရာ အကြောင်းမရှိဟု ဆိုပါသည်။ ဝန်ကြီးဦးအောင်မင်းက စစ်တပ်၏တောင်းဆိုချက် ၆-ချက်ဖြစ်သည့် ပြည်သူများကို မသတ်ဖြတ်ရ၊ အခွန်မကောက်ရ၊ စစ်သားသစ် မစုဆောင်းရ၊ အစိုးရ၏အုပ်ချုပ်ရေး ယန္တယားတွင် ဝင်ရောက်နှောက်ယှက်ခြင်း မပြုရနှင့် အစိုးရကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်တပ်ဖွဲ့များကို ရန်လို တိုက်ခိုက်ခြင်း မပြုရ ဆိုသည့် အချက် ၆ ချက်ကို ဆွေးနွေးပွဲတွင် ပြောဆိုခဲ့သည်။ ဆက်လက်ဖြစ်ပွားနေသော တိုက်ပွဲများအတွက် အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများက တာဝန်ယူရမည်ဟုလည်း အကြံပြုခဲ့သေးသည်။[2]

ယခုအခါ အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများ (NSAGs)များနှင့် အရပ်ဖက်လူမှု အဖွဲ့အစည်းများက ပဋိပက္ခများ ရှိနေသေးသည့်နေရာများတွင် အကြီးစားဖွံ့ဖြိုးရေးစီမံကိန်းများ ရပ်ဆိုင်းထားပါရန် တောင်းဆိုနေကြသည်။ ငြိမ်းချမ်းရေးခိုင်မာလာမှသာ၊ သို့မဟုတ် နိုင်ငံရေးအရ ဖြေရှင်းပြေလည်သည့်အခါမှသာ ပြန်လည်စတင်သင့်သည်ဟု ပြောဆိုကြသည်။ ယေဘုယျအားဖြင့် အစိုးရမဟုတ်သည့် လက်နက်ကိုင်တပ်များက သူတို့၏ဒေသများအတွင်း ဖွံ့ဖြိုးလာစေရန် အလိုရှိကြသော်လည်း၊ KNU နှင့် မွန်ပြည်သစ်ပါတီ (NMSP) တို့ကဲ့သို့သော အဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ဆောင်ရွက်ရန် စောလွန်းသေးသည်ဟု ယူဆကြသည်။ သို့သော်လည်း အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများတွင်လည်း မတူခြားနားချက်များ ရှိနေပြန်သည်။ ချင်းအမျိုးသားတပ်ဦး (CNF)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) တို့က ဆွေးနွေးပွဲများတွင် ဒေသဖွံ့ဖြိုးရေးကိစ္စများ တောင်းဆိုခဲ့ကြသည်။ (စီးပွားရေး နစ်နာချက်အကြောင်း- ၄ အတွက် အဖြေ-- ငြိမ်းချမ်းရေးဆွေးနွေးပွဲများနှင့် သက်ဆိုင်နေသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ကြည့်ပါ။)

[2] http://www.irrawaddy.org/archives/43660

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ စီးပွားရေး စီမံကိန်းများကြောင့် ဖြစ်သော အကြမ်းဖက်မှုများနှင့် မြေယာသိမ်း ပိုက်မှုများကို ဖြေရှင်းပေးခြင်း။

အဖြေများကို "စီးပွားရေးနစ်နာချက်အကြောင်း ၃-- မြေယာသိမ်းပိုက်မှုများ" နှင့် "စီးပွားရေး နစ်နာချက်အကြောင်း ၄-- ဖွံ့ဖြိုးရေးစီမံကိန်းများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး ထိခိုက် သက်ရောက်မှုများ" အခန်းတို့တွင် ကြည့်ပါ။

# စီးပွားရေးအရ နစ်နာချက် (၂)။ သဘာဝ အရင်းအမြစ်များအပေါ် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲခွင့်အာဏာ ကင်းမဲ့နေခြင်း။

## ပြဿနာ ၁။ သယံဇာတ ကျိန်စာ




မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ကျိန်စာသင့်နေရသည့် အကောင်းဆုံးသော နမူနာပုံစံ ဖြစ်နေပါသည်။ တိုင်းရင်းသားပြည်သူများမှာ တိုင်းရင်းသားဒေသများတွင် ရှိနေသည့် သယံဇာတရင်းမြစ်များကို ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့် အာဏာမရှိကြဘဲ ဖြစ်နေသည်။ သို့အတွက်ကြောင့်ပင် ဆင်းရဲမွဲတေမှု၊ ပဋိပက္ခများနှင့် ဖွံ့ဖြိုးမှုနှေးကွေးနောက်ကျခြင်းတို့ ဖြစ်နေကြရသည်။ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် အကြံပေးအဖွဲ့ (Accenture) တို့ ပူးပေါင်းထုတ်ဝေသည့် "မြန်မာနိုင်ငံအတွက် စွမ်းအင်ဆိုင်ရာ ဖွဲ့စည်းမှုအသစ်" (New Energy Architecture: Myanmar) ဟူသော ၂၀၁၃ ခုနှစ်၊ ဇွန်လထုတ် အစီရင်ခံစာတွင် ဖော်ပြထားချက်များအရ၊ မြန်မာနိုင်ငံတွင် သက်သေအထောက်အထား ရှိပြီးသော သဘာဝဓာတ်ငွေ့သိုက် ၈.၁ ထရီလီယံ ကုဗပေ နှင့် ခန့်မှန်း ၄၉၀ တန် သန်းပေါင်းရှိသည့် ကျောက်မီးသွေးတို့ ရှိနေပါသည်။ မြန်မာနိုင်ငံတွင် ရေနံလုပ်ကွက် ၃၇ ခုကို တူးဖော်လုပ်ကိုင်နေပြီး၊ ပြီးခဲ့သည့် နှစ်နှစ်တာကာလတွင် နောက်ထပ် လုပ်ကွက် ၆၆ ခုကို ကမ်းလှမ်းခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် (ရွှေ၊ ပလက်တီနမ်နှင့် ငွေ တို့အပါအဝင်) အဖိုးတန်သတ္တုသိုက်များ၊ စက်မှုလုပ်ငန်းဆိုင်ရာ သတ္တုများ (သံဖြူ၊ ခနောက်စိမ်း၊ သွပ်၊ ကြေးနီ၊ တန်စတင်၊ ခဲ နှင့် Rare earth)၊ အဖိုးတန် ကျောက်မျက်များ (ပတ္တမြား၊ နီလာ၊ ဥဿဖရား၊ ပုလဲ) နှင့် သစ်များ (ကျွန်းသစ်နှင့် သစ်မာများ) အပြင်၊ ကြွယ်ဝသည့် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောထွက်ကုန်များ ရှိနေသည်ဟု ဖော်ပြထားပါသည်။


ဒေသခံပြည်သူများကို ဤအခြေအနေတွင် အကျိုးအမြတ်များ ခွဲဝေပေးခြင်း မရှိဘဲ၊ မြေသိမ်းယူခြင်း၊ အဓမ္မ ရွှေ့ပြောင်းခိုင်းခြင်း၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင်/ ယဉ်ကျေးမှုများ ဖျက်ဆီးခြင်း စသည့်နည်းအားဖြင့်

အနစ်နာခံခိုင်းသည့်အခါ နာကျည်းမှုများ အမြင့်မားဆုံး အခြေအနေသို့ ဆိုက်ရောက်ရပါသည်။ ရေအားလျှပ်စစ်ကဲ့သို့သော စွမ်းအင်ထုတ်သည့်လုပ်ငန်းမျိုးတွင် ဒေသခံပြည်သူများမှာ လျှပ်စစ်မီး မရရှိဘဲ နေကြရပါသည်။ အလားတူပင် သူတို့ဒေသအတွင်း အကောင်အထည်ဖော်သော ရောမ ဖွံ့ဖြိုးရေးစီမံကိန်းများမှလည်း ဒေသခံပြည်သူများ တစ်ပြားတစ်ချပ်မှ အကျိုးခံစားခွင့် မရကြပါ။ ဤလုပ်ငန်းများ၏ နောက်ကွယ်တွင် ရှိနေသည့် အာဏာရှင်ဆန်ဆန် ပြုမူပြီး ဒေသခံပြည်သူများကို မလေးစားဘဲ၊ ပစ်ပယ်ထားလိုက်ကြသည်။ ထိုအခါ ဗဟိုအစိုးရအပေါ် ဒေသခံပြည်သူများနှင့် လက်နက်ကိုင် တိုင်းရင်းသားအုပ်စုများက မယုံသင်္ကာမှုများ၊ သံသယများ၊ မကျေနပ်မှုများ တိုး၍ ဖြစ်ပေါ်လာရသည်။ သို့အတွက်ကြောင့်ပင် တိုင်းရင်းသားပြည်သူများက သူတို့ဒေသအတွင်းရှိ သဘာဝသယံဇာတများကို ထိန်းချုပ်ခွင့်နှင့် စီမံခန့်ခွဲခွင့်အာဏာ တိုးမြှင့်တောင်းဆိုလာနေကြခြင်းဖြစ်သည်။ ဆင်းရဲမွဲတေမှု၊ လူငယ်များအတွက် အလုပ်အကိုင် အခွင့်အလမ်း မရှိခြင်း၊ ဤမတရားမှုများအပေါ် အမျိုးသားရေး စိတ်အခံထကြွလာခြင်း တို့ကြောင့် တိုင်းရင်းသားလူငယ်များကို တိုင်းရင်းသား သူပုန်တပ်ဖွဲ့တွင်းသို့ တွန်းပို့သကဲ့သို့ ဖြစ်နေစေသည်။ ရခိုင်တပ်မတော် တပ်မှူးတစ်ဦး၏ အဆိုအရ အစိုးရထံမှ သူ၏ အရေးအကြီးဆုံး တောင်းဆိုချက်မှာ သဘာဝအရင်းအမြစ်များအပေါ် မျှတစွာ ခွဲဝေခံစားခွင့်နှင့် ထိန်းချုပ်ခွင့်ပင် ဖြစ်သည်။ [3]

[3] ချင်းမိုင်တွင် ဆောင်ရွက်ခဲ့သည့် တွေ့ဆုံမေးမြန်းမှုမှ၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလ။


INDIA
CHINA
BANGLADESH
LAOS
THAILAND
Malikha River
Maykha River
Chindwin River
Irrawaddy River
Shweli River
Myitnge River
Mekong River
Salween River
Kaladan River
Paung Laung River
Irrawaddy River
သဘာဝသယံဇာတနှင့် အထူးစီးပွားရေးဇုန်ပြမြေပုံ
တည်ဆောက်မည့် အကြီးစားဆည်
တည်ဆောက်ဆဲ အကြီးစားဆည်
ရေနံနှင့် သဘာဝဓါတ်ငွေ့တူးဖော်ရေးလုပ်ငန်း
စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်း
စီးပွားဖြစ် သစ်နှင့် သစ်တောထွက်ပစ္စည်းထုတ်လုပ်ငန်း
အဆိုပြု စက်မှုဇုန်
တည်ဆောက်ဆဲ အထူးစီးပွားရေးဇုန်
တွင်းထွက်သယံဇာတတူးဖော်ရေးလုပ်ငန်း
ရွှေတူးဖော်ရေးလုပ်ငန်း

မြန်မာ့စီးပွားရေးတွင် သဘာဝသယံဇာတများအပေါ် အလွန်အကျူး မှီခိုမှု၊ အကြီးအကျယ် လွဲချော်မှားယွင်းသော စီမံခန့်ခွဲမှု၊ ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကြောင့် နိုင်ငံ၏ ဥစ္စာနေကြွယ်ဝမှုများသည် နိုင်ငံရေးအာဏာကို ချုပ်ကိုင်ထားသည့် စစ်တပ်နှင့် သူတို့နှင့် နီးစပ်သူ ခရိုနီလူနည်းစုတို့တွင်သာ စုပြုံနေစေတော့သည်။ ထို့အတွက်ကြောင့်ပင် မြန်မာ့စစ်တပ်သည် စီးပွားရေးတွင် အရေးပါသည့် ပါဝင်လှုပ်ရှားသူတစ်ဦး ဖြစ်နေပြီး၊ သဘာဝသယံဇာတများကို အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများထံ မရောက်ရှိသွားရလေအောင် ကာကွယ်လိုသည့် အကျိုးစီးပွား ရှိနေသည်။ တစ်ချိန်တည်းမှာပင် သဘာဝသယံဇာတ အများစုသည်လည်း တိုင်းရင်းသားအုပ်စုများ ထိန်းချုပ်ရာဒေသများတွင် ရှိနေကြပြန်သည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က တင်ပြသည့် ကိန်းဂဏန်းများအရ နိုင်ငံ ၃၂ ခုမှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် အဓိကကဏ္ဍကြီး ၄-ခု ဖြစ်သည့် စွမ်းအင်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ သတ္တုတွင်းတူးဖော်ရေးနှင့် လူသုံးကုန်ထုတ်လုပ်သည့် ကဏ္ဍများတွင်သာ ရှိနေကြသည်။[4] အောက်တွင် ၎င်းကဏ္ဍများအလိုက် နိုင်ငံခြားဝင် ငွေရရှိမှု (export earning) များကို ခွဲခြားဖော်ပြထားပါသည်။ တွေ့ရှိချက်အရ တစ်ဝက်ကျော်မှာ သဘာဝ သယံဇာတ ထုတ်လုပ်မှုများမှနေ၍ ရရှိနေခြင်း ဖြစ်ပါသည်။ သို့အတွက်ကြောင့်ပင် အစိုးရအနေဖြင့် တူးဖော်ထုတ်လုပ်ရေးနေရာများကို ပို၍ကာကွယ်မှုပေးရန် ဖိအားများ ဖြစ်လာစေပါသည်။ လက်နက်ကိုင် အုပ်စုများနှင့်သာမက ပြည်သူများနှင့်ပါ ပဋိပက္ခနှင့် တင်းမာမှုများ ပို၍ ဖြစ်ပေါ်လာစေပါသည်။




[4] http://www.elevenmyanmar.com/business/3386-myanmar-s-foreign-investment-hits-us-43-billion


# ပြဿနာ ၂။ စီးပွားရေးကို စစ်တပ်နှင့် ခရိုနီလူနည်းစုက လက်ဝါးကြီးအုပ်ထားခြင်း။

ဆယ်စုနှစ်များစွာကြာ စစ်တပ်အုပ်ချုပ်ရေးကြောင့် စီးပွားရေး၏ကဏ္ဍများ အားလုံးတွင် စစ်တပ်က လွှမ်းမိုးလက်ဝါးကြီး အုပ်မှု ရှိနေပါသည်။ [5] မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ တစ်ပါတီအုပ်ချုပ်ရေးစနစ်မှ ၁၉၈၈ ခုနှစ်တွင် အသွင်ပြောင်းကာလ စစ်အုပ်ချုပ်ရေးစနစ် ဖြစ်လာခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့/ နောက်ပိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အုပ်ချုပ်မှုကာလများတွင် နိုင်ငံတော်ပိုင် စီးပွားရေးလုပ်ငန်းများ အားလုံးကို စီးပွားရေး လုပ်ငန်းကြီး ၂-ခုအောက်သို့ ပုဂ္ဂလိကပိုင်အဖြစ် လွှဲပြောင်းပေးခဲ့သည်။ ၎င်းလုပ်ငန်းကြီး ၂-ခုမှာ စစ်တပ်ပိုင် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (UMEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့ ဖြစ်သည်။ ၎င်းလုပ်ငန်းကြီး ၂-ခုမှာ မြန်မာ့စီးပွားရေး၏ ကဏ္ဍများ အားလုံးနီးပါးကို ချုပ်ကိုင်ထားသောကြောင့်၊ ကြီးမားသည့် ခရိုနီပိုင်ကုမ္ပဏီများ၊ နိုင်ငံခြား ကုမ္ပဏီများ သည်လည်း၊ နိုင်ငံအတွင်း စီးပွားရေးလုပ်နိုင်ရန် စစ်တပ်နှင့်၊ သို့မဟုတ် ၎င်းလုပ်ငန်းကြီး ၂-ခုအောက်ရှိ လုပ်ငန်းများနှင့် အတူတကွ လက်တွဲ၍ ပူးပေါင်းလုပ်ဆောင်ကြရသည်။

---

[5] ပညာရှင် ဒေးဗစ် အိုင်၊ စတိုင်းဘာ့ဂ် (David Steinberg) ၏ အဆိုအရ ("The Role of The Military in the Economy", *Burma Economic Watch*, 1/2005) "စီးပွားရေးလုပ်ငန်းကြီးများတွင် စစ်တပ်က တိုက်ရိုက်ပါဝင် စီမံစွက်ဖက်ခွင့်မှာ သူတို့ကိုယ်သူတို့ အပြုသဘော လူမှုရေးအင်အားစု၊ သို့မဟုတ် နိုင်ငံတော်ကို ထိန်းသိမ်းကာကွယ်နေသူများဟု ယူဆနေသည့် အတွေးအခေါ်မှ ထွက်ပေါ်လာပုံရပါသည်။ ထို့အပြင် အရပ်သားနိုင်ငံရေးသမားများ၊ ထိုသူများ၏ ကျွမ်းကျင်မှု အရည်အသွေးကို အကြီးအကျယ် မယုံသင်္ကာရှိနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ မြန်မာ့တပ်မတော်က အရေးအကြီးဆုံး လုပ်ငန်းဖြစ်သည့် နိုင်ငံနယ်နိမိတ်ကို ကာကွယ်ရုံအရေးမျှမက၊ တိုင်းတပါး ကျူးကျော်နိုင်ခြေ ရှိသည်ဟု ယူဆထားပြီး၊ မလုံမခြုံ ခံစားနေရရုံမျှမက၊ နိုင်ငံတော်၏ အဓိကအန္တရာယ်သည် ပြည်တွင်းမှ ဖြစ်သည်ဟုလည်း ယူဆထားပါသည်။ အကြောင်းမှာ တိုင်းရင်းသားများ၏ မကျေနပ်မှုများလည်း ရှိနေ ပြီး၊ သူပုန်ထမှုများအပြင် နိုင်ငံခြားက စီးပွားရေးအရ လွှမ်းမိုးချယ်လှယ်လာမည့်အရေးကို တွက်ဆထားကြပါသည်။ ဤဆောင်ရွက်မှုများကို ထိန်းချုပ် လိုက်ခြင်းဖြင့်၊ အမျိုးသားလုံခြုံရေးအတွက် စိတ်အေးရစေသည်ဟု နိုင်ငံခေါင်းဆောင်များက မှတ်ယူသည်။ ၎င်းသဘောထားကို အချုပ်အခြာအာဏာ ကို ကာကွယ်ထိန်းသိမ်းရန် မိမိတို့တွင် တာဝန်ရှိသည်ဟု ကိုယ့်ဘာသာ သတ်မှတ်ပြဋ္ဌာန်းချက်ဖြင့် ဖြည့်ဆည်းလိုက်ပြီး၊ ပြည်တွင်းတွင် ထိန်းချုပ်ရန်အတွက် ခိုင်လုံသော အကြောင်းပြချက် ဖြစ်လာစေပါသည်" ဟု ဖော်ပြထားသည်။

**အဓိကကျသည့် စီးပွားရေးလုပ်ငန်းများနှင့် ဘဏ္ဍာဝင်ငွေများကို ထိန်းချုပ်ထားခြင်း**




# ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်ကုမ္ပဏီ လီမိတက်

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်ကုမ္ပဏီလီမိတက်ကို (နဝတ)အစိုးရ အမိန့်ကြေညာစာ အမှတ် ၇/၉၀ ဖြင့် ၁၉၉၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် တည်ထောင်ခဲ့သည်။ ထို့နောက် ၁၉၉၀ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့တွင် မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ မှတ်ပုံတင်ခဲ့သည်။ (မှတ်ပုံတင်အမှတ် ၂၈/၉၀-၉၁)။ ကနဦး မတည်ငွေမှာ ကျပ် ၁၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁. ၄ ဘီလီယံခန့်) ရှိသည်။ ပုဂ္ဂလိကပိုင် လွှဲပြောင်းပေးသည့်ကာလနှင့် ယခင်ဆိုရှယ်လစ်စီးပွားရေး အမိန့်ပေးစီးပွားရေးစနစ်မှ အသွင်ပြောင်းသည့် အချိန်တွင်၊ နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းအများအပြားကို ဦးပိုင်ကုမ္ပဏီထံသို့ လက်လွှဲပြောင်းပေးခဲ့သည်။ စီးပွားရေးဦးပိုင်ကုမ္ပဏီ (UMEHL)ကို ထူထောင်ရသည့် ရည်ရွယ်ချက်မှာ လက်ရှိနှင့် အငြိမ်းစား တပ်မတော် ဝန်ထမ်းများ၊

၎င်းတို့၏ မိသားစုများကို ကူညီပံ့ပိုးနိုင်ရန်ဟု ဆိုပါသည်။ ၎င်းလုပ်ငန်းကြီးတွင် အစုရှယ်ယာ ၂-မျိုးဖြင့် လည်ပတ်နေပါသည်။ ၄၀% သော အစုရှယ်ယာကို ကာကွယ်ရေးဝန်ကြီးဌာနအောက်ရှိ တပ်မတော် စစ်လက်နက်ဝယ်ယူစုဆောင်းရေး ညွှန်ကြားမှုဦးစီးဌာနမှ ပိုင်၍၊ အဆင့် (A) ရှယ်ယာဟု လူသိများပါသည်။ ကျန် ၆၀% ကိုမူ တပ်မတော်ဝန်ထမ်းများ၊ တပ်တွင်းသမဝါယမများ၊ စစ်ပြန်စစ်မှုထမ်းဟောင်းများနှင့် စစ်ပြန်စစ်မှုထမ်း အသင်းများက ပိုင်ဆိုင်ကြပြီး၊ အဆင့် (B) ရှယ်ယာဟု ခေါ်ဆိုကြပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်ကုမ္ပဏီ လီမိတက်သည် လုပ်ငန်းမျိုးစုံ လုပ်ကိုင်ဆောင်ရွက်နေပြီး၊ ဘဏ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အဆောက်အဦးဆောက်လုပ်ရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေး၊ ဘိလပ်မြေ စက်ရုံ၊ အထည်ချုပ်စက်ရုံ၊ ပလပ်စတစ်စက်ရုံ၊ ဆီအုန်းခြံ စိုက်ပျိုးခင်း၊ ကုန်တိုက်ကြီးများ၊ သတ္တုလုပ်ငန်း စသည်တို့ဖြင့် ကဏ္ဍများစွာ ပါဝင်သည်။ ၂၀၁၁ ခုနှစ်တွင်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်ကုမ္ပဏီ လီမိတက်တွင် လက်ခွဲကုမ္ပဏီ ၃၀ ခန့်ရှိနေသည်။ ၎င်းတို့တွင်-

၁။ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး (ပါရမီ ဘတ်စ်ကားများ)
၂။ မြဝတီ ကုန်သွယ်ရေး
၃။ ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းကုမ္ပဏီ
၄။ မြဝတီဘဏ်
၅။ မြဝတီ ခရီးသွားလုပ်ငန်း
၆။ မြဝတီ စီးပွားလုပ်ငန်း အင်တာပရိုက်စ်အုပ်စု
၇။ ပျဉ်းမပင် စက်မှုဇုန် (အထည်ချုပ်လုပ်ငန်း)
၈။ ကျောက်စိမ်းတွင်းများ (ကချင်ပြည်နယ်တွင်)
၉။ ပတ္တမြားနှင့် နီလာမိုင်းတွင်းများ (ရှမ်းပြည်နယ်တွင်) … တို့ ဖြစ်ကြသည်။

ထို့အပြင် အခြားကုမ္ပဏီ ၂၂ ခုနှင့် ဖက်စပ်လုပ်ငန်းများလည်း လုပ်ကိုင်နေသေးသည်။ ၎င်းဖက်စပ်ကုမ္ပဏီများ တွင် ဦးတေဇ ပိုင်သည့် ထူးထရိတ်ဒင်း ကုမ္ပဏီ၊ ဦးကျော်ဝင်းပိုင်သည့် ရွှေသံလွင်ကုမ္ပဏီ၊ ဦးထွန်းမြင့်နိုင်နှင့် မြန်မာဘီယာလီမိတက်တို့ ပိုင်ဆိုင်သည့် အေရှားဝေါလ်ကုမ္ပဏီတို့လည်း ပါဝင်သည်။ ထို့အပြင် ၎င်းဦးပိုင် လုပ်ငန်းကြီးသည် မူးယစ်ရာဇာများနှင့် မြေးမြီးမြက်မြက် အမြတ်ထွက်စေသည့် မိတ်ဖက်လုပ်ငန်းများလည်း ရှိနေသည်ဟု ဝေဖန်သူများက ဆိုကြသည်။ မြန်မာ့တပ်မတော်နှင့် ချိတ်ဆက်နေသည့်အတွက်ကြောင့်၊ ဦးပိုင် သည် အထူးဦးစားပေး ကန်ထရိုက်လုပ်ငန်းများလည်း ရရှိတတ်ပြီး၊ နိုင်ငံခြားနှင့် ချိတ်ဆက် ဖက်စပ် လုပ်ကိုင်ရာ တွင်လည်း လက်ဦးမှု ရရှိကြသည်။ မြန်မာနိုင်ငံအတွင်းဝင်ရောက်လာသည့် တိုက်ရိုက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု များ (FDIs) သည် ဦးပိုင်မှတဆင့် ဖက်စပ်ဆောင်ရွက်ကြရသည်။ လက်ပံတောင်းကြေးနီ သတ္တုမိုင်းသည် ထင်ရှားသည့် ဥပမာတစ်ခုပင် ဖြစ်သည်။

ယခင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဒု-ဗိုလ်ချုပ်မှူးကြီးမောင်အေးတို့မှာ ဦးပိုင်ကုမ္ပဏီ၏ အကြံပေးဘုတ် အဖွဲ့ဝင်များ ဖြစ်ကြသည်။ ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ မှတ်တမ်းများအရ ဦးပိုင်ကုမ္ပဏီလီမိတက်၏ ဗဟို အလုပ်မှုဆောင် အဖွဲ့ဝင် (CEC) များမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ဥက္ကဋ္ဌ | ဗိုလ်ချုပ် ခင်ဇော်ဦး |
| ဒု-ဥက္ကဋ္ဌ | ဗိုလ်ချုပ်လှအောင်သိန်း |
| မန်နေဂျင်း ဒါရိုက်တာ | ဗိုလ်ချုပ်ဝင်းသန်း |
| မန်နေဂျင်း ဒါရိုက်တာ | ဗိုလ်ချုပ် ဇာနည်ဝင်း |

| | |
|---|---|
| ဒု- မန်နေဂျင်းဒါရိုက်တာ | ဗိုလ်မှူးကြီး မြင့်အောင် |
| ဒု- မန်နေဂျင်းဒါရိုက်တာ | ဒု-ဗိုလ်မှူးကြီး သန်းထွန်း |
| ဒု- မန်နေဂျင်းဒါရိုက်တာ | ဗိုလ်မှူးကြီး ဝင်းကြည် |
| CEC (ဉပဒေအကြံပေး) | ဦးသက်အောင် |
| CEC | ဗိုလ်မှူးကြီး စိန်ဂျော့ |
| CEC | ဗိုလ်မှူးချုပ် စိုးငွေး |
| CEC | ဒုဗိုလ်မှူးကြီး ကျော်ဇေယျ |
| CEC | ဗိုလ်မှူး မောင်မောင်မြမိုး |
| CEC | ဗိုလ်မှူးကြီး သောင်းဝင်း တို့ ဖြစ်သည်။ |

## မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)

မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC)ကို ၁၉၉၇ ခုနှစ်၊ မတ်လတွင် မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် (UMEHL)နှင့် အပြိုင် ထူထောင်ခဲ့သည်။ အကြောင်းမှာ စစ်တပ်အရာရှိအချို့က ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အပြည့်အဝ ပံ့ပိုးမှုမပေးနိုင်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ ၎င်းကို မြန်မာ့တပ်မတော် စစ်ထောက်ချုပ်ရုံးက တာဝန်ခံလည်ပတ်ပြီး၊ လက်ရှိတာဝန် ထမ်းဆောင်နေသူ တပ်မတော်ဝန်ထမ်းများ၏ ပုဂ္ဂလိက အစုရှယ်ယာ ငွေများဖြင့် လည်ပတ်သည်။ ၎င်းသည် UMEHL ကဲ့သို့ပင် လုပ်ငန်းအစုကြီး ကွန်ဂလိုမာရိတ်ဖြစ်ပြီး၊ မြန်မာ့တပ်မတော်ကပင် ဦးဆောင်လုပ်ကိုင်နေသည်။ သို့သော်လည်း တပ်မတော်နှင့် ၎င်း၏ဝန်ထမ်းများအတွက် ပို၍ အကျိုးဆောင်ပေးရန် ပို၍စိတ်ထက်သန်ပုံရသည်။

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ အချက်အလက်များအရ MEC ကို ဦးဆောင်နေကြသူများမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | |
|---|---|
| ဉက္ကဋ္ဌ | ဗိုလ်ချုပ်ထင်အောင်ကျော် |
| မန်နေဂျင်းဒါရိုက်တာ | ဗိုလ်မှူးကြီး ခင်မောင်စိုး နှင့် ဗိုလ်မှူးချုပ် သူရမြင့်သိန်း |
| ဉပဒေ အကြံပေး | ဗိုလ်မှူးကြီးစိုးတင့် နှင့် ဒေါ်အေးအေးကြည် |
| ဒု- အင်ဂျင်နီယာချုပ် | ဒု-ဗိုလ်မှူးကြီး ထွန်းထွန်းဦး |
| စီမံခန့်ခွဲရေးဌာန | ဒု-ဗိုလ်မှူးကြီး သန်းထွန်း |
| ကုန်သွယ်ရေးဌာန | ဗိုလ်မှူး မျိုးဦး တို့ ဖြစ်သည်။ |

MEC အနေဖြင့် စီးပွားရေးကုမ္ပဏီ ၂၇ ခုကို လုပ်ကိုင်ဆောင်ရွက်နေပြီး၊ ၎င်းတို့တွင် သံမဏိစက်ရုံ ၅-ခု၊ ဘဏ်တစ်ခု၊ ဘိလပ်မြေစက်ရုံ ၁ ခု၊ ဆန်စက်များ ပါဝင်ပြီး ဦးပိုင်ကုမ္ပဏီ လီမိတက်ကဲ့သို့ပင် ကဏ္ဍပေါင်းစုံတွင် ဆောင်ရွက်နေသည်။ ၎င်းအနေဖြင့် မိမိအပြည့်အဝပိုင် နှင့် ဖက်စပ်လုပ်ငန်း ကုမ္ပဏီ ၁၀၁ ခုကို လုပ်ကိုင်နေပြီး၊ ခရိုနီ နီးစပ်သူများပိုင်သည့် ကုမ္ပဏီများ၊ ဒေဝူးအင်တာနေရှင်နယ်၊ အီတာလီယံ-ထိုင်း ကော်ပိုရေးရှင်း၊

ကာဝါဆာကီ plant systems ltd. စသည်ကဲ့သို့သော နိုင်ငံတကာ ကော်ပိုရေးရှင်းကြီးများလည်း ပူးတွဲ လုပ်ကိုင်နေကြသည်။

မိမိအပြည့်အဝပိုင်သော ကုမ္ပဏီများမှာ -
၁။ အင်းဝဘဏ်
၂။ သံမဏိစက်ရုံများ
၃။ သံလျှင် ရေနံချက်စက်ရုံ
၄။ သကြားစက်ရုံများ
၅။ ဆောက်လုပ်ရေး ကုမ္ပဏီများ
၆။ ဆန်စက်
၇။ နို့ထွက်ပစ္စည်း စက်ရုံ
၈။ သတ္တုတွင်း ကုမ္ပဏီများ
၉။ သတ္တုထုတ်လုပ်ရေးနှင့် ကုန်သွယ်ရေး ကုမ္ပဏီ
၁၀။ ဟိုတယ်များ ပင် ဖြစ်သည်။

# နီးစပ်သူ လူနည်းစု ခရိုနီများပိုင်ဆိုင်သည့် ကုမ္ပဏီများ

အရေးပါသည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွက်လာပြီး၊ ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလ ပုဂ္ဂလိကပိုင် ပြုလုပ်သည့် အခြေအနေတွင် စစ်တပ်လွှမ်းမိုးချုပ်ကိုင်ထားသည့် ဈေးကွက်ကို ဝေခြမ်း၍ လုပ်ကိုင်လာကြသည်။ ၎င်းစီးပွားရေး လုပ်ငန်းရှင်များသည် စစ်တပ်ခေါင်းဆောင်များနှင့် ပုဂ္ဂိုလ်ရေး ရင်းနှီးမှုအပေါ် အခြေခံပြီး၊ စီးပွားရေးအခွင့်အလမ်းများ ရယူကြသည်။ အပြန်အလှန်အားဖြင့် သူတို့၏ စီးပွားရေးလုပ်ငန်းများကို ကျောထောက်နောက်ခံပေးထားသည့် စစ်တပ်ကို ပြန်၍ကူညီပေးကြရသည်။ ရံဖန်ရံခါ အကြီးစားနှင့် အလတ်စား စီမံကိန်းများကို လည်ပတ်စီမံရန် စီးပွားရေးအရည်အချင်း မရှိကြသည့် စစ်ဗိုလ်များကို နည်းပညာဖြင့် ကူညီကြရသည်။ အောက်တွင် ဖော်ပြထားသည့် စာရင်းမှာ အချို့သော ခရိုနီ/ စီးပွားရေးသမားကြီးများ အချို့၏ အမည်ဖြစ်ပြီး ဤကုမ္ပဏီအများစုကို ၁၉၉၀ ခုနှစ်များတွင် တည်ထောင်ခဲ့ကြသည်။ ဤလုပ်ငန်း အများစုမှာ ကွန်ဂလိုမာရိတ်ကြီးများ ဖြစ်ကြပြီး၊ ဆောက်လုပ်ရေး၊ သတ္တုတွင်းတူးလုပ်ငန်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ ဘဏ် လုပ်ငန်း ကဏ္ဍပေါင်းစုံတွင် လုပ်ကိုင်ဆောင်ရွက်နေကြသည်။ [6]

၁။ ဦးတေဇ (ထူး ထရိတ်ဒင်းကုမ္ပဏီ)
၂။ ဦးထွန်းမြင့်နိုင် (ခေါ်) စတီဗင်လော (အေးရှားဝေါလ်)
၃။ ဦးဇော်ဇော် (မက်စ်မြန်မာ ကုမ္ပဏီ)
၄။ ဦးပြည်အောင် နှင့် ဦးနေအောင် (အောင်ပြည့်ဖြိုး ကုမ္ပဏီ လီမိတက် နှင့် IGE)
၅။ ဦးအောင်သက်မန်း (ရောရွှေဝါ ကုမ္ပဏီ)
၆။ မိုက္ကယ် မိုးမြင့် (မြင့်နှင့် အပေါင်းပါများ အုပ်စု)
၇။ ဦးနေဝင်းထွန်း (Ruby Dragon Jade and Gems Co. Ltd.)

[6] http://www.burmapartnership.org/wp-content/uploads/2011/06/The-Regime_s-Cronies-List-June-27_-2011_-Final.pdf, http://www2.irrawaddy.org/article.php?art_id=14151&page=1

၈။ ဦးခင်ရွှေ (ဇေကမ္ဘာ ကုမ္ပဏီ)
၉။ ဦးဌေးမြင့် (ယုဇနကုမ္ပဏီ)
၁၀။ ဦးအိုက်ထွန်း (အိုလံပစ် ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက်)
၁၁။ ဦးချစ်ခိုင် (ဒေင်အုပ်စု)
၁၂။ ဦးအောင်ကိုဝင်း (ကမ္ဘောဇဘဏ်)
၁၃။ ဆာ့ချ်ပန်း (ခေါ်) ဦးသိန်းဝင်း [Serge Pun and associates (Myanmar) Ltd.]
၁၄။ ဦးကျော်ဝင်း (ရွှေသံလွင်ကုမ္ပဏီ)
၁၅။ ဦးဝင်းအောင် (ဒဂုံ အင်တာနေရှင်နယ် လီမိတက်)
၁၆။ ဦးအောင်မြတ် (မားသား ထရိတ်ဒင်း ကုမ္ပဏီ)
၁၇။ ဦးတင်ဝင်း (တင်ဝင်းထွန်း ကုမ္ပဏီ)

# ပြဿနာ ၃။ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှု၊ အဖွဲ့အစည်းစနစ်ခိုင်မာမှု အားနည်းခြင်း။

သဘာဝသယံဇာတများ ထုတ်ယူရောင်းချမှုမှ ရရှိသည့် ဘဏ္ဍာဝင်ငွေအားလုံးကို ပြည်ထောင်စုအဆင့် ဗဟိုအစိုးရကသာ ချုပ်ကိုင်ထားခြင်းအပြင်၊ ပွင့်လင်းမြင်သာမှုမရှိခြင်း၊ သဘာဝ သယံဇာတများမှ ဘဏ္ဍာငွေ မည်မျှဝင်လာ၍ ၎င်းဘီလီယံနှင့် ချီသည့် ဒေါ်လာငွေများကို မည်သို့သုံးစွဲကြောင်း မသိရသောကြောင့် စိတ်နာကျည်းမှုများကို ပို၍ပြင်းထန်ဆိုးရွားစေပါသည်။ အင်စတီကျူးရှင်း (အဖွဲ့အစည်းဆိုင်ရာစနစ်များ) အားနည်းခြင်းနှင့် ကျွမ်းကျင်မှု စံချိန်စံနှုန်းများ နိမ့်ကျခြင်းတို့ကြောင့် မြန်မာနိုင်ငံတွင် လာဘ်စားမှုများမှာ အကျယ်အပြန့် ဖြစ်ပွားနေလျှက်ရှိသည်။ စီးပွားရေး သဘောတူညီချက်အားလုံးတွင် တစ်နည်းတစ်ဖုံဖြင့် လာဘ်ငွေများ၊ သို့တည်းမဟုတ် ပေးရငွေများ ပါဝင်နေတတ်ပြီး၊ အုပ်ချုပ်ရေးဌာနများတွင် စာရေးမှသည် အစိုးရအရာရှိများတွင် အဆင့်တိုင်းတွင် ငွေပေးနေရပါသည်။ တိုင်းရင်းသားဒေသများတွင် အချို့သော သဘာဝ သယံဇာတထုတ်လုပ်မှုများမှာ (ဥပမာ- သတ္တုနှင့် ကျွန်းသစ်) တရားမဝင် နည်းလမ်းများဖြင့် ဆောင်ရွက်နေကြသည်မှာ လူအများသိရှိသည့်ကိစ္စဖြစ်ပြီး၊ ၎င်းတို့ကို ထိုင်း၊ သို့မဟုတ် တရုတ်နယ်စပ်မှတဆင့် တင်ပို့ရောင်းချကြပါသည်။ ဤသို့ တရားဝင် မှတ်တမ်းမှတ်ရာ မရှိသည့် စီးပွားရေးလုပ်ငန်းများကို ပုဂ္ဂိုလ်ရေးသဘော တူညီချက်များဖြင့် လုပ်ဆောင်၍ စစ်တပ်အရာရှိ၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ၊ နယ်ခြားစောင့်တပ်၊ ပြည်သူ့စစ် လက်နက်ကိုင်များဖြင့် ညှိနှိုင်း၍ ဆောင်ရွက်နေကြပါသည်။

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများအပေါ် ကမ္ဘာလုံးဆိုင်ရာ လေ့လာချက်များအရ မြန်မာနိုင်ငံသည် နိုင်ငံတကာ စံချိန်စံနှုန်းများကို လုံးဝစိတ်ပျက်ဖွယ် ချို့ယွင်းနေပါသည်။ ပွင့်လင်းမြင်သာမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (Transparnecy International) က မြန်မာနိုင်ငံကို အမှတ် ၁၀၀ အနက် ရမှတ် ၁၅ မှတ်သာပေးပြီး၊ ၂၀၁၂ ခုနှစ် စစ်တမ်းကောက်ယူမှုများအရ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၇၆ နိုင်ငံတွင် အဆင့် ၁၇၂ ၌ ရှိနေပါသည်။[7] အလားတူပင် ဘဏ္ဍာဝင်ငွေ လေ့လာစောင့်ကြည့်ရေးအဖွဲ့ (Revenue Watch) ကလည်း မြန်မာနိုင်ငံ၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုအတွက် နိုင်ငံပေါင်း ၅၈ ခုတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သတ္တုတွင်းတူးလုပ်ငန်းတို့ကို လေ့လာပြီးနောက် နောက်ဆုံးအဆင့်တွင်သာ နေရာပေးခဲ့ပါသည်။ အမှတ် ၁၀၀

[7] http://www.transparency.org/files/content/publication/Annual_Report_2012.pdf, p21

တွင် စုစုပေါင်းရမှတ် ၄ မှတ်ဖြင့် မရှုမလှ "ကျရှုံး" ခဲ့ပါသည်။[8] ဘာတဲလ်စ်မန်း ပြုပြင်ပြောင်းလဲရေး ညွှန်းကိန်းများ (Bertelsmann Transformation Index) က ဒီမိုကရေစီ၏ အရည်အသွေး၊ ဈေးကွက်စီးပွားရေး၊ နိုင်ငံရေး စီမံခန့်ခွဲမှုတို့အပေါ် သုံးသပ်အကဲဖြတ်ရာ၊ အသွင်ပြောင်းနေသည့် နိုင်ငံ ၁၂၈ ခုကို လေ့လာခဲ့ရာ၌ မြန်မာနိုင်ငံသည် ညွှန်းကိန်းရမှတ် ၁၀ တွင်၊ ၁.၇ သာ ရပြီး၊ အဆင့် ၁၂၇ နေရာတွင် ရှိနေပါသည်။ သူတို့၏ စီမံခန့်ခွဲမှုဆိုင်ရာ ညွှန်းကိန်း ရမှတ်တွင် အမှတ် ၁၀ အနက် ၁.၇၇ မှတ်သာ ရရှိပြီး၊ အဆင့် ၁၂၆ နေရာတွင် ရှိနေပါသည်။[9]

၂၀၀၉ ခုနှစ်တွင် မြေကမ္ဘာအခွင့်အရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့ (Earth Rights International) က အစီရင်ခံစာထုတ်ပြန်ခဲ့ရာ မြန်မာစစ်ခေါင်းဆောင်များသည် ရတနာ သဘာဝဓာတ်ငွေ့ ရောင်းချရငွေမှ ဒေါ်လာ ၅ ဘီလီယံကို စင်္ကာပူနိုင်ငံရှိပြည်ပ ငွေစာရင်းသို့ ၂၀၀၀ ခုနှစ်မှစ၍ ကဲ့၍ယူနေသည်ဟု ဖော်ပြခဲ့ပါသည်။[10] ယင်းပြဿနာသည် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်နေ့တွင်လည်း ပြန်၍ အစပေါ်ထွက်လာခဲ့သည်။ ဝါရှင်တန်အခြေစိုက် နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများကို လေ့လာစောင့်ကြည့်နေသည့်၊ ဘဏ်များဆိုင်ရာ သတင်းအချက်အလက် ဌာန (BIC) မှ ငွေကြေးကိစ္စများ သုတေသနပြုနေသူ ဂျယ်လ်ဆင် ဂါဆီးယား (Jelson Garcia) က ပြောကြားရာတွင် ကမ္ဘာ့ဘဏ်က ကျန်ရှိနေသည့်ကြွေးမြီများ မလျှော်ပစ်သေးသည်မှာ အကြောင်းရှိကြောင်း၊ မြန်မာနိုင်ငံ ပြင်ပဘဏ်စာရင်းများတွင် မြန်မာနိုင်ငံက အပ်နှံထားသည့်ငွေ အမေရိကန်ဒေါ်လာ ၁၁ ဘီလီယံ ရှိနေခြင်းကြောင့် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ မစ္စတာ ဂါဆီးယားက ပြောရာ၌ ကမ္ဘာ့ဘဏ် အပြင်၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) နှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့က သူ့ကို ယခုကဲ့သို့ ခန့်မှန်းပြောကြားချက် သတင်းများ ဖော်ပြခဲ့ကြသည်ဟု ဆိုပါသည်။ ဘဏ္ဍာအခွန်ဝန်ကြီး ဦးလှထွန်း၊ ရသုံးခန့်မှန်း ငွေစာရင်းဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်အဖွဲ့ဝင် ဒေါ်ခိုင်ခိုင်နွယ်တို့ကဲ့သို့သော အချို့အစိုးရတာဝန်ရှိသူများက အစိုးရတွင် နိုင်ငံခြားအရန်ငွေကြေးများ ရှိနေကြောင်း အသိအမှတ်ပြုဖော်ပြခဲ့ပြီး၊ ဤသည်မှာလည်း ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ တင်သွင်းရာတွင်လည်းကောင်း၊ ငွေကြေးလဲလှယ်မှုနှုန်းကို စီမံခန့်ခွဲရန်အတွက် လည်းကောင်း ယခင်ကတည်းက ပုံမှန် ဆောင်ရွက်နေကြပင် ဖြစ်ကြောင်း ရှင်းလင်းခဲ့ကြသည်။ သို့သော်လည်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်က ယခုစွပ်စွဲချက်များကို ငြင်းပယ်ခဲ့သည်။[11]

# ပြဿနာ ၄။ သယံဇာတမှ ဘဏ္ဍာဝင်ငွေများကို ဗဟိုမှ စုစည်းချုပ်ကိုင်ထားခြင်း နှင့် စီမံခန့်ခွဲနေခြင်း။

နိုင်ငံရေး ကျေလည်သဘောတူညီမှုနှင့် သက်ဆိုင်သည့် အရေးပါသောပြဿနာမှာ တိုင်းရင်းသားများ၏ နစ်နာမှု၊ နာကျည်းချက်များကို လည်းကောင်း၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် (စီမံခန့်ခွဲခွင့်အပါအဝင်) အတွက် တောင်းဆိုချက်များကို လည်းကောင်း၊ ဘဏ္ဍာဝင်ငွေ ခွဲဝေသုံးစွဲမှုအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မည်သို့မည်ပုံကိုင်တွယ်ဖြေရှင်းထားသည်ဟူသည့် အချက်ပင် ဖြစ်ပါသည်။ သို့တိုင်အောင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခန်း ၁

[8] http://index.revenuewatch.org/rgi/data-tool ; http://www.revenuewatch.org/countries/asia-pacific/myanmar/overview

[9] http://www.bti-project.de/fileadmin/Inhalte/reports/2012/pdf/BTI%202012%20Myanmar.pdf, status index: http://www.bti-project.org/index/status-index/, management index http://www.bti-project.org/index/management-index/

[10] http://www.thenational.ae/news/world/asia-pacific/junta-has-stolen-billions-in-gas-revenue

[11] http://www.elevenmyanmar.com/national/3398-myanmar-possession-of-11b-in-foreign-bank-accounts-based-on-information-from-wb-and-adb

(နိုင်ငံတော်၏ အခြေခံမူများ)၊ ပုဒ်မ ၃၇ တွင် ဆက်လက်၍ သဘာဝအရင်းအမြစ်များ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲခွင့်ကို ပြည်ထောင်စုအစိုးရက ဗဟိုချုပ်ကိုင်မှု ကျင့်သုံးရန် ခွင့်ပြုထားပါသည်။ အဓိကကျသည့် အမျိုးသားဘဏ္ဍာ ဝင်ငွေနှင့် အာဏာကို ကျင့်သုံးရန် ခွင့်ပေးထားပါသည်။

| |
|---|
| အခန်း ၁။ နိုင်ငံတော်၏ အခြေခံမူများ<br>ပုဒ်မ ၃၇။ နိုင်ငံတော်သည် -<br>(က) နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်နှင့် လေထုအတွင်းရှိ သယံဇာတ ပစ္စည်းများအား လုံး၏ ပင်ရင်းပိုင်ရှင် ဖြစ်သည်။<br>(ခ) နိုင်ငံပိုင်သယံဇာတ ပစ္စည်းများအား စီးပွားရေးအင်အားစုများက ထုတ်ယူသုံးစွဲခြင်းကို ကွပ်ကဲကြီးကြပ်နိုင်ရန် လိုအပ် သည့်ဥပဒေ ပြဌာန်းရမည်။<br>(ဂ) နိုင်ငံသားများအား ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေ ဆက်ခံခွင့်၊ ကိုယ်ပိုင် လုပ်ပိုင်ခွင့်၊ တီထွင်ခွင့် နှင့် မူပိုင်ခွင့်တို့ကို ဥပဒေ ပြဌာန်းချက်နှင့်အညီ ခွင့်ပြုရမည်။ |

မည်သို့ပင်ဖြစ်စေ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ ဖန်တီး ဖွဲ့စည်းပေးခဲ့သည်မှာ၊ သဘာဝသယံဇာတများ စီမံခန့်ခွဲခွင့် နှင့် ပိုင်ဆိုင်မှုအတွက် အရေးပါသည့် အဆင့်တစ်ခုပင် ဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်အဆင့်အောက်ရှိ အခြားအဆင့် အစိုးရများတွင် တစ်စုံတရာ ရွေးကောက် တင်မြှောက်ခံထားရသည့် လွှတ်တော်များ၊ ၎င်းတို့ကိုယ်ပိုင် ဝန်ကြီးများ၊ တရားစီရင်ရေးနှင့် ကိုယ်ပိုင် ရ-သုံး ခန့်မှန်းငွေစာရင်း (ဘတ်ဂျက်) ရေးဆွဲခွင့်များ ခွင့်ပြုထားခဲ့ပြီဖြစ်ရာ၊ အာဏာကို ဗဟိုချုပ်ကိုင်မှုလျှော့ကျ ဖြန့်ကျက်ရေး (decentralization) အတွက် အရေးကြီးသော ဖွဲ့စည်းပုံပင် ဖြစ်ပါသည်။ ၎င်းအစိုးရများက ဒေသခံ ပြည်သူများ၏ လိုအင်ဆန္ဒကို တုံ့ပြန်ဆောင်ရွက်ပေးကြရမည် ဖြစ်ပါသည်။ သို့သော်လည်း လက်တွေ့တွင်မူ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံသည် ဤသို့နှစ်နာမှု၊ နာကျည်းချက်များကို ဖြေရှင်းပေးနိုင်ရန် ဝေးနေသေးပြီး၊ အသစ်သော အစိုးရဖွဲ့စည်းပုံမှာလည်း ဗဟိုအစိုးရမှသာ အများစုကို စီမံအုပ်ချုပ်နေဆဲ ဖြစ်ပါသည်။ ထို့အပြင် ဘဏ္ဍာရေးနှင့် အုပ်ချုပ်ရေး အကန့်အသတ်များလည်း ကြုံတွေ့နေရပါသေးသည်။

ပြည်နယ်/ တိုင်းဒေသကြီး အစိုးရများ၏ အထင်ရှားဆုံးပြဿနာ တစ်ခုမှာ၊ ယင်းဖော်ပြထားသည့် နစ်နာမှု၊ နာကျည်းမှုများကို ဖြေရှင်းပေးနိုင်ရေးအတွက် အဓိကကျသော လုပ်ငန်းများကို ထိန်းချုပ်ကိုင်တွယ် နိုင်ရေး အတွက် အပ်နှင်းထားသည့် အာဏာများတွင် အကန့်အသတ် အကြီးအကျယ် ရှိနေခြင်း ဖြစ်ပါသည်။ အတိအကျ ဖော်ပြရမည်ဆိုလျှင် စိုက်ပျိုးရေးကဏ္ဍတွင် မြေယာကိစ္စ၊ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုတွင်းများနှင့် သစ်တော ကဏ္ဍနှင့် အခြားအရေးပါသည့် စက်မှုထုတ်လုပ်ရေးကဏ္ဍများကို ပြည်ထောင်စုအစိုးရကသာ စီမံခန့်ခွဲ နေပါသည်။ (ဇယား ၃ တွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပါဝင်သော ပြည်ထောင်စုအဆင့် ဥပဒေပြုစာရင်း နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဥပဒေပြုစာရင်းတို့ကို နှိုင်းယှဉ်ဖော် ပြထားပါသည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဇယား ၁ ၌ ပြည်ထောင်စု ဥပဒေပြုစာရင်းကို ဖော်ပြထားပြီး၊ ဇယား ၂ တွင် ပြည်နယ်/တိုင်းဒေသကြီး ဥပဒေပြုစာရင်းကို ဖော်ပြထားပါသည်။) သေချာသည်မှာ အရေးပါသည့် လုပ်ငန်းများ အတွက် ဆုံးဖြတ်ပိုင်ခွင့်ကို ပြည်ထောင်စုအစိုးရ၌သာ အာဏာကို အပ်နှင်းထားပါသည်။ ထိုအခါ ပြည်နယ်/ တိုင်းဒေသကြီးတို့တွင် အသေးစားလုပ်ငန်းများ၊ အရေးမပါဟု ယူဆနိုင်သော စီမံကိန်းများသာ ကျန်ပါတော့ သည်။ အလားတူပင် ရ-သုံး ခန့်မှန်းခြေငွေစာရင်း (ဘတ်ဂျက်) ရေးဆွဲခွင့် အာဏာတွင်လည်း အလားတူပင် တွေ့ရပါသည်။ ပြည်နယ်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဇယား-၅ တွင် ဖော်ပြထားသည့် အသေးစား လုပ်ငန်းများအပေါ်တွင်သာ အခွန်အခ ကောက်ခံခွင့်ရှိကြပါသည်။ ဥပမာအားဖြင့်- သစ်အပေါ်တွင် အခွန်

ကောက်ခွင့်ရှိသော်လည်း၊ ကျွန်းသစ်နှင့် သစ်မာများမှ လွှဲ၍သာလျှင် ကောက်ခံခွင့် ရှိပါသည်။ အလတ်စားနှင့် အငယ်စားလျှပ်စစ် ထုတ်လုပ်ငန်းများမှ ရရှိလာသော လျှပ်စစ်ဓာတ်အားများကိုလည်း မဟာဓာတ်အားလိုင်းထဲသို့ ပို့လွှတ်ချိတ်ဆက်ခွင့် ပြုမထားပါ။

**ဇယား ၃။ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် သက်ဆိုင်၍ အငြင်းပွားဖွယ်၊ မကျေမလည်ရှိနေကြသေးသည့် ဥပဒေပြဌာန်းခွင့် အာဏာများ**

| ဇယား (၁) ပြည်ထောင်စု ဥပဒေပြုစာရင်း | ဇယား (၂)။ ပြည်နယ်/ တိုင်းဒေသကြီး ဥပဒေပြုစာရင်း |
|---|---|
| ၄။ စီးပွားရေးကဏ္ဍ<br>(က) စီးပွားရေး<br>(ခ) ကူးသန်းရောင်းဝယ်ရေး<br>(ဂ) သမဝါယမ<br>(ဃ) ကော်ပိုရေးရှင်း၊ ဘုတ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုစပ်<br>(င) သွင်းကုန်၊ ထုတ်ကုန် နှင့် ယင်းကုန်ပစ္စည်းများ၏ အရည်အသွေး သတ်မှတ်ခြင်း။<br>(စ) ဟိုတယ်နှင့် တည်းခိုခန်း<br>(ဆ) ခရီးသွားလာရေးလုပ်ငန်း | ၂။ စီးပွားရေးကဏ္ဍ<br>(က) ပြည်ထောင်စုက ပြဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသ ကြီး၊ သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့်စီးပွားရေး ကိစ္စများ။<br>(ခ) ပြည်ထောင်စုက ပြဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသ ကြီး၊ သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်း ရောင်းဝယ်ရေး လုပ်ငန်းများ။<br>(ဂ) ပြည်ထောင်စုက ပြဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသ ကြီး၊ သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမ ကိစ္စများ။ |
| ၅။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ<br>(က) မြေယာစီမံခန့်ခွဲမှု<br>(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဖော်ထုတ်ခြင်း<br>(ဂ) ကြေးတိုင်နှင့် မြေစာရင်း<br>(င) ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံ နှင့် စိုက်ပျိုးရေ ရရှိရေး။ | ၃။ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ<br>(က) လယ်ယာစိုက်ပျိုးရေးလုပ်ငန်း<br>(ခ) အပင်နှင့် သီးနှံဖျက် ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်း ရေး<br>(ဂ) ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး နှင့် သဘာဝ မြေဩဇာ များ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး<br>(ဃ) စိုက်ပျိုးရေးချေးငွေ နှင့် စုငွေများ<br>(င) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲပိုင်ခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်း နှင့် စိုက်ပျိုးရေး ရေရရှိရေး လုပ်ငန်းများ။<br>(စ) ရေချိုငါးလုပ်ငန်း<br>(ဆ) ပြည်ထောင်စုက ပြဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး။ |
| ၆။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ<br>(က) ရေနံ၊ သဘာဝဓာတ်ငွေ့နှင့် ပြည်ထောင်စု ဥပဒေအရ ဘေး အန္တရာယ်ဖြစ်လောက်အောင် လောင်ကျွမ်းစေတတ်သည်ဟု သတ်မှတ်ထားသော အခြား အရည်အခဲ စသည်များ။<br>(ခ) ပြည်ထောင်စု လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး<br>(ဂ) သတ္တုများ၊ သတ္တုတွင်းများ၊ သတ္တုတွင်း အလုပ်သမားများ ဘေးကင်းရေး၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြန်လည် ပြုပြင်တည်ဆောက်ရေး<br>(ဃ) ကျောက်မျက်ရတနာ | ၄။ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍ<br>(က) ပြည်ထောင်စုက စီမံခန့်ခွဲခွင့်ရှိသည့် အကြီးစားလျှပ်စစ်ဓာတ် အား ထုတ်လုပ်ဖြန့်ဖြူးရေးမှအပ မဟာဓာတ်အားလိုင်းနှင့် ဆက် သွယ်ခြင်း မရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံ ခန့်ခွဲခွင့် ရှိသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး။<br>(ခ) ဆားနှင့် ဆားထွက်ပစ္စည်း<br>(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ကျောက်မျက် ရတနာ၊ ဖြတ်တောက်ခြင်း၊ သွေးခြင်း။ |

| | |
|---|---|
| (င) ပုလဲ<br>(စ) သစ်တော<br>(ဆ) တောရိုင်းတိရိစ္ဆာန်များ၊ သဘာဝ အပင်များနှင့် သဘာဝ နယ်မြေများ အပါအဝင် ပတ်ဝန်းကျင် ကာကွယ်ရေးနှင့် ထိန်းသိမ်း ရေး။ | (ဃ) ကျေးရွာ ထင်းစိုက်ခင်း<br>(င) အပန်းဖြေစခန်းများ၊ တိရိစ္ဆာန် ဉယျာဉ်၊ ရုက္ခဗေဒဉယျာဉ်။ |
| ၇။ စက်မှုလက်မှု ကဏ္ဍ<br>(က) ပြည်ထောင်စုအဆင့်က ဆောင်ရွက်မည့် စက်မှု လုပ်ငန်းများ<br>(ခ) စက်မှုဇုန်များ<br>(ဂ) ထုတ်လုပ်သည့် ပစ္စည်းများအတွက် အခြေခံစံချိန်စံညွှန်းများ<br>(ဃ) သိပ္ပံနှင့် နည်းပညာ၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ သုတေသန<br>(င) အလေးတင်းတောင်း၊ အတိုင်းအတာ စသည်တို့ကို စံပြုခြင်း။<br>(စ) မူပိုင်ခွင့်များ၊ တီထွင်မှု မူပိုင်ခွင့်များ၊ ကုန်အမှတ် တံဆိပ်များ၊ စက်မှုဆိုင်ရာ ဒီဇိုင်းများစသည့် အသိဉာဏ်ဆိုင်ရာ ပစ္စည်းများ။ | ၅။ စက်မှုလက်မှု ကဏ္ဍ<br>(က) ပြည်ထောင်စုအဆင့်က ဆောင်ရွက်ရန် သတ်မှတ်ထားသည့် စက်မှုလုပ်ငန်းများမှအပ အခြားစက်မှု လုပ်ငန်းများ<br>(ခ) အိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ |
| ၁၀။ စီမံခန့်ခွဲရေးကဏ္ဍ<br>(ခ) ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေး<br>…<br>(ဇ) နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး | ၈။ စီမံခန့်ခွဲရေးကဏ္ဍ<br>(က) စည်ပင်သာယာရေး<br>(ခ) မြို့ရွာ နှင့် အိုးအိမ် ဖွံ့ဖြိုးတိုးတက်ရေး<br>(ဂ) ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင် ဆုပစ္စည်းများ |

**ဇယား (၅)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ကောက်ခံရမည့် အခွန်အခများ**

၁။ မြေယာခွန်
၂။ ယစ်မျိုးခွန်
၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် ဆည်များ၊ တာတမံများကို အရင်းခံသည့် ရေခွန်၊ တာတမံခွန် နှင့် ထိုဆည်များ၊ တာတမံများ၏ ရေအားဖြင့် ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အား သုံးစွဲခ။
၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသည့် လမ်းများ၊ တံတားများ ဖြတ်သန်းခ။
၅။ (က) ရေချိုငါးလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက် ခံသည့် ဘဏ္ဍာတော်ကြေး၊
(ခ) သတ်မှတ်ထားသော အကွာအဝေးအတွင်း ပင်လယ်ငါးဖမ်းလုပ်ငန်းအပေါ်တွင် စည်းကြပ်ကောက်ခံ သည့် ဘဏ္ဍာတော်ကြေး။ ၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကုန်းလမ်း၊ ရေလမ်းသုံးယာဉ်များဆိုင်ရာ ဥပဒေအရ စည်းကြပ်သော အခွန်

၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ပိုင် ပစ္စည်းများ ရောင်းရငွေနှင့် ငှားရမ်းခများ၊ ယင်ပစ္စည်းများမှ ရရှိသော အခြားအကျိုး အမြတ် များ
၈။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဝန်ဆောင်မှုလုပ်ငန်းများအတွက် သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန် အခ များနှင့် အခြားရငွေများ။
၉။ တိုင်းဒေသကြီး တရားလွှတ်တော်၊ သို့မဟုတ် ပြည်နယ်တရားလွှတ်တော် အပါအဝင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ တရားရုံးများက ချမှတ်သည့် ဒဏ်ငွေများ၊ ဝန်ဆောင်မှုအတွက် ကောက်ခံသည့် အခွန်အခများနှင့် အခြားရငွေများ။
၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာ ရန်ပုံငွေများ ထုတ်ချေးသဖြင့် ရရှိသော အတိုးများ။
၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရင်းနှီးမြှုပ်နှံမှုဖြင့် ရရှိသည့် အကျိုးအမြတ်များ
၁၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ သစ်တောများမှ အောက်ပါပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသော အခွန် အခများ
(က) ကျွန်းနှင့် သတ်မှတ်သော သစ်မာများမှအပ ကျန်သစ်များအပေါ်တွင် ကောက်ခံသည့်အခွန်
(ခ) ထင်း၊ မီးသွေး၊ ကြိမ်၊ ဝါး၊ ငှက်သိုက်၊ ရှားစေး၊ သနပ်ခါး၊ ထင်းရှူးဆီ၊ သစ်မွှေး၊ ပျားထွက်ပစ္စည်းများ စသည်တို့အပေါ် ကောက်ခံ သည့် အခွန်။
၁၃။ မှတ်ပုံတင်ကြေး
၁၄။ ပွဲခွန်
၁၅။ ဆားခွန်
၁၆။ ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေမှ ရရှိသည့် ဘဏ္ဍာငွေများ
၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စည်ပင်သာယာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ထည့်ဝင်ငွေများ။
၁၈။ ပိုင်ရှင်မပေါ်သော သွင်းထားသည့် ငွေနှင့် ပစ္စည်းများ။
၁၉။ ရတနာသိုက်။

ပြည်နယ်/ တိုင်းဒေသကြီး အစိုးရရှိ ဝန်ကြီးများတွင်လည်း အာဏာအနည်းငယ်မျှသာ ရှိပါသည်။ ဤသို့ဖြစ်ပေါ်နေရသည်မှာလည်း အကြောင်းအရင်းများစွာ ရှိပါသည်။ ပြည်နယ်အဆင့် အုပ်ချုပ်ရေးနှင့် ဝန်ကြီးဌာနများတွင် ဝန်ထမ်းအဖြစ်ဆောင် ရွက်နေကြသူများမှာ ယခင်ကတည်းက ရှိထားနှင့်သော၊ အထွေထွေအုပ်ချုပ်ရေးဌာန (ထွေ/အုပ်)မှ ဝန်ထမ်းများ ဖြစ်ပြီး၊ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ခံ ဝန်ထမ်းများ ဖြစ်ပါသည်။ ဤစနစ်မှာ ယခင်အစိုးရလက်ထက် ၁၉၈၈ ခုနှစ်ကတည်းက ဖန်တီးထားသော စနစ်ဖြစ်ပြီး၊ စစ်တပ်က ထိန်းချုပ်ထားပါသည်။ ပြည်နယ်အဆင့်ရှိ ဌာနများမှာလည်း လုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ မသဲမကွဲ ရှိနေပြီး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်ဆံရေးလည်း ပြောင်းလဲဖြစ်ပေါ်နေပါသည်။ အနှစ်သာရအားဖြင့် ပြည်နယ်အစိုးရ လက်အောက်ရှိ ဌာနများ၏ အကြီးအကဲများကို ပြည်ထောင်စုဝန်ကြီးဌာနများမှ ခန့်အပ်ကြပြီး၊ ၎င်းဝန်ထမ်း အရာရှိများမှာ ပြည်ထောင်စု ဝန်ကြီးဌာနများ၏ တိုက်ရိုက်ကြီးကြပ်မှုအောက်တွင် ရှိကြပါသည်။ ပြည်နယ် အစိုးရ၏ ကြီးကြပ်မှုအောက်တွင် ရှိမနေပါ။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီးရှိ ဌာနများမှာ ပြည်နယ်/တိုင်း အစိုးရရှိ ဝန်ကြီးများနှင့် တစ်ခုချင်း ဆက်စပ်နေမှု မရှိကြပါ။ သို့အတွက်ကြောင့် တာဝန်ယူတာဝန်ခံမှုများတွင် လုပ်ငန်း ထပ်နေမှုများလည်း ဖြစ်ပေါ်နေပါသည်။ သို့အတွက်ကြောင့် တာဝန်ယူ တာဝန်ခံမှုနှင့် ပတ်သက်သော ဆက်ဆံရေးတွင်လည်း ဝေဝါးစရာအကြောင်းများ ရှိနေသည်။ အချုပ်ဆိုရသော် ပြည်နယ်ဝန်ကြီးများတွင် ဝန်ကြီးဌာနများ မရှိဘဲ၊ ဤဌာနများကို လည်ပတ်ရာ၌ လုပ်ပိုင်ခွင့်အာဏာ အနည်းငယ်မျှသာ ရှိသည် သို့မဟုတ် လုံးဝအာဏာမရှိသော အခြေအနေဖြစ်နေသည်။ ပြည်နယ်အစိုးရများ၏ ဝန်ကြီးချုပ်ကို သမ္မတက ရွေးချယ်ပါသည်။ ဆိုလိုသည်မှာ ၎င်းဝန်ကြီးချုပ်များက သမ္မတကို သစ္စာခံကြရပါသည်။ ပြည်နယ်လွှတ်တော်ကို တာဝန်ခံရန် မဟုတ်ပါ။ မြင်တွေ့နေရသည့် ပြဿနာများမှာ ပြည်နယ်အစိုးရ၏ ဖွဲ့စည်းပုံကို ယခင် စစ်အာဏာပိုင်ဟောင်းများက လွှမ်းမိုးချယ်လှယ်ထားပြီး၊ ပြည်နယ်လွှတ်တော်များတွင်လည်း သတ်မှတ်ထားသည့် အချိုးအဆဖြင့်

စစ်တပ်ကိုယ်စားလှယ် အမတ်များလည်း ပါဝင်နေပါသေးသည်။ ထို့အပြင် စစ်တပ် ကျောထောက်နောက်ခံပြု ထားသော ပြည်ထောင်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီမှ အမတ်များသာ ပြည်နယ်လွှတ်တော်အတွင်း အများစုဖြစ်နေရာ၊ ဤအချက်သည်လည်း ပြည်နယ်ဝန်ကြီးချုပ် ရွေးချယ်သကဲ့သို့ပင် အရေးပါလှပါသည်။

ပြည်နယ်ရှိ ဝန်ကြီးဌာနများမှာ ဘတ်ဂျက်အနည်းငယ်မျှသာ ခွဲဝေရရှိကြပါသည်။ (ဥပမာအားဖြင့်- ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေး ဘတ်ဂျက်အတွက် ပြည်နယ်နှင့်တိုင်းအတွက် ပြည်ထောင်စုဘတ်ဂျက်၏ ၃.၆ ရာခိုင်နှုန်းကို သာပေးမည်။[12]) ပြည်နယ်အစိုးရ၏ ဘတ်ဂျက် အများစုကို အထွေထွေအုပ်ချုပ်ရေးဌာနကပင် တစ်ဖန် ချုပ်ကိုင်ထားပြန်ပါသည်။ ၎င်းတို့က မြို့နယ်အဆင့် အုပ်ချုပ်ရေးနှင့် ပြည်ထဲရေးဝန်ကြီးဌာနက ခွဲဝေချပေးသည့် ဘတ်ဂျက်ကို ချုပ်ကိုင်ထားသည်။ ပြည်နယ်အစိုးရတွင် ဘတ်ဂျက်ကို ပြည်နယ်လွှတ်တော်က အတည်ပြု ပေးရသော်လည်း၊ ငွေကြေးဆိုင်ရာ ကိစ္စများတွင် ကိုယ်ပိုင်ပြဌာန်းလုပ်ပိုင်ခွင့် မရှိပါ။ ဘတ်ဂျက်နှင့်ပတ်သက် လာလျှင် ပြည်ထောင်စု ဘဏ္ဍာရေး ကော်မရှင်ထံ နောက်ဆုံးတင်ပြ၍ အတည်ပြုချက် ရယူနေရပါသည်။ [13]

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ သဘာဝ သယံဇာတများ နှင့် ဘဏ္ဍာဝင်ငွေများအပေါ် စီမံခန့်ခွဲမှုအာဏာကို စနစ်တကျ ဖွဲ့စည်းခြင်း (အင်စတီကျူးရှင်းအသွင် ဖြစ်စေခြင်း)

ငြိမ်းချမ်းရေးဆွေးနွေးပွဲတိုင်းတွင် အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများက ပြည်နယ်များကို အာဏာတိုးပေးရန်နှင့် ဖက်ဒရယ်ဝါဒ ကျင့်သုံးရန် တောင်းဆိုခဲ့ကြပါသည်။ သို့မှသာ ၎င်းတို့ဆန္ဒရှိနေကြသည့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိစေမည်ဖြစ်ပြီး "သူတို့၏ နိုင်ငံရေးအဆင့်အတန်းကို လွတ်လပ်စွာ ဆုံးဖြတ်နိုင်မည်၊ သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများအတွက် ဆောင်ရွက်နိုင်ကြမည် ဖြစ်ပေသည်။"[14] အချုပ်ဆိုရသော် အစိုးရမဟုတ်သည့် လက်နက်ကိုင် အင်အားစုများက သူတို့၏ဒေသများတွင် သဘာဝ သယံဇာတများ ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုအာဏာ ရလိုကြပြီး၊ ယခု ဖွဲ့စည်းပုံ အခြေခံဥပဒေတွင်မူ ဤအာဏာများအတွက် ပြည်ထောင်စုအစိုးရကိုသာ ပို၍လုပ်ပိုင်ခွင့်အာဏာပေးထားပါသည်။ အတိုက်အခံ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း "ယခုဖွဲ့စည်းပုံ အခြေခံဥပဒေဖြင့် တိုင်းရင်းသား ပြဿနာကို ဖြေရှင်းနိုင်ဖွယ် မရှိကြောင်း၊ တိုင်းရင်းသားလူမျိုးများ၏ လိုလားချက်များနှင့် ကိုက်ညီမှု မရှိကြောင်း" အသိ အမှတ်ပြုခဲ့ပါသည်။ [15]

---

[12] State and Region Governments in Myanmar, The Asia Foundation, September 2013, page 43

[13] ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ပတ်သက်သည့် သတင်းအချက်အလက် အများစုကို Asia Foundation က ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ထုတ်ဝေ သည့် "မြန်မာနိုင်ငံရှိ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ" အစီရင်ခံစာမှ အခြေပြု ရယူထားပါသည်။

[14] http://www.dvb.no/analysis/self-determination-and-constitutional-reform-in-burma-myanmar-ethnic-minorities-constitution/32417

[15] ဒေါ်အောင်ဆန်းစုကြည်၏ ပြောကြားချက်မှာ ချက်နိုင်ငံ၊ ပရာ့ဂ်မြို့တွင် ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ မိန့်ခွန်းမှ ဖြစ်ပါသည်။ http://www.reuters.com/article/2013/09/17/us-myanmar-suukyi-idUSBRE98G0ZZ20130917

အရပ်ဖက်လူမှု အဖွဲ့အစည်းများနှင့် (ပြည်တွင်း/ပြည်ပ) ကျွမ်းကျင်သူများကလည်း ဗဟိုချုပ်ကိုင်မှုအာဏာကို လျှော့ချပေးရန် တောင်းဆိုနေကြပါသည်။ သို့မှသာ အရင်းအမြစ်များကို ပို၍မျှတသော ခွဲဝေမှုမျိုး ဖြစ်စေနိုင်ပေ လိမ့်မည်။ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ အဆိုအရ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖက်ဒရယ်စနစ်ကျင့်သုံးရန် အောက်ပါအကြောင်းများအရ အရေးကြီးပါသည်။ [16]

၁။ ပြည်နယ်အစိုးရ၏ မိမိကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်ကို ကာကွယ်မှုပေးနိုင်ရန်။
၂။ ဒေသတွင်းရှိ အရင်းအမြစ်များနှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်နယ်က ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့် ရရှိနိုင်ရန်။
၃။ ပြည်နယ်/တိုင်းဒေသကြီးများက ပိုင်ဆိုင်သည့် အရင်းအမြစ်များကြောင့် ဒေသခံပြည်သူများ အကျိုးခံစားခွင့် ရရှိစေရန်။
၄။ ဖက်ဒရယ်စနစ်ကြောင့် ပြည်ထောင်စုအစိုးရ ဝန်ထမ်းများ လာဘ်စားမှု လျှော့နည်းကျဆင်းစေရန်။
၅။ ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် ထိခိုက်နစ်နာရသည့် ရပ်ရွာ အသိုက်အဝန်းများ အနေဖြင့်၊ ပို၍ကိုယ်စားပြု ပါဝင်ခွင့်ရရှိစေရန်.. တို့ ဖြစ်ပါသည်။

ပြည်နယ်များနှင့် ဒေသန္တရအဆင့်သို့ အာဏာများ ပိုမိုခွဲဝေချထားပေးရန် အထူးအရေးကြီးလှပြီး၊ သို့မှသာ စီမံခန့်ခွဲမှုများကို ပို၍ ကောင်းမွန်လာစေမည်။ ဒေသခံပြည်သူများအတွက် ပို၍ အကျိုးရှိစေမည်ကို ထိပ်ပိုင်း အစိုးရခေါင်းဆောင်များဖြစ်သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးရွှေမန်း၊ သမ္မတဦးသိန်းစိန်တို့က အသိအမှတ်ပြု လာကြပါသည်။ ဤပြဿနာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ပို၍ကျယ်ပြန့်လာစေရန်အတွက်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို လျင်မြန်စွာ ရှေ့ဆက်အကောင်အထည်ဖော်နိုင်ရေးအတွက် အရေးပါပါသည်။ ဝန်ကြီးဦးစိုးသိန်း က ပြောကြားရာ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေးအတွက် လွှတ်တော်က အတည်ပြုပေးသင့်ပြီး၊ ဘဏ္ဍာဝင်ငွေ ခွဲဝေသုံးစွဲမှု ရာခိုင်နှုန်းကို ပို၍ အောက်ခြေသို့ ချပေးသင့်သည်ဟု လွတ်လပ်သော အာရှအသံ ရေဒီယို (RFA) နှင့် တွေ့ဆုံ ဆွေးနွေးရာတွင် ပြောဆိုခဲ့သည်။ "ဒီကိစ္စက ကျွန်တော်တို့ရဲ့ အိပ်မက်ပါပဲ။ သူတို့ ဒေသတွေကို (တိုင်းရင်းသားလူမျိုးစုတွေက) သူတို့ကိုယ်တိုင် အုပ်ချုပ်ဖို့ အာဏာလွှဲပြောင်းပေးဖို့ဆိုတာ သမ္မတ ရော၊ ကျွန်တော်တို့ရဲ့ အိပ်မက်ပါ" ဟု ဆိုခဲ့သည်။[17] ဝန်ကြီးဦးစိုးသိန်းက ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၃ ရက် နေ့တွင် ပြောကြားခဲ့ရာတွင် အစိုးရက ပြည်နယ်များသို့ ကိုယ်ပိုင်ပြဌာန်းခွင့်ပို၍ ပေးလိုကြောင်း၊ လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် ယခုကဲ့သို့ပြောင်းလဲမှုများကို အတည်ပြုပေးရန် တောင်းဆိုလိုကြောင်း၊ သဘာဝသယံဇာတများမှ ဘဏ္ဍာဝင်ငွေများကို ရာခိုင်နှုန်းတိုး၍ ခွဲဝေပေးရန် လိုလာကြောင်း ပြောဆိုခဲ့သည်။

အစိုးရအဖွဲ့တွင် အရေးပါသူများက ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြန်ဆင်ရန် တိုက်တွန်းပြောဆိုနေသည့် အချိန်၌၊ လုံးဝ အသစ်ပြန်လည် ပြင်ဆင်ရေးသားမှုကိုမူ မလိုလားကြပါ။ ၂၀၁၃ ခုနှစ်၊ မတ်လတွင် ကျင်းပသည့် ရှမ်းပြည်နယ်-ကယားပြည်နယ် ညီလာခံတွင် ဤသို့ပြဿနာမျိုးကို မြှင့်တင်ပြောဆိုခြင်း မပြုကြရန် ဝန်ကြီး ဦးအောင်မင်းက ရှမ်းခေါင်းဆောင်များကို သတိပေးပြောကြားခဲ့သည်ဟု ဆိုပါသည်။[18] UNFC အပါအဝင် တိုင်းရင်းသားခေါင်းဆောင် အများစုကမူ ဖွဲ့စည်းပုံ အခြေခံဥပဒေကို အသစ်ပြန်လည်ရေးဆွဲရန် တောင်းဆို

[16] Shwe Gas Movement's Presentation "EITI: Challenges in Burma" at BNI's Economics of Peace Conference, 8 Sept 2013

[17] http://www.mizzima.com/news/inside-burma/8156-burma-wants-to-share-more-revenue-with-ethnic-states-minister.html

[18] http://bnionline.net/index.php/news/shan/14995-ethnic-armed-group-leaders-and-government-representatives-met-in-lashio.html

နေကြပြီး၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ တင်းကျပ်ချုပ်ချယ်သည့် မူများကြောင့် ပြင်ဆင်မည့်အစား၊ အသစ်ရေးဆွဲသင့်သည်ဟု ဆိုနေကြပါသည်။ လက်ရှိတွင် UNFC နှင့် ညီညွတ်သော တိုင်းရင်းသားများ မဟာမိတ်အဖွဲ့ချုပ် (UNA) တို့က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေကို စင်ပြိုင်အဖြစ် တင်ပြနိုင်ရန် ဖက်ဒရယ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနေကြပါသည်။ ကွာခြားချက်မှာ ပြည်နယ်များသို့ အာဏာခွဲဝေပေးမှု ဖြစ်ပြီး၊ ပြည်နယ်များကို သူတို့သီးခြားပြည်နယ်၏ အရေးကိစ္စများကို ဆောင်ရွက်နိုင်ရန် ဥပဒေပြုခွင့် အပြည့်အဝ ပေး ထားခြင်း ဖြစ်ပါသည်။ အခွန်အကောက်ကိစ္စများ၊ အကြီးစားစွမ်းအင် စီမံကိန်းများ၊ သဘာဝ သယံဇာတများ တူးဖော် ထုတ်လုပ်ခွင့်များ အပါအဝင် လုပ်ပိုင်ခွင့် အကျယ်အပြန့်ကို အလိုရှိနေကြပါသည်။

အာဏာခွဲဝေမှု ပြဿနာနှင့် ပတ်သက်၍ အစိုးရက ဖြေရှင်းနိုင်ရန် နည်းလမ်းတစ်စိတ်တစ်ပိုင်း အနေဖြင့်၊ သမ္မတဦးသိန်းစိန်က သူ၏ ပြုပြင်ပြောင်းလဲရေး မဟာဗျူဟာများတွင် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို အရေးပါ သည့် ကဏ္ဍအဖြစ် ထည့်သွင်း ဆောင်ရွက်လာပါသည်။ သမ္မတရုံးဝန်ကြီး ဦးလှထွန်းအနေဖြင့် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းများဆောင်ရွက် ရန်နှင့် **စီးပွားရေးနှင့် ပြုပြင်ပြောင်းလဲရေး အခြေခံမူဘောင် (FESR)** ပါ အချက် ၁၀-ချက်ကို အကောင်အထည်ဖော်ရန် အမိကတာဝန်ယူထားရပါသည်။ FESR မှာ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဌာန (CESD)မှ သမ္မတ၏ ပြည်သူ့အခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို အထောက်ကူ ဖြစ်စေရန် မူကြမ်းပြုစုရေးဆွဲထားခဲ့ခြင်း ဖြစ်ပြီး၊ တတိယအကြိမ် စီမံကိန်းရေးဆွဲရေးဆိုင်ရာ အစည်းအဝေး ကျင်းပသည့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် မူကြမ်းကို ထုတ်ပြန်ကြေညာခဲ့ပါသည်။ ယင်းအခြေခံ မူဘောင်တွင် ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် ဥပဒေ၊ စည်းမျဉ်းများရေးဆွဲနိုင်ရေး၊ လက်ရှိ ပြည်နယ်/ တိုင်းဒေသကြီးများ၏ လုပ်ငန်းတာဝန်များတွင် ထပ်မံဖြည့်ဆည်းပေးနိုင်သည့် အခွင့်အလမ်းများ၊ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးအတွက် "ဘက်စုံမူဝါဒ" ဆက်စပ်မှုများ လိုအပ်နေသည်ကို အလေးပေး ဖော်ပြထားပါသည်။ သမ္မတ က ပြောကြားရာ၌၊ အုပ်ချုပ်ရေး စနစ်အသစ်သည် … အုပ်ချုပ်သူ တစ်ဦးတစ်ယောက်က လုပ်ဆောင်မှုကြောင့် ဖြစ်ပေါ်လာသော ပြည်သူလူထု၏ နစ်နာချက်၊ စိတ်ခံစားမှုများကို လျှော့ကျစေရန် မျှော်လင့်ထားသည်ဟု ဆိုပါသည်။[19]

၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် သမ္မတက အစိုးရအုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းမှုများကို ထုတ်ပြန်ကြေညာခဲ့ပြီး ပြည်နယ်/တိုင်းဒေသကြီးရှိ အစိုးရဌာနများ၊ ဝန်ကြီးများ၊ လွှတ်တော်တို့အကြား ရှုပ်ထွေး ဝေဝါးနေမှုများကို ရှင်းလင်းရန် ရည်ရွယ်ခဲ့ပါသည်။ ဤလုပ်ဆောင်ချက်များတွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအနေဖြင့် လူသားအရင်းအမြစ် စီမံခန့်ခွဲမှုများအပေါ် ပို၍ ဩဇာသက်ရောက်နိုင်မည် ဖြစ်ပြီး၊ ပြည်ထောင်စုဝန်ကြီးဌာနများတွင် အာဏာသိပ်သည်းနေမှုကိုလည်း ပို၍ဖြန့်ခွဲပေးမည် ဖြစ်ပါသည်။ ကျန်ရှိနေ သည့် သက်တမ်း လ-၃၀ တွင် ဆောင်ရွက်မည့် အစီအစဉ်များအရ **ကျေးရွာနှင့် မြို့နယ်ကော်မတီများ**ကို ဖွဲ့စည်းပုံအရ ထားရှိမည်ဖြစ်ပြီး၊ ဒေသန္တရအဆင့်တွင် အကောင်အထည်ဖော်နေမှုများကို ၎င်းတို့က ကြီးကြပ် စောင့်ကြည့်ကြမည် ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဦးစားပေးလုပ်ငန်းများကိုလည်း သုံးသပ်စိစစ် ကြမည် ဖြစ်ပါသည်။

ပြည်ထောင်စုလွှတ်တော်ကလည်း ၂၀၁၀ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် (နအဖ) အစိုးရ၏ ဥပဒေ၊ **တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များဆိုင်ရာ ဥပဒေ**ကို အစားထိုးသည့် ဥပဒေကို မကြာသေးမီက ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၃

[19] http://www.president-office.gov.mm/en/?q=briefing-room/speeches-and-remarks/2012/12/26/id-1320

ခုနှစ်၊ ဥပဒေတွင် အရေးပါသည့် အပြောင်းအလဲများ ပြုခဲ့ပါသည်။ ပြည်နယ်/ တိုင်းဒေသကြီးလွှတ်တော်ရုံးမှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ထိန်းချုပ်စရာ မလိုတော့ဘဲ၊ လွှတ်တော်ကျင်းပစဉ်ကာလများတွင် ပြည်သူများ တက်ရောက်နားထောင်ခွင့် ရှိလာပါသည်။ ကိုယ်စားလှယ်အမတ်များတွင် မိမိ၏မဲဆန္ဒနယ်များအတွက် ရန်ပုံငွေများထားရှိရန် အဆိုပြုခဲ့ပြီး၊ သီးခြားလွတ်လပ်သည့် ကိုယ်စားလှယ်ရုံးများထားရှိရန်လည်း ပါဝင်ပါသည်။ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP)က ကုလသမဂ္ဂ အရင်းအနှီးဖွံ့ဖြိုးတိုးတက်လာစေရေး ရန်ပုံငွေ (UNCDF)၊ ကမ္ဘာ့ဘဏ်တို့နှင့် ပူးတွဲ၍ အောက်ခြေအစိုးရအဆင့်များတွင် ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်ကြီးတစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန် ပြင်ဆင်ရေးဆွဲနေကြပါသည်။ ၎င်းတို့က အစိုးရနှင့် ပူးတွဲဆောင်ရွက်၍ မြို့နယ်နှင့် လူမှုအသိုက်အဝန်းများသို့ လိုအပ်နေသည့် အရင်းအမြစ်များ ထောက်ပံ့ပေးနိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်ပြီး၊ ဒေသန္တရလူထုများ၏ အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းဆိုင်ရာ စွမ်းဆောင်ရည်များ မြင့်တက်လာစေရန် ဖြစ်ပါသည်။ ယခုစီမံကိန်းများနှင့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများ၏ အခန်းကဏ္ဍ၊ အရည်အသွေးတို့ကို ချိတ်ဆက်လိုက်ပါက ဗဟိုမဟုတ်သည့် အောက်ခြေအဆင့်အစိုးရဖွဲ့စည်းပုံများ၏ ဖြည်းဖြည်းချင်း ပြောင်းလဲတိုးတက်လာရန် ရှိနေပါသည်။

ဥပဒေပြုရေးဘက်မှလည်း လွှတ်တော်တွင် လူများစုဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) က ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ပြန်လည်သုံးသပ်ရေးအတွက် လွှတ်တော်ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများနှင့် ပြင်ဆင်ပြောင်းလဲနိုင်စေရေးအတွက် ယခုကဲ့သို့ ဖွဲ့စည်းခြင်း ဖြစ်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးအတွက် ပူးတွဲကော်မတီတွင် ပြည်သူ့လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ က ဥက္ကဋ္ဌ နှင့် အမျိုးသားလွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးမြငြိမ်းက ဒုဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်ကြသည်။ လွှတ်တော်အမတ် စုစုပေါင်း ၁၀၉ ဦး ပါဝင်ပြီး၊ အစိုးရပါတီမှ ၅၂ ဦး၊ တပ်မတော်သား လွှတ်တော်အမတ် ၂၅ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) မှ ၉ ဦး၊ ကျန်နိုင်ငံရေးပါတီများနှင့် တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ၂၅ ဦးတို့ ပါဝင် ဖွဲ့စည်းထားပါသည်။ ၎င်းကော်မတီက ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့ နောက်ဆုံးထား၍ အကြံပြုချက်များ တင်ပြရမည် ဖြစ်ပါသည်။ ယင်းကော်မတီက ပထမအကြိမ် အစည်းအဝေးကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ မည်သည့်အကြောင်းအရာများ ဆွေးနွေးသည်ကို မသိရှိရပါ။[20] ယင်းကော်မတီအပြင် အမျိုးသား လွှတ်တော်က "ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် အုပ်ချုပ်မှုယန္တယား ပြန်လည်ဖွဲ့စည်းရေး"အတွက် ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။[21] စာရေးဆရာ ဦးကျော်ဝင်းက "မြန်မာနိုင်ငံအတွက် ဖက်ဒရယ်စနစ်နှင့် ကျင့်သုံးမှုများ" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ပြီး၊ အခြားစာရေးဆရာ တစ်ဦးဖြစ်သူ စောမြင့်မောင်က "ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် အုပ်ချုပ်ရေးယန္တယား ပြန်လည်ဖွဲ့စည်းရေး" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။[22]

လွှတ်တော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်သုံးသပ်ရေးကော်မတီကို ပြန်၍ချိန်ညှိနိုင်ရန်အတွက်၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် ညီညွတ်သော တိုင်းရင်းသား မဟာမိတ်များအဖွဲ့ချုပ် (UNA) တို့ကလည်း သူတို့ကိုယ်ပိုင် ပြန်လည် သုံးသပ်ရေး ကော်မတီများ ဖွဲ့စည်း၍၊ တွေ့ရှိချက်များကို ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလတွင်

[20] http://www.myawady.net.mm/allnews/local/item/23331-2013-08-24-09-28-04

[21] Decentralization and Restructuring Administration Debate held, New Light of Myanmar, 2 Aug 2013. p8 http://www.burmalibrary.org/docs15/NLM-2013-08-02-red.pdf

[22] http://www.rfa.org/burmese/news/writer-kyawwin-explain-federalism-paper-08062013124832.html

ထုတ်ပြန်ကြမည် ဖြစ်ပါသည်။ ယင်းတို့က စနေနေ့တိုင်းတွင်၊ အစည်းအဝေးများ ကျင်းပနေကြသည်။ သို့သော် မည်သည့်အကြောင်းအရာများအပေါ် ဆွေးနွေးကြသည်ကို လူသိရှင်ကြား ထုတ်ပြန်ကြေညာခြင်း မရှိပါ။

သို့သော်လည်း၊ အာဏာခွဲဝေရေးကိစ္စအတွက်မှာမူ မသဲမကွဲ ရှိနေပြီး၊ မည်သို့သော အာဏာကို မည်သို့သော အချိုးအစား၊ ရာခိုင်နှုန်းဖြင့် မည်သူများထံ ခွဲပေးမည်ကို မသဲမကွဲ ရှိနေပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရခိုင်လူမျိုးရေးရာ ဝန်ကြီး ဦးဇော်အေးမောင်ကမူ **"မြန်မာနိုင်ငံ အရင်းအမြစ်များ ဖြန့်ဝေရေး ဥပဒေမူကြမ်း"** ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် အဆိုပြု တင်သွင်းထားပါသည်။ တိုင်းရင်းသားများထံသို့ သဘာဝ သယံဇာတများမှ ထုတ်လုပ်၊ ပြုပြင်၍ရရှိသော အကျိုးအမြတ်များကို နိုင်ငံခြားကုမ္ပဏီများ၊ ပြည်တွင်း ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်၍ အချိုးတစ်ခု ခွဲဝေပေးရန် ဖြစ်ပါသည်။ ယခု အစီရင်ခံစာရေးသားနေသည့် အချိန်တွင် ရခိုင်အမျိုးသား ဖွံ့ဖြိုးရေး တိုးတက်ရေးပါတီ (RNDP) နှင့် ရခိုင်အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (ALD)၊ ဥပဒေကျွမ်းကျင်သူ ပညာရှင်တို့အကြား ၎င်းကိစ္စကို ဆွေးနွေးပြီး၊ ပြည်ထောင်စုလွှတ်တော် နာယက သူရဦးရွှေမန်းထံ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်နေ့တွင် တင်ပြထားသည်ဟု သိရှိရပါသည်။[23] ရှမ်းပြည်နယ် သစ်တောနှင့် သတ္တုတွင်းဝန်ကြီး ဦးစိုင်းအိုက်ပေါင်းကလည်း ပြည်ထောင်စုလွှတ်တော်သို့ ပြည်နယ်၏ ဘတ်ဂျက်ကို ယခုလက်ရှိ ဘတ်ဂျက် ၇% မှ ၅၀% သို့ တိုးပေးရန်၊ လွှတ်တော်နာယက သူရဦးရွှေမန်း ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် တောင်ကြီးသို့ လာရောက်စဉ်က တင်ပြခဲ့သည်ဟု ဆိုပါသည်။


တိုင်းရင်းသား ပူးပေါင်းဆောင်ရွက်မှု အလုပ်အဖွဲ့ (WGEC)၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲများအတွက် အခြေခံ မူဘောင် (နောက်ဆုံးမူ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၈ ရက်နေ့အရ) တွင်လည်း ပြည်နယ်နှင့် ပြည်ထောင်စု အစိုးရတို့အကြား ဆွေးနွေးညှိနှိုင်းကြရမည့် ကိစ္စများအဖြစ် ယေဘုယျသဘော တင်ပြထားပါသည်။ ၎င်းတို့မှာ ခေါင်းစဉ် ၁ တွင် "ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ အခန်း ၃ တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် ပါဝင်သင့်သည့် အဆိုပြုသော"စီးပွားရေးဆိုင်ရာ မေးခွန်း " စသည်တို့ကို အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အင်အားစုများအကြား ဆွေးနွေးသင့်သည်ဟု အကြံပြုထားပါသည်။ သို့သော်လည်း ယင်းအစီရင်ခံစာတွင်လည်း အသေးစိတ် အကြံပြုထားခြင်း မရှိဘဲ၊ နစ်ဖက် ဆက်လက်ဆွေးနွေးနိုင်ကြရန် လမ်းဖွင့်ပေးထားသည့် သဘောတွေ့ရပါသည်။

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ အစိုးရ၏ DDR အစီအစဉ် နောက်ကွယ်ရှိ စီးပွားရေး

စီးပွားရေးလုပ်ပိုင်ခွင့်များသည် အစိုးရ၏ လက်နက်ဖျက်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်နေရာ ချထားရေး (DDR) အစီအစဉ်တွင် အရေးပါသည့် အစိတ်အပိုင်း ဖြစ်ပါသည်။ ဤနည်းဖြင့် လက်နက်ကိုင် အဖွဲ့များကို တရားဥပဒေဘောင်တွင်းသို့ ပြန်လည်ရောက်ရှိစေရန် ရည်ရွယ်ထားပါသည်။ ထို့အပြင် အစိုးရ မဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်း ချမ်းရေး ဆွေးနွေးပွဲများတွင်လည်း အဓိကကျသော

[23] http://www.mizzima.com/business/natural-resources/9877-minister-seeks-support-to-table-natural-resources-allocation-bill-in-the-parliament, http://www.mizzima.com/news-91481/prisoner-watch/10149-speaker-to-meet-with-rakhine-organizations , http://www.mmtimes.com/index.php/national-news/7941-rakhine-push-for-fair-share-of-resources.html

တောင်းဆိုချက်များ ဖြစ်နေပြီး၊ သူတို့၏ဒေသ ဖွံ့ဖြိုးတိုးတက်စေရန် ဟု ဆိုကြပါသည်။ အရေးကြီးသည့်အချက်မှာ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ပုံမှန်ဝင်ငွေ ရှိစေပြီး၊ သူတို့ ၏အာဏာကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်၊ သူတို့စစ်သားများနှင့် မိသားစုဝင်များ၏ ဘဝ၊ သက်မွေးဝမ်းကျောင်း ဖန်တီးပေးရန်လည်း လိုအပ်ပါသည်။




စီးပွားရေးအရ စီစဉ်ဖွဲ့စည်းမှုများ အရေးပါကြောင်းကိုလည်း တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC) ၏ အခြေခံမူဘောင်တွင် "အသွင်ကူးပြောင်းရေးကာလ အစီအစဉ်များ" အဖြစ် ရှင်းပြထားသည်ကို တွေ့ရှိကြရပါသည်။ "မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အသွင်ကူးပြောင်းရေးကာလ၌ တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများကို လှုပ်ရှားနိုင်စေရန်၊ အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရာတွင် ခိုင်မာသည့်အခန်းကဏ္ဍက ပါဝင်နိုင်စေရန်" လိုအပ်သည်ဟု ဖော်ပြထားသည်။ အခန်း (၃) "အာဏာခွဲဝေမှု" တွင် ယင်းကဖော်ပြထားရာ၌ "(က) တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများကို အရင်းအမြစ်များ (i) အခွန်ကောက်ခံခြင်း၊ (ii) စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ (iii) အစိုးရနှင့် နိုင်ငံတကာအလှူရှင် များထံမှ အကူအညီများ လက်ခံရယူစေခြင်း၊ သို့မဟုတ် (iv) ၎င်းတိုင်းရင်းသားလက်နက်ကိုင်တို့၏ ဒေသ အတွင်းရှိ မဟာစီမံကိန်းကြီးများမှ အရင်းအမြစ်ဘဏ္ဍာကို ခွဲဝေပေးခြင်း… စသည်တို့ဖြင့် ရယူခွင့် ရှိစေရန်" ဟု ဖော်ပြထားပါသည်။

## နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များ (BGF/PMF)

အစိုးရ၏ လက်နက်ဖျက်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်နေရာချထားရေး (DDR) အစီအစဉ်အရ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများသည်၊ နိုင်ငံရေးပါတီများ ဖွဲ့စည်းကြရန်ဖြစ်ပြီး၊ ရွေးကောက်ပွဲ

တွင် ပါဝင်ယှဉ် ပြိုင်ကြရန် ဖြစ်သည်။ ထိုအချိန်တွင် အသက် ၅၀- အောက် အဖွဲ့ဝင်များမှာ နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်လက်နက်ကိုင်တပ်များတွင် ပါဝင်တာဝန်ထမ်းဆောင်နိုင်ကြသည်။ ၎င်းတပ်များသည် မြန်မာ့တပ်မတော်၏ အမိန့်ပေးထိန်းချုပ်မှုအောက်တွင် ရှိမည်ဖြစ်သည်။ ထို့အပြင် ၎င်းအဖွဲ့များအနေဖြင့် တရားဝင်စီးပွားရေး လုပ်ငန်းများလုပ်ရန်၊ ကုမ္ပဏီမှတ်ပုံတင်ရန်လည်း တိုက်တွန်းမှုများ ရှိသည်။

သို့သော်လည်း ထွက်ပေါ်လာသည့် ရလဒ်များမှာ အမျိုးမျိုးကွဲပြားနေသည်။ အချို့သောအဖွဲ့များမှာ စီးပွားရေးကုမ္ပဏီများ ဖွဲ့စည်းနိုင်၍၊ အချို့ခေါင်းဆောင်များမှာ သူတို့ဒေသများ၌ ရွေးကောက်ပွဲတွင် အောင်မြင် လွှတ်တော်အမတ်များ ဖြစ်လာကြသော်လည်း၊ အချို့သောအဖွဲ့များမှာ အခွန်ကောက်ခံမှု၊ မူးယစ်ဆေး ကုန်သွယ်ခြင်းကဲ့သို့သော တရားမဝင်လုပ်ငန်းများကို သူတို့တပ်များကို ဆက်လက်ထိန်းသိမ်း ကျွေးမွေးထားနိုင်ရန် ဆက်လက်လုပ်ကိုင်နေကြသည်။ သို့အတွက်ကြောင့်ပင် အပစ်အခတ်ရပ်စဲရေး ပြုထားသော်လည်း မူးယစ်ဆေးဝါးထုတ်လုပ်မှု ပိုမိုတိုးတက်လာသည်ကို မြင်တွေ့နေကြရခြင်း ဖြစ် သည်။ သို့သော်လည်း အစိုးရက ယခုလိုပြိုလွယ်ကွဲလွယ် ဖြစ်နေသည့် သဘောတူညီချက်များကို မပျက်စီးစေလိုသောကြောင့် နယ်ခြားစောင့်တပ်/ ပြည်သူ့စစ်တပ်ဖွဲ့များ၏ တရားမဝင် ဆောင်ရွက်ချက်များကို မျက်ကွယ်ပြုထားကြသည်။ ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့များက ရာဇဝတ်ဂိုဏ်းများသဖွယ် ဖြစ်လာသည့် အဆိုးရွားဆုံး နမူနာအဖြစ် နော်ခမ်းနှင့် သူ၏ဟောင်လွတ်ပြည်သူ့စစ်တပ်ဖွဲ့ (Hawngleuk Militia)ကို တွေ့မြင်ကြရသည်။ ဤသို့ လူသိများသည့် ဖြစ်ရပ်သည် နယ်ခြားစောင့်တပ်/ ပြည်သူ့စစ် ဖွဲ့စည်းပေးရေး အစီအစဉ် မအောင်မြင် ကျဆုံးပုံကို သတိပေး ပြသနေပြီး၊ အစိုးရက လေးနက်စွာ ပြန်၍ချင့်ချိန်စဉ်းစားသင့်ပါသည်။ သို့မဟုတ်ပါက ပြည်တွင်းနှင့် နိုင်ငံတကာ လုံခြုံရေးအတွက်ပါ ထိခိုက်စေမည့် ရာဇဝတ်ဂိုဏ်းများ ပေါ်ပေါက်လာစေမည် ဖြစ်သည်။

# ၂၀၁၁ ခုနှစ် နောင်းပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ တောင်းဆိုချက်များ

အများစုသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများက အစိုးရနှင့်ပြုလုပ်သည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် သူတို့လိုလားသည့် စီးပွားရေးလုပ်ငန်းများ တောင်းဆိုခဲ့ကြသည်။ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုဟု ဆိုကြသည်။ ၎င်းမှာ တစ်နည်းတစ်ဖုံအားဖြင့် နိုင်ငံရေးပြေလည်မှုပင်ဖြစ်ပြီး၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများကို စီးပွားရေးအရ ဝေစုတစ်ခု ရရှိစေသည်။ သူတို့ဒေသတွင်းရှိ သဘာဝသယံဇာတများ ရယူခွင့် ရရှိစေသည်။ သူတို့ရရှိသည့် ဘဏ္ဍာဝင်ငွေများကြောင့် တရားဝင် အဖွဲ့အစည်း ရပ်တည်နိုင်ရေး ဖြစ်ပေါ်စေပြီး၊ လှုပ်ရှားမှုများကိုလည်း ဆက်လက်ဆောင်ရွက် နိုင်ကြသည်။ တစ်နည်းအားဖြင့် စစ်အင်အားလျှော့ချရေးနှင့် ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ် တစ်စိတ်တစ်ပိုင်းလည်း ဖြစ်သည်။ အောက်တွင် (၂၀၁၃ ခုနှစ်၊ စက်တင်ဘာလကာလအတွင်း) စုဆောင်း ရရှိသော တိုင်းရင်းသားအဖွဲ့များက တောင်းဆိုသည့်၊ ခွင့်ပြုသည့် စီးပွားရေးလုပ်ငန်းများကို ဖော်ပြထားပါသည်။ ဤနေရာတွင်လည်း ရလဒ်များမှာ အမျိုးမျိုးကွဲပြားနေပြန်ပါသည်။ အချို့ကအောင်မြင်ပြီး၊ အချို့မှာ မအောင်မြင်ကြပေ။ တစ်ခုမှာ စီမံခန့်ခွဲမှု ပြဿနာကြောင့် ဖြစ်နိုင်ပြီး၊ (အများစုမှာ စီးပွားရေးလုပ်ကိုင်တတ်သည့် ကျွမ်းကျင်မှုမျိုး မရှိကြပါ။) သို့သော်လည်း RCSS (ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ) ကိစ္စတွင်မူ အစိုးရ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့က RCSS ကို မှတ်ပုံတင်၍ စီးပွားရေး လုပ်ပိုင်ခွင့်များ ခွင့်ပြုသော်လည်း၊ မြန်မာစစ်တပ်က ပိတ်ဆို့နေမှုများ ရှိပါသည်။

## ဇယား (၄)။ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့များ၏ စီးပွားရေးလုပ်ငန်းများ

| အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့ | မှတ်ပုံတင်ထားသည့် ကုမ္ပဏီ | အသေးစိတ် အချက်အလက်များ |
|---|---|---|
| CNF | Khonumtung ခိုနွန်းထုန်ကုမ္ပဏီ (၂၀၁၂) | ဆောက်လုပ်ရေး၊ သစ်ထုတ်လုပ်ငန်း၊ ဆက်သွယ်ရေး၊ ကုန်သွယ်ရေး၊ ခရီးသွားလုပ်ငန်း၊<br>ထန်တလန်မှမှ ၁၅ မိုင် အကွာ လမ်းဖောက်လုပ်ရန် ကန်ထရိုက်ရသည်။ ကျွန်းသစ်တန် ၁၀၀၀ နှင့် သစ်မာဆန် ၁၀၀၀ ထုတ်လုပ်ရန် ခွင့်ပြုချက်ရသည်။ |
| DKBA | မှတ်ပုံတင်မထား | ရာဘာစိုက်ခင်း၊ သစ်မွှေးစိုက်ပျိုးရေး၊ သတ္တုထုတ်လုပ်ရေး၊ ကျွန်းသစ်ထုတ်လုပ်ငန်း |
| ကရင် BGF တပ်ဖွဲ့များ | မှတ်ပုံတင်မထား၊<br>နယ်ခြားစောင့်တပ်ဖွဲ့ အဖြစ်သာ စီးပွားရေးလုပ်နေသည်။ | စီးပွားဖြစ်စိုက်ပျိုးရေး၊ သတ္တုတွင်းလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် လူသုံးကုန် ထုတ်လုပ်ရေး၊ ခရီးသွားလုပ်ငန်း၊<br>နယ်ခြားစောင့်တပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးစောချစ်သူ၏ အဆိုအရ အသားတင်အမြတ်၏ ၅၀% ကို ဒေသဖွံ့ဖြိုးရေး၊ အဖွဲ့ဝင်မိသားစုများ၏ ကျန်းမာရေးနှင့် ပညာရေးစောင့်ရှောက်မှုအတွက် အသုံးပြုသည်။ |
| KIO | ဘူးဂါးကုမ္ပဏီ (၁၉၉၄) | မြစ်ကြီးနားနှင့် ဗိုင်းမော်မြို့သို့ လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၊ ကျောက်စိမ်းမိုင်း၊ ကုန်သွယ်ရေးနှင့် စီးပွားဖြစ် စိုက်ပျိုးရေး (လျှပ်စစ်ဓါတ်အား ဖြန့်ဖြူးရေးမှအပ ကျန်လုပ်ငန်းများအားလုံးမှာ ၂၀၁၁ ခုနှစ်တွင် အပစ်အခတ်ရပ်စဲရေး ပျက်ပြယ်ပြီးနောက်၊ ရပ်ဆိုင်းနေကြပြီ ဖြစ်သည်။) |
| KNPP | ကယားဌာနေ ကုမ္ပဏီ (၂၀၁၂)<br>တမောထာ (၂၀၁၂) | ကယားဌာနေ ကုမ္ပဏီက ကယားပြည်နယ်တွင် ခဲထုတ်လုပ်သည်။ တမောထာကုမ္ပဏီက သွင်းကုန်-ထုတ်ကုန်လုပ်ငန်း ဆောင်ရွက်သွားရန် ရှိပြီး၊ ကျွန်းသစ်ကို ဦးစားပေးဆောင်ရွက်မည်။ |
| KNU | မိုးကိုစံ ခရီးသွားနှင့် ဧည့်သည် ပို့ဆောင်ရေးလုပ်ငန်းကုမ္ပဏီ လီမိတက် ကုန်သွယ်ရေး ကုမ္ပဏီ လီမိတက် (တပ်မဟာ ၇ က လုပ်ငန်းလည်ပတ် ဆောင်ရွက်နေသည်။)<br>အခြား မှတ်ပုံတင်မထားသည့် စီးပွားရေး လုပ်ငန်းများ | သစ်ထုတ်လုပ်ငန်း၊ သတ္တုတွင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် သယ်ယူပို့ဆောင်ရေး။ |
| KNU/KNLA ငြိမ်းချမ်းရေး ကောင်စီ | မှတ်ပုံတင်မထား | ရာဘာစိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နယ်စပ်ကုန် သွယ်ရေး၊ သတ္တုတွင်း တူးဖော်ရေး၊ ကျွန်းသစ်ထုတ်လုပ်ရေးနှင့် ရောင်းဝယ်ခွင့်၊ ခရီးသွား လုပ်ငန်းများလုပ်ကိုင်ရန် တောင်းဆိုထား သည်။ |

| | | |
|---|---|---|
| NDAA | ရွှေလင်းစတား ခရီးသွားကုမ္ပဏီ (၁၉၈၉) | သတ္တုတွင်း၊ စီးပွားဖြစ် စိုက်ပျိုးရေး၊ သစ်ထုတ်လုပ်ငန်း၊ ကုန်သွယ်ရေး၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း၊ ကာဆီနိုလုပ်ငန်းများ။<br>ကျွန်းသစ်တန် ၁၀၀၀၀ ထုတ်လုပ်ရန် တောင်းဆိုသည့် အနက် တန် ၁၀၀၀ ထုတ်ခွင့်ပေးသည်။ သတ္တုတွင်း တူးဖော်ရေးနှင့် ရေအားလျှပ်စစ်စက်ရုံ တည်ဆောက်ရန် လည်း ခွင့်ပြုချက်ရရှိသည်။ |
| NMSP | ရာမည အင်တာနေရှင်နယ် ကုမ္ပဏီ (၁၉၉၅)၊ ဟံသာဝတီကုမ္ပဏီ (၁၉၉၅) ရာမည ယူနိုက်တက် (၂၀၁၂) | ဆောက်လုပ်ရေး၊ စီးပွားဖြစ် စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေး၊ သစ်ထုတ်လုပ်ရေး။ |
| PNLO | မှတ်ပုံတင်မှု စောင့်ဆိုင်းနေဆဲ | သစ်ထုတ်လုပ်ရေး၊ သတ္တုတွင်း၊ ကုန်သွယ်ရေး၊ ဘိလပ်မြေ ထုတ်လုပ်ရေး၊ ဆောက်လုပ်ရေးနှင့် ဟိုတယ်လုပ်ငန်း၊ ပွဲရုံ လုပ်ငန်းများ လုပ်ကိုင်ရန် ခွင့်ပြုထားပြီ ဖြစ်သည်။ |
| RCSS | ရှမ်းတောင်တန်း ချယ်ရီ (၂၀၁၂) | သတ္တုတွင်း၊ လမ်းဖောက်လုပ်ရေး၊ သစ်ထုတ်လုပ်ရေး၊ စိုက်ပျိုးရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် စီးပွားဖြစ် စိုက်ပျိုးရေးလုပ်ငန်းများ အတွက် ခွင့်ပြုထားပြီး ဖြစ်သည်။<br>ရှမ်းပြည်နယ်တောင်ပိုင်းတွင် စက်မှုဇုန် တည်ထောင်ရန် အဆို ပြုထားသည်။ |
| SSPP | မှတ်ပုံတင်မထား | ၁၉၈၉ ခုနှစ် အပစ်အခတ်ရပ်စဲရေးပြီးချိန်မှစ၍ SSPP ခေါင်းဆောင်များတွင် ပတ္တမြားတွင်း၊ ကုန်သွယ်ရေး လုပ်ငန်းများ ရှိနေပြီးသည်ကို သိထားရသည်။ |
| UWSA | သော်တာဝင်း ကုမ္ပဏီ (၂၀၁၂ တွင် မှတ်ပုံတင်သည်) ၁၉၉၈ ခုနှစ်တွင် မှတ်ပုံတင်ထားသည့် ဟုန်ပန်းကုမ္ပဏီ ကို အမည် ပြောင်းထားသည့် ကုမ္ပဏီ ပင် ဖြစ်သည်။ အခြား ကုမ္ပဏီများမှာ တက်ခမ်း ကုမ္ပဏီ လီမိတက်၊ မြန်မာတကောင်း ကုမ္ပဏီ လီမိတက်၊ မိုင်းမော ကုမ္ပဏီ လီမိတက်။ | ကဏ္ဍပေါင်းစုံ စီးပွားရေးလုပ်ငန်းများ။ ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ ကျောက်မျက်နှင့် သတ္တုတွင်း၊ သစ်ထုတ်လုပ်ငန်း၊ ရေနံလုပ်ငန်း၊ လျှပ်စစ်ပစ္စည်း၊ တယ်လီကွန်မြူနီကေးရှင်း ဆက်သွယ်ရေး၊ စက်ရုံများ၊ ဘဏ်များ၊ အရက်ချက်စက်ရုံများ၊ ကုန်တိုက်ကြီးများ၊ လေကြောင်းလိုင်း၊ ဟိုတယ်နှင့် ဘီယာချက်စက်ရုံများ။ |

# ငြိမ်းချမ်းရေးပွဲစား (အကျိုးဆောင်) များ၏ အခန်းကဏ္ဍ

## ထားဝယ်မင်းသမီး ကုမ္ပဏီ လီမိတက်

အစိုးရနှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) တို့၏ ကနဦး ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် ထားဝယ်မင်းသမီး ကုမ္ပဏီ (Dawei Princess Co. Ltd) က ကြားဝင် အကျိုးဆောင် ခဲ့သလို၊ လိုအပ်သည့် စီစဉ်ပံ့ပိုးမှုနှင့် ငွေကြေးပံ့ပိုးမှုပါ ပေးခဲ့ပါသည်။ သို့အတွက်ကြောင့် အစိုးရနှင့် လက်နက်ကိုင် အဖွဲ့အစည်းများအကြား တွေ့ဆုံနိုင်ရေးအတွက် စီးပွားရေး လုပ်ငန်းရှင်များ အရေးကြီးသည်ကိုလည်း တွေ့ရှိရသည်။[24] ထားဝယ်မင်းသမီးကုမ္ပဏီက ကေအဲန်ယူအဖွဲ့၏ ထားဝယ်မြို့ဆက်ဆံရေးရုံး တည်ထောင်ရန်နှင့် လည်ပတ်ကုန်ကျစားရိတ်များ ကနဦးတွင် ပေးခဲ့သည်။ နောက်ပိုင်းတွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) နှင့် ငြိမ်းချမ်းရေး အလှူရှင် အဖွဲ့များ ထူထောင်ပြီးနောက်ပိုင်းတွင် ဆက်လက်ပတ်သက်မှု မရှိတော့ပါ။ အငြိမ်းစား စစ်တပ်အရာရှိ တစ်ဦး ဖြစ်သူ ဦးငွေစိုးက ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးတွင်လည်း အစုရှယ်ယာ တစ်စုံတရာ ပါဝင် ထားပြီး၊ ကေအဲန်ယူ ထိန်းချုပ်ဒေသတွင်း၌ သစ်ထုတ်လုပ်ရေးလုပ်ငန်းများလည်း ဆောင်ရွက်နေသည်။ သို့အတွက်ကြောင့်ပင် အစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုတွင် ပြင်ပအင်အားစုများ ပါဝင်ပတ်သက်လာရခြင်းအပေါ် သံသယဖြစ်နေကြသည်။ အထူးသဖြင့် စီးပွားရေးကုမ္ပဏီတစ်ခုဖြစ်သည့် ထားဝယ်မင်းသမီးကုမ္ပဏီ၏ ပါဝင် ပတ်သက်မှုမျိုး ဖြစ်သည်။

သို့သော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေမှုနှင့် ပတ်သက်၍ ၎င်းကုမ္ပဏီ ဒါရိုက်တာ၏ ရှင်းလင်းချက် အရမူ၊ ငြိမ်းချမ်းရေးအတွက် စေတနာသက်သက်ဖြင့် ဆောင်ရွက်မှုသာ ဖြစ်သည်ဟု ဆိုသည်။[25] ၁၉၈၂ ခုနှစ်တွင် ကေအဲန်ယူနှင့် တိုက်ခိုက်ခဲ့သည့် တပ်မတော်အရာရှိ တစ်ဦးအနေဖြင့်၊ သူ့ပုဂ္ဂိုလ်ရေးဆန္ဒအရ စစ်ပွဲများ နိဂုံးချုပ်စေလိုသည်။ ငြိမ်းချမ်းစေချင်သည်ဟု ဆိုသည်။ ပို၍ အရေးကြီးသည့်အချက်မှာ သူက ကေအဲန်ယူ ခေါင်းဆောင်များနှင့်လည်း ရင်းနှီးမှုရှိပြီး၊ အစိုးရက သူ့ကို ငြိမ်းချမ်းရေးအတွက် အကျိုးဆောင်အဖြစ် နှစ်ဖက်ကြား ကြားဝင်စေလိုသည်။ သူက ကိုးကားဖော်ပြရာ၌ ကေအဲန်ယူ တပ်မဟာ ၄ မှ အဆင့်မြင့်တပ်မှူးက အစိုးရနှင့် ကေအဲန်ယူအကြား ငြိမ်းချမ်းရေးအကျိုးဆောင်လုပ်ငန်း အောင်မြင်စေရန် ပံ့ပိုးပေးခဲ့သည်ဟု ဆိုသည်။ ကေအဲန်ယူအဖွဲ့၏ခေါင်းဆောင်တစ်ဦး ဖြစ်သည့် နော်စီဖိုးရာစိန်ကလည်း၊ ထားဝယ်မင်းသမီး ကုမ္ပဏီသည် ကေအဲန်ယူနှင့် ပထမဦးဆုံး ဆက်သွယ်ခဲ့ပြီး၊ ပြည်နယ်အဆင့် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများစတင်နိုင်ရန် အစိုးရ (ဝန်ကြီးဦးအောင်မင်း) နှင့် ကေအဲန်ယူအကြား အကျိုးဆောင်ပေးခဲ့သည်ဟု ဆိုသည်။[26]

---

[24] ထားဝယ် ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန် စီမံကိန်း၏ လက်ခွဲကန်ထရိုက်များတွင် ထားဝယ်ဖွံ့ဖြိုးရေး ကုမ္ပဏီ၊ ဦးဇော်ဇော် ပိုင်ဆိုင်သည့် မက်စ်မြန်မာ ကုမ္ပဏီ၊ ဦးခင်ဇော်မင်း (ယခင် ရွှေတြိဂံတိုင်း တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၏ ညီ) ပိုင်ဆိုင်သည့် ထားဝယ်မင်းသမီးကုမ္ပဏီတို့ ပါဝင်သည်။ Myanmar Original Group ၊ ကနောင်အေးရှား၊ တနင်္သာရီတိုင်းမှ လွှတ်တော်အမတ်တစ်ဦးဖြစ်သူ ဦးဌေးမြင့်ပိုင်ဆိုင်သည့် ယုဇန ကုမ္ပဏီ နှင့် ဆန်းသစ်ကုမ္ပဏီတို့ ပါဝင်သည်။ http://www.mizzima.com/news/inside-burma/6379-coal-power-plant-in-dawei-cancelled.html

[25] http://www.daweiprincess.biz.mm/index.php?option=com_content&view=article&id=12&Itemid=117

[26] http://karennews.org/2012/05/knu-questions-role-of-govts-business-linked-peace-talk-advisors.html/

## ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ (ကချင်ပြည်နယ်)

အလားတူပင် ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့သည်လည်း ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် အစိုးရ ငြိမ်းချမ်းရေးဖော်ဆောင်မှုအဖွဲ့ အကြား တွေ့ဆုံဆွေးနွေးပွဲများ ဖြစ်လာစေရန် အကျိုးဆောင်ခဲ့ ကြပြီး၊ ဤအဖွဲ့တွင် နာမည်ကြီး စီးပွားရေးလုပ်ငန်းရှင်များ ပါဝင်ကြသည်။ ထားဝယ်မင်းသမီးကုမ္ပဏီ ကဲ့သို့ပင် သူတို့ကလည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေမှုသည် စေတနာဖြင့် ဆောင်ရွက်ခြင်းသာ ဖြစ်သည်၊ စီးပွားရေး အကျိုးအမြတ် မမျှော်ကိုးထားပါဟု ဆိုကြသည်။ ဤအဖွဲ့ကလည်း ထားဝယ်မင်းသမီးကုမ္ပဏီ ကဲ့သို့ပင် သူတို့နှင့် ကေအိုင်အိုခေါင်းဆောင်များအကြား ရှိထားသည့် ရင်းနှီးမှုကိုအခြေခံ၍ အစိုးရနှင့် နှစ်ဖက်အကြားတွေ့ဆုံနိုင်စေရန် စီစဉ်ပေးခဲ့ကြသည်။

## မြန်မာအီးဂရက်စ်အဖွဲ့ (Myanmar Egress)

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ အစပိုင်းတွင်၊ ကေအဲန်ယူအဖွဲ့ခေါင်းဆောင် နော်စီဖိုးရာစိန်က အစိုးရ၏ အကြံပေးအဖွဲ့တစ်ခု ဖြစ်သည့် မြန်မာအီးဂရက်စ်မှ ခေါင်းဆောင်များကို စိုးရိမ်ပူပန်မှု ရှိခဲ့သည်။ ၎င်းအဖွဲ့မှာ အရပ်ဖက်လူမှုအဖွဲ့အစည်း တစ်ခုဖြစ်သော်လည်း စီးပွားရေးလုပ်ငန်းရှင်များဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ ယခုအခါ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုဌာန (Myanmar Peace Center) တွင် အရေးပါသည့် တာဝန်များ ယူထားပြီး ဖြစ်သည်။[27] မြန်မာအီးဂရက်စ်အဖွဲ့၏ ဥက္ကဋ္ဌမှာ မြန်မာနိုင်ငံ ငါးမွေးမြူရေးလုပ်ငန်းရှင်များ အဖွဲ့ချုပ်မှ ဒု-ဥက္ကဋ္ဌ ဖြစ်ပြီး၊ ဒု-ဥက္ကဋ္ဌဖြစ်သူ ဦးလှမောင်ရွှေမှာ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဖြစ်သည်။ နော်စီဖိုးရာစိန်က ကရင်သတင်းဌာန (KIC) သို့ ပြောပြရာ၌ "သူတို့ရဲ့ အခန်းကဏ္ဍ ဘယ်လိုရှိတာဆိုတာ ကျွန်မတို့မသိပါ ဘူး။ မြန်မာအီးဂရက်စ်အဖွဲ့က အစိုးရအကြံပေး တွေလို ပြုမူနေတာပဲ။ ဒါပေမယ့် အစိုးရဖက်ကနေ သူတို့ရဲ့အတိအကျ အခန်းကဏ္ဍကို ကေအဲန်ယူကို ရှင်းပြတာ တော့ မရှိသေးပါဘူး" ဟု ဆိုပါသည်။

# ဖွံ့ဖြိုးရေးတွင် နိုင်ငံခြားကူညီထောက်ပံ့မှုများ၏ အခန်းကဏ္ဍ

အလားတူပင်၊ အရပ်ဖက်လူမှု အဖွဲ့အစည်းအများက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရပ်ခြားကူညီပံ့ပိုးမှုများ၏ စီးပွားရေး အကျိုးအမြတ် မျှော်လင့်နေမှုအပေါ် သံသယရှိကြပါသည်။ ဥပမာအားဖြင့်- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရေးပါသည့် အလှူရှင် ၂ ဦးဖြစ်သည့် နော်ဝေနှင့် ဂျပန်နိုင်ငံများ ဖြစ်သည်။ [28]

---

[27] http://karennews.org/2012/05/knu-questions-role-of-govts-business-linked-peace-talk-advisors.html/

[28] တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးရေးဆုံရပ် (Ethnic Community Development Forum) ၏ အထွေထွေအတွင်းရေးမှူး ဖြစ်သူ စိုင်းခေးဆိုင်က BNI က ကျင်းပသည့် စီးပွားရေးနှင့် ငြိမ်းချမ်းရေးဆိုင်ရာ ဆယ်မီနာတွင် ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်နေ့က ပြောဆိုတင်ပြချက်များကို အခြေပြုဖော်ပြ ခြင်းဖြစ်သည်။

## နော်ဝေနိုင်ငံ

နော်ဝေနိုင်ငံက ငြိမ်းချမ်းရေး အကူအညီ ပံ့ပိုးမှုအုပ်စု (Peace Donor Support Group) တွင် ဦးဆောင်နေသူဖြစ်ပြီး၊ ဤ အလှူရှင်အုပ်စုတွင် နော်ဝေ၊ ဩစတြေးလျ၊ ယူနိုက်တက် ကင်းဒမ်း၊ ဥရောပသမဂ္ဂ၊ ကုလသမဂ္ဂ၊ နှင့် ကမ္ဘာ့ဘဏ်တို့ ပါဝင်ကြ သည်။ ၎င်းတို့က မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပံ့ပိုးမှု (Myanmar Peace Support Initiative) ကို ကမကထပြု ရှေ့ဆောင်နေကြသည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လအထိ ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းများအတွက် ကူညီရန် ဒေါ်လာသန်း ၁၀၀ အဆိုပြုထားပြီး ဖြစ် သည်။ တစ်ချိန်တည်းမှာပင် နော်ဝေးက မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ရန် ထက်သန်နေကြောင်းလည်း ပြသခဲ့သည်။ ဥပမာအားဖြင့်-နော်ဝေနိုင်ငံမှ တယ်လီကွန်မြူနီကေးရှင်း ကုမ္ပဏီတစ်ခုဖြစ်သည့် တယ်လီနော (Telenor) က မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းများ ဆောင်ရွက်ရန် လိုင်စင်အောင်မြင်ခဲ့သည်။ နော်ဝေနိုင်ငံမှ စွမ်းအင် ကုမ္ပဏီ တစ်ခုဖြစ်သည့် စတက်အွိုင်း (Statoil) ကလည်း မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသို့ ဝင်ရောက်ရန် စိတ် ကူးနေသည်။ နော်ဝေနိုင်ငံ၏ ဝန်ကြီးချုပ် စတိုတင်ဘာ့ဂ် (Stoltenberg) က ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံသို့ လာရောက်သည့် ခရီးစဉ်၌၊ "မြန်မာနိုင်ငံနှင့် နော်ဝေက ကုန်သွယ်မှု၊ စီးပွားရေးဆက်ဆံမှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆန္ဒရှိပါကြောင်း...စွမ်းအင်၊ ရေအားလျှပ်စစ်၊ ရေနံနှင့် သဘာဝဓာတ်ငွေ့၊ ငါးဖမ်းလုပ်ငန်းနှင့် ဆက်သွယ် ရေးလုပ်ငန်းများတွင် ဖြစ်ကြောင်း" ပြောင်ပြောင်တင်းတင်းပင် ဖော်ပြခဲ့သည်။

## ဂျပန်နိုင်ငံ

ဂျပန်နိုင်ငံကလည်း မြန်မာနိုင်ငံ၏ ပင်မအလှူရှင်တစ်ဦး ဖြစ်ပြီး၊ နိပွန်ဖောင်ဒေးရှင်းမှတဆင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သို့ အကူအညီများ ပေးနေသည်။ ၎င်းဖောင်ဒေးရှင်းက ညီညွတ်သော တိုင်းရင်းသားများ ဖက်ဒရယ်ကောင်စီ (UNFC) သို့ ဒေါ်လာ ၃ သန်းထောက်ပံ့ ပေးခဲ့သည်။ စီးပွားရေးကဏ္ဍဖက်တွင်လည်း ဂျပန်နိုင်ငံက သီလဝါ အထူးစီးပွားရေးဇုန်တည်ဆောက်ရန် အတွက် ဒေါ်လာ ၁၂.၆ ဘီလီယံ ထောက်ပံ့ပေးမည် ဖြစ်ပြီး (မစ်ဆူဘီရှီ၊ မာရူဘီနီ၊ ဆူမိတိုမို ကုမ္ပဏီကြီးများက ၄၉% အစုရှယ်ယာ ထည့်ဝင်ကြမည် ဖြစ်သည်။ ဂျပန်က အခြေခံ အဆောက်အအုံများ တည်ဆောက်ပေးရေးအတွက် အထူးစိတ်ဝင်စားပြီး၊ ဈေးကွက်အသစ်တွင် သတ္တုတွင်းတူးလုပ်ငန်းနှင့် အခြား အထွေထွေ အခွင့်အလမ်းများ လည်း မျှော်မှန်းထားသည်။ ၂၀၁၃ ခုနှစ်၊ မေလနှင့် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတို့တွင် ဂျပန်ဝန်ကြီးချုပ်နှင့် ဒု-ဝန်ကြီးချုပ်တို့ မြန်မာနိုင်ငံသို့ အလည်အပတ် ရောက်ရှိလာခဲ့ပြီး၊ ကြွေးမြီ ဂျပန်ယန်းငွေ ၅၀၀ ဘီလီယံ (ဒေါ်လာ ၄. ၉ ဘီလီယံ) ကို လျှော့ပေါ့ပယ်ဖျက်ပေးခဲ့သည်။ ထို့အပြင် နိုင်ငံရပ်ခြားဖွံ့ဖြိုးရေး အကူအညီအဖြစ်လည်း နောက်ထပ်သန်းထောင်ချီ၍ ကူညီ ပေးခဲ့သည်။ လေ့လာသူအများစုက ဂျပန်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံတွင် ပထဝီနိုင်ငံရေးအရ စိတ်ဝင်စားမှုရှိနေသည်၊ အရှေ့တောင်အာရှဒေသအတွင်း တရုတ်နိုင်ငံ၏ ဩဇာလွှမ်းမိုးမှုကို ချိန်ညှိလိုသည်ဟု ယူဆနေကြသည်။

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၃)။ လက်ရှိ ဖွဲ့စည်းပုံအခြေခံ ဥပဒေအတွင်း၌ အုပ်ချုပ်ရေးစနစ်ကို တိုးတက် ကောင်းမွန်စေခြင်း

အလျင်အမြန် ပြုပြင်ပြောင်းလဲရေးများ ဖြစ်ပေါ်လာစေရန်နှင့် အကျင့်ပျက်ခြစားမှုကို ကိုင်တွယ်နိုင်ရန် မြန်မာနိုင်ငံ၏ အားနည်းချိနဲ့နေသည့်၊ မထိရောက်မထက်မြက်သည့် စနစ်များကို တိုးတက်စေရန်သည်၊ ကနဦး လုပ်ဆောင်ရမည့် လိုအပ်ချက် ဖြစ်ပါသည်။ အရာရှိများနှင့် အစိုးရဝန်ထမ်းများအတွက် အုပ်ချုပ်ရေး သင်တန်းများကို ဒေသခံပညာရပ်ဆိုင်ရာ ကျွမ်းကျင်သူတို့က စီစဉ်ပေးခဲ့ကြပါသည်။ ထို့အပြင် နိုင်ငံခြား အစိုးရများ ဖြစ်သည့် ဂျပန်နှင့် တရုတ်တို့ကလည်း သင်တန်းများ စီစဉ်ပေးခဲ့ကြပါသည်။ ဒေသခံတို့၏ အရည်အသွေးကို မြင့်တက်စေပြီး၊ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်း အစီအစဉ်ကို တိုးတက်စေရန်၊ အထွေထွေ အုပ်ချုပ်ရေးစနစ် တိုးတက်ကောင်းမွန်လာစေရန် နိုင်ငံရပ်ခြားအလှူရှင် အဖွဲ့အစည်းများ ဖြစ်ကြသည့် သြစတြေလျ၊ နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF)၊ UNDP ၊ ကမ္ဘာ့ဘဏ်တို့က ရေးဆွဲနေသော ဖွံ့ဖြိုးရေး အစီအစဉ်များတွင်လည်း အလေးထား ဆောင်ရွက်နေကြပါသည်။

ပြည်သူ့လွှတ်တော်က အဖွဲ့ဝင် ၁၅-ဦး ပါဝင်သည့် **တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ကော်မတီ**ကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဒေါ်အောင်ဆန်း စုကြည်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ယင်းကော်မတီက လွှတ်တော်အမတ်များ၊ အစိုးရ၏ တရားရေး ဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ သတင်းမီဒီယာများကို ဥပဒေနည်းလမ်းတကျ ဖြစ်စေအောင် ကူညီပံ့ပိုးပေးသွားမည် ဖြစ်ပါသည်။ အကယ်၍ လိုအပ်ပါက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြ၍ အရေးယူ ဆောင်ရွက်မှုများ လုပ်ဆောင်သွားနိုင်ပါသည်။ ထို့အပြင် ယင်းကော်မတီက ဥပဒေများ၊ နည်းဥပဒေများ ဖျက်သိမ်းရန်၊ ပြင်ဆင်ဖြည့်စွက်ရန်၊ ပြဌာန်းရန်ကိစ္စများအတွက် တရားဥပဒေစိုးမိုးရေး အကောင်အထည် ဖော်နေမှုများကို စောင့်ကြည့်မှု ပြုနိုင်ပါသည်။ ယင်းကော်မတီ၏ ပထမဦးဆုံး အကြိမ်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်မှုရှိစေ ခြင်းဖြင့် ငြိမ်းချမ်းရေးတည်ဆောက်မှုများကို အကောင်အထည်ဖော်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလတိုင်အောင် ကော်မတီက တိုင်ကြားစာပေါင်း ၁,၇၀၀ ကျော်ကို လက်ခံရရှိခဲ့ပြီး၊ အများအားဖြင့် မြေယာ အငြင်းပွားမှုများ၊ ဥပဒေကြောင်းနှင့် တရားရေးနှင့်ဆိုင်သောကိစ္စများအပေါ် တိုင်ကြားကြခြင်း ဖြစ်ပါသည်။ ယင်းကော်မတီက သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းတိုင်ပင်၍ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန်လည်း ကြိုးစားခဲ့ပါသည်။ ၂၀၁၃ ခုနှစ်တွင် ကော်မတီက တင်ပြသည့် စာမျက်နှာ ၇-မျက်နှာရှိ အစီရင်ခံစာက တရားဥပဒေ စိုးမိုးမှု တည်ဆောက်ရန်ဆိုလျှင် အရေးအကြီးဆုံး အဆင့်တစ်ခုအဖြစ် နိုင်ငံတော်နှင့် တရားစီရင်ရေးဌာနများအကြား သီးခြား လွတ်လပ်မှုရှိစေရန် လိုအပ်ကြောင်း တောင်းဆိုခဲ့ပါသည်။ ထို့အပြင် အစီရင်ခံစာက ရာဇဝတ်မှုများ ဖြေရှင်းရာတွင် ရဲများ က ထိရောက်ထက်မြက်စွာ မဆောင်ရွက်နိုင်မှုနှင့် ဥပဒေများ၏ အားနည်းချက်များကိုပါ အလေးပေးထောက်ပြခဲ့ပါသည်။ ထို့အပြင် လွှတ်တော်အနေဖြင့် အုပ်ချုပ်ရေးကဏ္ဍတွင် ဖြစ်ပေါ်နေသည့် လာဘ်ပေးလာဘ်ယူမှုများကို လျှော့နည်းကျဆင်း စေရန် သီးခြားလွတ်လပ်သည့် အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းရန်လည်း အကြံပြုခဲ့ပါသည်။

**အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မတီ** တစ်ခုကို သမ္မတ၏အမိန့်အာဏာဖြင့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ နိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် စီးပွားရေးကဏ္ဍများအတွင်း အဂတိလိုက်စားမှု

များကို ကိုင်တွယ်ရန် အရေးပါသည့် ပထမအဆင့် ဖြစ်ပါသည်။[29] ယင်းကော်မတီကို ဒု-သမ္မတစိုင်းမောက်ခမ်းက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ သမ္မတရုံး ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းက အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။ အခြားအဖွဲ့ဝင်များအဖြစ် ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့်၊ သမ္မတရုံးဝန်ကြီး ဦးစိုးမောင်၊ သမ္မတရုံးဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်း၊ ရှေ့နေချုပ် ဦးထွန်းရှင်၊ သမ္မတ၏ ဥပဒေအကြံပေး ဦးသန်းကျော်တို့ ပါဝင်ကြပါသည်။ ယင်းကော်မတီက မည်မျှအတိုင်းအတာအထိ လုပ်ပိုင်ခွင့်ရှိမည်မှာ ရှင်းလင်းသေချာ မရှိလှပါ။ ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့ အစည်းအဝေးတွင် ဥက္ကဋ္ဌက အဓိကကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာကိစ္စများနှင့် လုပ်ကိုင်ဆောင်ရွက်မှုအတွက် အကြံပြုချက်များကို ပြောကြားပါသည်။[30] ယင်းကော်မတီတွင် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မပါဝင်သောကြောင့် စိုးရိမ်ပူပန်မှု ဖော်ပြကြသည်လည်း ရှိပါသည်။ သို့အတွက်ကြောင့်ပင် လွှတ်တော်၏ တရားဥပဒေစိုးမိုး ရေးကော်မတီက သီးခြားလွတ်လပ်သည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ ဖွဲ့စည်းရန် တိုက်တွန်းခဲ့ခြင်း ဖြစ်ပါသည်။

၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်တွင် ကောင်းမွန်သည့်အစိုးရစနစ် ဖြစ်ပေါ်လာစေရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပွင့်လင်း မြင်သာမှုရှိစေရေး၊ နိုင်ငံတကာ စံချိန်စံနှုန်းများအတိုင်း ဖြစ်လာစေရေးအတွက် **အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ**ကို ပြဋ္ဌာန်းခဲ့ပါသည်။ [31] ဤကြိုးပမ်းချက်မှာ ကုလသမဂ္ဂ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး နိုင်ငံတကာသဘောတူညီချက် ကို အသိအမှတ်ပြုရန် ကြိုးပမ်းဆောင်ရွက်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါသည်။ ယင်းဥပဒေကို UNODC နှင့် UNDP တို့၏ ကူညီမှုဖြင့် ရေးဆွဲခဲ့ခြင်း ဖြစ်ပါသည်။[32] ယင်းဥပဒေအရ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေး အစိုးရဌာနများ၏ အရာရှိများအားလုံးသည်သူတို့၏ ပိုင်ဆိုင်မှုများကို ကြေညာရန် လိုအပ်ပြီး၊ အကျင့်ပျက်ခြစားသည်ဟု ယူဆရသည့် အရာရှိကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ အရေးယူမည် ဖြစ်ပါသည်။ ယင်းဥပဒေအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် အဖွဲ့ဝင် များသည်လည်း သူတို့၏ပိုင်ဆိုင်မှုများကို ကြေညာရန် လိုအပ်ပြီး၊ ယင်းပြဋ္ဌာန်းချက်ကို သမ္မတ က ဆန့်ကျင်ပါသည်။ ယင်းဥပဒေ၏ အခန်း (၃)၊ အပိုဒ် (ဃ) အရ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် ပုံမှန် မဟုတ်သည့် ကြွယ်ဝချမ်းသာမှုများနှင့် လာဘ်ပေးလာဘ်ယူမှုများကို စုံစမ်းစစ်ဆေးနိုင်ပါသည်။ အပိုဒ် (င) တွင် ကော်မရှင်က တွေ့ရှိချက်များကို သမ္မတနှင့် အထက်လွှတ်တော်၊ အောက်လွှတ်တော် ဥက္ကဋ္ဌများထံ တင်ပြရမည် ဖြစ်ပါသည်။

ပြည်သူ့ဝန်ဆောင်မှု စွမ်းဆောင်ရည်အကဲဖြတ် ကော်မတီကိုလည်း ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် အစိုးရ အမိန့်အမှတ် ၁၇/၂၀၁၃ ဖြင့် ဖွဲ့စည်းပေးခဲ့ပြီး၊ ၎င်း၏ ရည်ရွယ်ချက်မှာ ပြည်သူ့ဝန်ဆောင်မှုများ စွမ်းဆောင်ရည် အရည်အသွေး မြင့်မားလာစေရန် ဖြစ်ပါသည်။ ထို့အပြင် ပြည်သူကို အခြေပြုသော အုပ်ချုပ်ရေးစနစ် ဖြစ်ပေါ်လာစေရန်၊ အုပ်ချုပ်ရေးကဏ္ဍ အရည်အသွေးတိုးတက်လာစေရန်နှင့် လူမှု-စီးပွားရေး ကဏ္ဍ တိုးတက်လာစေရန် ဖြစ်ပါသည်။ သမ္မတရုံးဝန်ကြီး ဦးတင်နိုင်သိန်းက ဦးဆောင်ပြီး ပြည်ထဲရေးဝန်ကြီး ဌာနမှ ဒု-ဝန်ကြီးများ၊ သမ္မတ၏ နိုင်ငံရေးအကြံပေးအရာရှိ ဦးကိုကိုလှိုင်၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ သမ္မတ အကြံပေး ဒေါက်တာအောင်ထွန်းသက်၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးရေးအရင်း အမြစ်အဖွဲ့ (MDRI) မှ ဒေါက်တာဇော်ဦးနှင့် ဦးတင်မောင်သန်းတို့ ပါဝင်ကြသည်။ ယင်းအဖွဲ့က ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လုပ်ငန်းကြန့်ကြာနေသည်များ၊

[29] http://www.mmtimes.com/index.php/national-news/3773-anti-corruption-committee-formed.html

[30] http://www.mizzima.com/news-91481/prisoner-watch/9628-anti-corruption-committee-meets-in-naypyitaw

[31] http://www.myanmargeneva.org/uselink/uselink2.htm

[32] http://www.unodc.org/southeastasiaandpacific/en/myanmar/2012/10/uncac/story.html

မထိရောက်သော ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်းများကို စောင့်ကြည့် ဖယ်ရှားမည် ဖြစ်သည်။ ထို့အပြင် လုပ်ငန်းဆောင်ရွက်ပုံနှင့် ပြည်သူလူထုနှင့် ထိတွေ့ဆက်ဆံရေး ကိစ္စများအပေါ်တွင်လည်း လေ့လာသုံးသပ်မည် ဖြစ်သည်။ ပြည်သူများ၏ ထင်မြင်ယူဆချက်များကို စုဆောင်း၍ ပြည်တွင်း/ပြည်ပ ကျွမ်းကျင်သူများနှင့် တိုင်ပင်အကြံရယူသွားမည် ဖြစ်ပါသည်။ သူတို့၏ တွေ့ရှိချက်များနှင့် အကြံပြုချက်များကို သမ္မတထံ တင်ပြသွားမည် ဖြစ်ပါသည်။

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၄)။ သယံဇာတ ထုတ်လုပ်မှုများအပေါ် ပွင့်လင်းမြင်သာမှုရှိစေရေး ကြိုးပမ်းဆောင်ရွက်ချက်(EITI) သို့ အသင်းဝင်အဖြစ် လျှောက်ထားခြင်း

နိုင်ငံပိုင် ဘဏ္ဍာ၊ ရန်ပုံငွေများ မည်သည့်နေရာသို့ သွားသည်၊ အသုံးချသည်ဆိုသည့် ကိစ္စများ၌ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် တိုးတက်လုပ်ဆောင်လာခြင်း၊ ဒေသခံပြည်သူများ၏အသံကို ပိုမို အသိအမှတ်ပြုလာခြင်းသည် တစ်နည်းအားဖြင့် ပွင့်လင်းမြင်သာမှုအတွက် ကောင်းမွန်သည့် နည်းလမ်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် အစိုးရအနေဖြင့် ကျန်းမာ သန်စွမ်းသည့်၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှု ရရှိရန်အတွက် ဒေသခံ ပြည်သူများထံမှ ယုံကြည်မှု ရရှိရန် လိုအပ်ကြောင်း သဘောပေါက်လာပါသည်။ သို့သော်လည်း လူအများစုမှာ ဘဏ္ဍာရန်ပုံငွေကို မည်သို့ ပွင့်လင်းမြင်သာစွာ သုံးစွဲသည်ဟူသည့် အရေးထက်၊ သဘာဝသယံဇာတများနှင့် ပတ်သက်၍ မည်သူက ပိုင်ဆိုင်သည်၊ မည်သို့စီမံခန့်ခွဲမှု အာဏာ ရှိသည်ကို ရှုပ်ထွေးဝေဝါးနေကြဆဲ ဖြစ်ပါသည်။

ပွင့်လင်းမြင်သာမှု တိုးတက်လာစေရေးအတွက် အစိုးရ၏ အစီအစဉ်တစ်ခု၊ အရေးပါသည့် ခြေလှမ်းတစ်ရပ်အဖြစ် EITI (သယံဇာတ ထုတ်လုပ်ရေးလုပ်ငန်းများတွင် ပွင့်လင်းမြင်သာမှု ရှိစေရေး ကြိုးပမ်းမှု) သို့ ပူးပေါင်းပါဝင်ရန် ၂၀၁၂ ခုနှစ် နှစ်လယ်ပိုင်းတွင် ဆုံးဖြတ်ခဲ့ပါသည်။ သို့အတွက်ကြောင့် သယံဇာတ ထုတ်လုပ်ရေးလုပ်ငန်းများတွင် အရေးပါသည့် အခြေခံမူဘောင်နှင့် စံချိန်စံညွှန်းများ ရှိလာစေကာ၊ လုပ်ကိုင်ဆောင်ရွက်ရာတွင်လည်း တိုးတက်လာစေမည် ဖြစ်ပါသည်။ EITI အဖွဲ့ဝင်ခြင်းကို ထောက်ခံကြ သူများက ယင်းသို့လိုက်နာဆောင်ရွက်ခြင်းကြောင့်၊ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်အခြေအနေ တိုးတက်လာစေမည်ဟု ဆိုကြပါသည်။ အစိုးရက ပို၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန် သံန္နိဋ္ဌာန် ရှိနေကြောင်း ရင်းနှီးမြှုပ်နှံသူများ၊ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံ ရှင်းလင်းစွာ သိစေမည်ဟု ဆိုကြပါသည်။ ထို့အပြင် သယံဇာတများကြောင့် ဖြစ်ပွားရသည့် ပဋိပက္ခများ ဖြေရှင်းနိုင်ရန် လုပ်ထုံး လုပ်နည်းကောင်းများ ဖြစ်လာစေမည်။ ပါဝင်ပတ်သက်နေရသည့် အင်အားစုများအကြား ကွာဟချက်များ လျော့ပါးလာမည်။ ထို့အပြင် အရည်အသွေးမြင့်သည့် ရင်းနှီးမြှုပ်နှံသူများ ဆွဲဆောင်စေနိုင်ပါလိမ့်မည်။

မြန်မာနိုင်ငံမှ သယံဇာတထုတ်လုပ်နေမှု လုပ်ငန်းနယ်ပယ် ၉-ခုတွင် အဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရန် အဆိုပြုထားပါသည်။ ၎င်းတို့မှာ-

၁။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ ထပ်ဆင့်ထုတ်လုပ်ခြင်း၊ ပြည်တွင်းသုံးစွဲခြင်း နှင့် ပြည်ပ တင်ပို့ ခြင်း။
၂။ ရေနံနှင့် သဘာဝဓာတ်ငွေ့ ယာယီလက်ခံခြင်း နှင့် ပိုက်လိုင်းများမှ လွှဲပြောင်းပေးခြင်း။
၃။ သတ္တုတွင်းကဏ္ဍတွင် အမာစား သတ္တုများ (hard minerals) နှင့် သံရိုင်းများ
၄။ သတ္တုတွင်းကဏ္ဍတွင် စက်မှုကုန်ကြမ်းသတ္တုများ
၅။ ကျောက်မျက်နှင့် တစ်စုံတရာ တန်ဖိုးရှိ ရတနာများ
၆။ သစ်စိုက်ပျိုးခြင်း အပါအဝင်၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ၊
၇။ ရေအားလျှပ်စစ်လုပ်ငန်း
၈။ ငါးဖမ်းလုပ်ငန်း နှင့်
၉။ ကျွန်းသစ်မဟုတ်သည့် သစ်တောထွက်ပစ္စည်းများနှင့် တောရိုင်းတိရိစ္ဆာန်များ တို့ပင် ဖြစ်ပါသည်။

EITI ဥပဒေများတွင် ပြဌာန်းထားချက်များအရ EITI အဖွဲ့ဝင်အဖြစ် လျှောက်ထားသည့် နိုင်ငံတစ်ခုသည် အောက်ဖော်ပြပါ လိုအပ်ချက် ၅-ခုနှင့် ပြည့်မီရမည် ဖြစ်ပါသည်။ အကယ်၍ အစီအစဉ်အတိုင်း ဖြစ်မြောက်ပါက အင်အားစုပေါင်းစုံပါဝင်သည့် အဖွဲ့ (multi-stakeholder group) ကို အောက်တိုဘာလကုန်ပိုင်းတွင် ဖွဲ့စည်းမည် ဖြစ်သည်။ မြန်မာနိုင်ငံက ပထမဦးဆုံး နှင့် နှစ်စဉ် အစီရင်ခံစာကို ဘဏ္ဍာဝင်ငွေများ ပေးဆောင်မှုအပေါ်၌ ၂၀၁၅ ခုနှစ်အတွင်း ထွက်ရှိမည် ဖြစ်သည်။

| စဉ် | လျှောက်ထားသည့်နိုင်ငံ၏ လိုအပ်ချက် | အခြေအနေ |
|---|---|---|
| ၁ | အစိုးရက EITI အဖွဲ့သို့ ဝင်ရန်ဆန္ဒရှိကြောင်း ရှင်းလင်း သေချာသည့် ထုတ်ပြန်ချက် ကို လူသိရှင်ကြား ထုတ်ပြန် ကြေညာရမည်။ | ပြီးစီး။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် အများပြည်သူ သို့ကြေညာချက် အမှတ် ၉၉/၂၀၁၂ ဖြင့် မြန်မာ့အလင်းသတင်း စာ မျက်နှာဖုံး၌ ထုတ်ပြန်ကြေညာပြီး ဖြစ်သည်။ |
| ၂ | အစိုးရက အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ တို့နှင့် အတူတကွ EITI ကို အကောင်အထည်ဖော် လုပ် ဆောင်ရန် သံန္နိဌာန်ပြုရမည်။ | ပြီးစီး။ |
| ၃ | အစိုးရက EITI လုပ်ငန်းများ အကောင်အထည်ဖော်ရန် အရာရှိကြီးတစ်ဦးကို တာဝန်ပေးခန့်အပ်ရမည်။ | ပြီးစီး။ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်။ အဆင့်မြင့်ကော်မတီ ကို သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းဦးဆောင်၍ ဖွဲ့စည်းပေးပြီး ဖြစ် သည်။ သူက ဝန်ကြီး ၄ ဦးပါဝင်သည့် အဖွဲ့ [သဘာဝ ပတ်ဝန်း ကျင်ကာကွယ်ရေး ဝန်ကြီး၊ စွမ်းအင်ဝန်ကြီး၊ သတ္တုတွင်းဝန်ကြီး နှင့် ဘဏ္ဍာရေးဝန်ကြီး (အတွင်းရေးမှူးဖြစ်သူ)] ကို ဦးဆောင် သည်။ |

| | | |
|---|---|---|
| ၄ | အစိုးရက EITI လုပ်ငန်း အကောင်အထည်ဖော်နေမှုများ ကို ကြီးကြပ်ရန် အင်အားစုပေါင်းစုံ ပါဝင်သည့်အဖွဲ့ (multi-stakeholders group) ကို တည်ထောင်ရမည်။ | လုပ်ဆောင်နေဆဲ။ နည်းပညာ အကြံပေးအဖွဲ့သည် မြန်မာနိုင်ငံ အရင်းအမြစ် ဖွံ့ဖြိုးရေးအဖွဲ့ (MDRI) ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးရေးဌာန (CESD) တွင် အခြေစိုက်ပြီး၊ ၎င်း CESD အဖွဲ့က အင်အားစုပေါင်းစုံ ပါဝင်သည့်အဖွဲ့ (multi-stakeholders group) ကို ထူထောင်ရန်နှင့် စီမံလည်ပတ်ရန် လုပ်ဆောင်မည် ဖြစ်သည်။[33] သူတို့ကို ကမ္ဘာ့ဘဏ်နှင့် ဩစတြေလျအစိုးရတို့က ပံ့ပိုးပေးပြီး၊ ၎င်းတို့က မြန်မာနိုင်ငံ EITI အဖွဲ့ဝင်လောင်းအဖြစ် လုပ်ဆောင်မည့် အလှူရှင်ပေါင်းစုံ Trust Fund ရန်ပုံငွေကို စီမံ ခန့်ခွဲမည် ဖြစ်သည်။ ထို့အပြင် နိုင်ငံအတွက် နည်းပညာ အကြံ ပေးရာထူးကိုလည်း ဖန်တီးခန့်အပ်မည် ဖြစ်သည်။ |
| ၅ | အင်အားစုပေါင်းစုံ ပါဝင်သည့်အဖွဲ့ (multi-stakeholders group) က အဓိကကျသည့် EITI အင်အားစုများနှင့် ညှိနှိုင်း၍ အားလုံးသဘောတူညီရမည့်၊ အတိအကျ အချိန် ဇယားသတ်မှတ်ထားသည့် လုပ်ငန်းအစီအစဉ်ကို ရေးဆွဲ ချမှတ်မည် ဖြစ်သည်။ ၎င်းတွင် တိုင်းတာ၍ ရနိုင်သည့် ပစ် မှတ်များ၊ အကောင်အထည်ဖော်မည့် အချိန်ဇယား၊ ကျွမ်း ကျင်မှုအရည်အသွေးဆိုင်ရာ ပြဿနာ/အကန့်အသတ်များ အပေါ် အကဲဖြတ်မှုများ စသည်တို့ ပါဝင်မည် ဖြစ်သည်။ | ဆိုင်းငံ့ထားဆဲ |

မြန်မာနိုင်ငံ အရင်းအမြစ် ဖွံ့ဖြိုးရေးအဖွဲ့ (MDRI) ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးရေးဌာန (CESD) သည် လုပ်ငန်းပေါင်းစုံကို ညှိနှိုင်းဆောင်ရွက်ပေးနေပါသည်။ ၂၀၁၃ ခုနှစ်၊ မေလတွင် MDRI က လူ ၂၃ ဦးပါသည့် ကိုယ်စားလှယ်အဖွဲ့ကို ဦးဆောင်၍ ဆစ်ဒနီတွင် EITI ဆိုင်ရာ ကမ္ဘာလုံးဆိုင်ရာ ညီလာခံသို့ တက်ရောက်ခဲ့ပါသည်။ ယင်းပုဂ္ဂိုလ်များတွင် ၈၈-မျိုးဆက် အင်အားစု၊ မွန်လူမှုဖွံ့ဖြိုးရေးကွန်ရက် (MSDN)၊ မြန်မာ ဘူမိဗေဒ ပညာရှင်များအသင်း၊ မြန်မာအမြဲစိမ်းကွန်ရက်၊ ပေါင်းကူး၊ ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားမှု စသည်တို့မှ အရပ်ဖက် လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များလည်း ပါဝင်ပါသည်။

သမ္မတဦးသိန်းစိန်၏ အကြောင်းကြားစာအရ EITI ကိုယ်စားလှယ်လောင်းအဖြစ် ပြင်ဆင်နေမှုများသည် ယခုနှစ်ကုန် ၂၀၁၃ တွင် ပြီးစီးမည်ဟု ဆိုပါသည်။ သို့သော်လည်း မြန်မာ EITI ပူးပေါင်းဆောင်ရွက်မှုရုံး (MEITI) ၏ ဒုတိယအဖွဲ့ ခေါင်းဆောင် ဦးမင်းဇာနည်လင်း၏ အဆိုအရ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၆ ခုနှစ်၊ သို့မဟုတ် ၂၀၁၇ ခုနှစ်တိုင်အောင် EITI မူများကို လိုက်နာမည့် အဖွဲ့ဝင်နိုင်ငံအဖြစ် စောင့်ဆိုင်းပါရန် အသနားခံစာတင်နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်း ပြော သည်။ သူကပြောရာတွင် အဓိကအခက်အခဲမှာ အရပ်ဖက်လူမှုအဖွဲ့အစည်း အများစုမှာ တရားဝင်မှတ်ပုံတင်ထားသည့် အဆင့်အတန်း မရှိသေးသောကြောင့် ဖြစ်သည်ဟု ဆိုသည်။[34] သို့သော်လည်း အစိုးရနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား သံသယကြီး

[33] http://www.mmtimes.com/index.php/national-news/7798-myanmar-eiti-application-on-track-for-december.html

[34] http://www.irrawaddy.org/archives/42094

နေခြင်းကြောင့် အင်အားစုပေါင်းစုံ ပါဝင်သည့်အဖွဲ့ (multi-stakeholders group) ဖွဲ့စည်းရန် အခက်အခဲများ ရှိနေသေးသည်။ နော်ဝေရှိ EITI ပူးပေါင်းဆက်သွယ်ရေးအရာရှိ ဟယ်လင်း ဂျိုဟန်ဆင် (Helene Johansen) က ဧရာဝတီမဂ္ဂဇင်းသို့ ပြောရာ၌၊ ယင်းကဏ္ဍများနှင့် ပတ်သက်၍ ပြည်သူလူထု သိရှိခွင့်တွင် အကန့်အသတ်များ ရှိနေပြီး၊ သို့အတွက်ကြောင့်လည်း EITI လုပ်ငန်း အကောင်အထည်ဖော်သူများအတွက် အခြားအခက်အခဲများ ရှိနေစေသည်ဟု ဆိုသည်။ ရွှေသဘာဝဓာတ်ငွေ့ လှုပ်ရှားမှုအဖွဲ့ ကဲ့သို့သောအဖွဲ့များက ယခုနှစ်အကုန်တွင် လိုက်နာမည့်အဖွဲ့ဝင်နိုင်ငံ ဖြစ်အောင် ဆောင်ရွက်မည်ဟူသော၊ အစိုးရ၏ ရည်ရွယ်ချက်ကြီးလွန်းသော အစီအစဉ် အပေါ် သံသယကြီးစွာ ရှိနေကြပြီး၊ ၎င်းအဖွဲ့က မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) က စစ်တပ် အတွက် အဓိကငွေကြေးထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ သို့အတွက်ကြောင့်ပင် လုပ်ငန်း၏ ငွေစာရင်းများ လိုလားစွာ ထုတ်ဖော်ပြောကြားမည် မဟုတ်ကြောင်း ထောက်ပြဝေဖန်ကြသည်။[35]

# စီးပွားရေးအရ နစ်နာချက် (၃)။ မြေယာသိမ်းပိုက်မှုများနှင့်အခွင့်အရေး များ

## ပြဿနာများ၏ နောက်ခံအကြောင်း

အစိုးရနှင့် ၎င်း၏ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များအပေါ် အဓိက မကျေလည်ကြသည့် အကြောင်းမှာ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအတွက် မြေများ အကြီးအကျယ် သိမ်းပိုက်ခဲ့သောကြောင့် ဖြစ်သည်။ ယခင်ဦးဆောင် ခဲ့သည့် နဝတ/နအဖ စစ်အစိုးရလက်ထက်တွင် စီးပွားရေးပြုပြင် ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် အလျင် အမြန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ထားခဲ့ကြသည်။ [36] အစိုးရက ၁၉၆၃ ခုနှစ်၊ လယ်ယာမြေ နိုင်ငံ ပိုင်ပြုလုပ်ရေး ဥပဒေကို အသုံးချ၍ ၁၉၉၀ ခုနှစ်များအတွင်း နိုင်ငံအနှံ့အပြား မြေသိမ်းဆည်းမှုများကို တရားဝင် သည်ဟု သက်သေပြဆောင်ရွက်ခဲ့ပါသည်။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများအပြင်၊ စစ်စခန်းများ ဆောက်လုပ် ရန်အတွက်အပြင်၊ ပုဂ္ဂလိကကိုယ်ကျိုးစီးပွားများ အတွက်လည်း စစ်တပ်က မြေအမြောက်အများ သိမ်းဆည်း ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀% မှာ လယ်ယာလုပ်ငန်းကို အမှီပြုနေရသည့် အတွက်၊ မြေသိမ်းဆည်း ခြင်း နှင့် မြေပိုင်ခွင့် ရှိမနေသည့်အခါ ဆင်းရဲမွဲတေမှုနှင့် စားနပ်ရိက္ခာ မလုံခြုံမှုကို ဖြစ်လာစေသည်။ ၁၉၈၉- ၂၀၁၀ ခုနှစ်များအကြား မြေမည်မျှသိမ်းဆည်းခဲ့ကြောင်း တိကျသေချာသည့် အချက်အလက် အထောက်အထား များ မရှိသော်လည်း၊ TNI အဖွဲ့၏ ခန့်မှန်းချက်အရ ဧက ၂ သန်းကျော် သိမ်းဆည်းခဲ့သည်ဟု ခန့်မှန်း တွက် ချက်ပြီး၊ ယခုအခါ တိုင်ကြားစာများအရ မြေဧက ၃၀၀,၀၀၀ နှင့် ပတ်သက်၍ ပြန်လည်စိစစ်လျက် ရှိပါသည်။[37]

---

[35] http://www.irrawaddy.org/archives/40242

[36] "Land Core group အဖွဲ့မှ အသက် ၅၇ နှစ်ရှိပြီဖြစ်သူ အစိုးရဝန်ထမ်းဟောင်း ဦးရွှေသိန်းက ပြောရာတွင်၊ ၁၉၉၀ ခုနှစ်များတွင် အစိုးရက နိုင်ငံကို ကမ္ဘာ့စီးပွားရေးသို့ တံခါးဖွင့်ပေးခဲ့ကြောင်း၊ ဦးစားပေးသည်မှာ အလျင်အမြန် စီးပွားရေးဖွံ့ဖြိုးစေရန် ဖြစ်ကြောင်း၊ စားနပ်ရိက္ခာ လုံခြုံစေရေးအတွက် မဟုတ်ကြောင်း၊ ၁၉၉၁-၂၀၁၂ ခုနှစ်ကာလများတွင် မြေဧကသန်းပေါင်းများစွာကို အကြီးစားစိုက်ပျိုးရေး လုပ်ငန်းများအတွက် ချပေးခဲ့ကြောင်း ပြောသည်။" http://www.bangkokpost.com/print/366469/

[37] "Access Denied - Land Rights and Ethnic Conflict in Burma", Transnational Institute, Burma Policy Briefing Nr 11, May 2013

အစိုးရအသစ်က ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေသော်လည်း၊ စစ်တပ်က အတင်းအကျပ် မြေသိမ်းပိုက်မှုများ နိုင်ငံတစ်ဝှမ်းတွင် ဆက်လက်ဖြစ်ပေါ်နေလျှက် ရှိသည်။[38]

၂၀၁၂ ခုနှစ်တွင်၊ မြေယာဥပဒေအသစ်အရ မြေကို စီးပွားရေးအသွင်ပြောင်းခဲ့သောကြောင့်နှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ အသစ်အရ အသစ်တဖန် မြေလုယက်မှုများ အကြီးအကျယ် ဖြစ်ပေါ်လာပြန်သည်။ အကြောင်းမှာ ယခုလုပ်ဆောင်ချက် များသည် နိုင်ငံခြားတင်ပို့မှု မြင့်မားလာစေရေးအတွက် ပုဂ္ဂလိကပိုင်လွှဲပြောင်းပေးရေး ပြုပြင်ပြောင်းလဲမှုများ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး၊ စီးပွားဖြစ် စိုက်ပျိုးရေး လုပ်ငန်းများ ပေါ်ထွက်လာစေရန်၊ အလုပ်အကိုင် ရရှိလာစေရန်နှင့် တစ်စုံလုံးဆိုင်ရာ တိုးတက်မှုများ ဖြစ်ပေါ်လာစေရန် ဖြစ်သည်။ သို့သော်လည်း လယ်သမားငယ်များနှင့် ရွှေ့ပြောင်းတောင်ယာ လုပ်ကိုင်နေ ကြသည့် တောင်သူများ ထက်စာလျှင်၊ စီးပွားရေးလုပ်ငန်းကြီးများကို မျက်နှာသာပေးသည့်သဖွယ် ဖြစ်နေသည်။ ထို့အပြင် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံ မြေငှားရာ၌ သူတို့က သူတို့လုပ်သားများကို ခေါ်ဆောင်လာကြသည့်အတွက်၊ အလုပ်အကိုင် ဖန်တီးမှုလည်း မဖြစ်ပေါ်စေတတ်ပါ။ (အထူးသဖြင့် တရုတ်နှင့် ထိုင်းကုမ္ပဏီများ ဖြစ်သည်။) မြေယာဥပဒေအသစ်ကြောင့် လယ်သမားများအတွက်၊ အထူးသဖြင့် ဝေးလံသည့်ဒေသများနှင့် ပဋိပက္ခဖြစ်ပွားနေသော၊ ပဋိပက္ခများ ငြိမ်းချမ်းသွားသော ဒေသများရှိ လယ်သမားများအတွက် ထပ်၍ဒုက္ခဖြစ်စေပြန်သည်။ အကြောင်းမှာ ထိုဒေသနေ လယ်သမားများက မြေပိုင်ဆိုင်ကြောင်း အထောက်အထားများ လျှောက်ထားခြင်း မရှိကြဘဲ၊ ဘိုးဘွားပိုင်သဘောမျိုးဖြင့် နှစ်များစွာနေထိုင် လာခဲ့ကြသူများ ဖြစ်ပါသည်။ အချို့သော တိုင်းရင်းသားလူမျိုးများမှာ မြေပိုင်ဆိုင်မှုကို ရိုးရာဓလေ့ထုံးတမ်းသဘော၊ စုပေါင်း ပိုင်ဆိုင်မှုသဘော ထားကြသော်လည်း၊ (အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးကြသည့် ရပ်ရွာ လူမှုအသိုက်အဝန်း များတွင် ဖြစ်သည်) ၎င်းတို့ကို ဥပဒေက အသိအမှတ်ပြုထားခြင်း မရှိပါ။ ထို့အပြင် ထောင်သောင်းနှင့်ချီသည့် ထွက်ပြေးခဲ့ ကြရသော ဒုက္ခသည်များ ပြန်လာခွင့်ကိုလည်း အသိအမှတ်ပြု ထည့်သွင်းထားခြင်း မရှိပါ။ ယခုမြေယာဥပဒေအသစ် ကြောင့် မြေဧကအများအပြားမှာ "လွတ်လပ်မြေ/ပလပ်နေသည့်မြေအဖြစ်" ထည့်သွင်းခံကြရပြီး၊ ယခင်စဉ်ဆက်နေထိုင်ခဲ့ကြသူများကိုလည်း "ကျူးကျော်"အဖြစ် သတ်မှတ်ခံရမည့် အရေးဖြစ်နေပါသည်။

ဖွံ့ဖြိုးရေးစီမံကိန်းကြီးများအတွက် မြေယာသိမ်းပိုက်ခံရမှုကြောင့် ဆန္ဒပြပွဲများ မကြာခဏ ဖြစ်ပေါ်တတ်ပြီး၊ ဒုက္ခသည်များ၊ ပြည်တွင်း၌ ရွှေ့ပြောင်းအခြေချသူအသစ်များ နောက်ထပ်လှိုင်းတစ်ကျော့သဖွယ် ဖြစ်စေသည်။ အချို့သော ဖြစ်ရပ်များတွင် ယခင်က မြေပိုင်ဆိုင်ခဲ့သူများကို သူတို့၏မြေများသိမ်းပိုက်ပြီးနောက် မြေငှားရန် အတင်းအကျပ်ပြန်၍ ခိုင်းစေမှုမျိုး ရှိပါသည်။ သို့မဟုတ် စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများတွင် အလုပ်သမားအဖြစ် တစ်ဖန်ပြန်၍ လုပ်ကိုင်ကြရသည်မျိုးလည်း ရှိသည်။ TNI အဖွဲ့က တွေ့ရှိခဲ့သော ဆိုးရွားသည့်မြေလုယက်သိမ်းပိုက်မှုများကို တရုတ်နိုင်ငံမှ ဆောင်ရွက်သည့် ဘိန်းအစားထိုးစိုက်ပျိုးရေး အစီအစဉ်များတွင် တွေ့ရပါသည်။ (ဤအစီအစဉ်ကို တရုတ်အစိုးရက ရန်ပုံငွေထောက်ပံ့ပေးပါသည်။) ယခင် ဘိန်းစိုက်ပျိုးသည့် တောင်ယာများတွင် တစ်သီးတည်း စိုက်ပျိုးမှု (ရာဘာခင်း)များ ထူထောင်ခဲ့ပြီး၊ ယခင်ရွာသား များမှာ အလုပ်သမားများအဖြစ် ပြန်၍ လုပ်ကိုင်ကြရပါသည်။[39]

---

[38] မွန်ပြည်နယ်အတွက် ဖော်ပြပါလင့်ခ်ကို ကြည့်ပါ။ http://www.irrawaddy.org/archives/43930

[39] "Financing Dispossession - China's Opium Substitution Programme in Northern Burma", Transnational Institute, February 2012

ဇယား (၅)။ မြေယာသိမ်းပိုက်မှုနှင့် ပတ်သက်၍ အရေးကြီးသည့် ဥပဒေအသစ်များနှင့် ကော်မတီများ

| နေ့စွဲ | ဥပဒေ/ဥပဒေမူကြမ်း | စည်းကြပ်မည့်အဖွဲ့အစည်း | လုပ်ပိုင်ခွင့် |
|---|---|---|---|
| နိဝင်ဘာ ၂၀၁၂ | နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ | မြန်မာနိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကော်မရှင် နှင့် ပြည်ထောင်စု အဆင့် အစိုးရ | နိုင်ငံခြားသား ပိုင်ဆိုင်ခွင့်ကို ၁၀၀% အထိ အကန့်အသတ်ဖြင့် ခွင့်ပြုထား ပေးပြီး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က စီမံ၊ ခွင့်ပြုပေးမည် ဖြစ်သည်။ ကန့်သတ် ချက်အချို့မှာ အချို့ကဏ္ဍများ ဥပမာအား ဖြင့်- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်ငန်း များတွင် ရင်းနှီးမြှုပ်နှံခွင့် မရှိခြင်း ဖြစ်ပါ သည်။ ထို့အပြင် တိုင်းရင်းသား ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ ပြည်သူ့ကျန်းမာရေး၊ သဘာဝ အရင်းအမြစ် များ၊ သဘာဝ ဝန်းကျင်နှင့် ဇီဝသတ္တမျိုးကွဲ ပြားစုံလင်မှုကို ထိခိုက်စေမည့်ရင်းနှီးမြှုပ်နှံမှုများကို ခွင့်မပြုဟု ဖော်ပြထားသည်။ တိုင်းရင်းသားဒေသများတွင် မည်သို့သော ရင်းနှီးမြှုပ်နှံမှုမျိုး ခွင့်ပြုမည်ကို ပြည်ထောင်စု အစိုးရ ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့် ရှိသည်။ အကယ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု သည် နိုင်ငံတကာ နယ်စပ်မှ ၁၀ မိုင် အကွာ အဖြစ်ပါက၊ အကယ်၍ အထူး စီးပွားရေး ဇုန်များမှ လွဲ၍၊ စီမံကိန်းများသည် ပြည်သူများကို အကျိုးဖြစ်ထွန်းစေပါက၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ဖြစ်ပါက ကင်းလွတ်ခွင့်ပေးနိုင်သည်။ |
| ၂၀၁၂ မတ်လ | မြေလွတ် မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ (စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်သည်။) | စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများအတွက် နှစ်ပေါင်း ၃၀ အထိ ဥပဒေအရခွင့်ပြုထား ပြီး၊ ဗဟိုအစိုးရခွင့်ပြုချက်ဖြင့် နောက်ထပ် နှစ် ၃၀ ထပ်မံသက်တမ်းတိုးချဲ့နိုင်သည်။ သို့အတွက်ကြောင့် မေးခွန်းမှာဆက်သွယ် ရေးခက်ခဲသော ဒေသများ၊ မဖွံ့ဖြိုးသော ဒေသများရှိ မြေများအပေါ်တွင် ခွင့်ပြုချက် နှင့် ပတ်သက်၍လည်းကောင်း၊ ၎င်းက မြန်မာနိုင်ငံ၏ တစ်စုံလုံးသော စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေမည်လော ဟူသည့် မေးခွန်းပင် ဖြစ်သည်။ |

| | | | |
|---|---|---|---|
| ၂၀၁၂ ဩဂုတ် ၃၁ | မြေယာ ဥပဒေ | ဗဟိုမြေယာစီမံခန့်ခွဲမှု ကော်မတီ (စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်ဆောင် ရွက်သည်။) | ဥပဒေအရ အကယ်၍ အစိုးရဝန်ကြီးဌာန တစ်ခုခု သို့မဟုတ်၊ ဌာနတစ်ခုက နိုင်ငံ တော် စီမံကိန်းများအတွက် မြေကို အသုံး ပြုရန် လိုအပ်ပါက ယင်းဝန်ကြီးဌာန၊ သို့မဟုတ် ဌာနက ကော်မတီကို အကြောင်းကြားရမည်။ အကယ်၍ အများ ပြည်သူအကျိုးစီးပွားအတွက်၊ နိုင်ငံတော် အကျိုးစီးပွားအတွက် မြေကိုသိမ်းဆည်း ပါက၊ ကော်မတီက မြေပိုင်ရှင်ထံ ဆိုင်းငံ့မှု မရှိစေဘဲ လျော်ကြေးပေးဆောင်စေရန် ကူညီရမည်။ အကယ်၍ မြေကို ပြည်ထောင်စု အစိုးရက သိရှိခြင်းမရှိဘဲ နိုင်ငံခြား ကုမ္ပဏီထံရောင်းချ၊ သို့မဟုတ် ငှားရမ်းပါက၊ ၎င်းမြေယာကို ပြန်လည် သိမ်းဆည်းရမည်။ |
| ၂၀၁၁ ဇန်နဝါရီလ | ယခင်စစ်အစိုးရက ထုတ်ပြန် သည့် အထူးစီးပွားရေးဇုန် ဥပဒေ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော် မရှင် | နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် မက်လုံးအချို့ပေးထားပြီး၊ ၇၅ နှစ်တိုင် (၃၀+၃၀+၁၅ နှစ်ဖြင့်) စက်မှုလုပ်ငန်းကြီး များအတွက် မြေငှားရမ်းအသုံးချခွင့် ရှိသည်။ |

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်းများ။ လက်ရှိ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအတွင်း၌ မြေယာသိမ်းဆည်းမှု ပြဿနာများ ဖြေရှင်းပေးခြင်း။

မတရား လယ်ယာသိမ်းခံရခြင်းများအတွက် ဆန္ဒပြပွဲများ၊ သို့မဟုတ် လျော်ကြေးပေးရာတွင် မျှတမှုမရှိသော ကြောင့် ဆန္ဒပြပွဲများ၊ ယခု လစ်ဘရယ်ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ပြီးနောက်ပိုင်းတွင် မကြာခဏ ဆိုသလို တွေ့နေရပါ သည်။ လူထုဆန္ဒပြပွဲများအပေါ် အစိုးရက ပို၍သည်းညည်းခံလာသောကြောင့်လည်း ဖြစ်ပါ သည်။ နိုင်ငံပါတီအချို့ကလည်း မြေသိမ်းဆည်းမှု ပြဿနာများကို မြှင့်တင်ပြောဆိုလာကြပြီး၊ လွှတ်တော်သို့ မြေ ပြန်ပေးရန် တောင်းဆိုလာကြပါသည်။ ဥပမာအားဖြင့်- အမျိုးသားဒီမိုကရေစီ အင်အားစုပါတီ (NDF) နှင့် တိုင်း ရင်းသား စည်းလုံးညီညွတ်ရေးပါတီ (NUP) တို့ ဖြစ်သည်။ ၈၈-မျိုးဆက် ကျောင်းသားများအဖွဲ့ ကဲ့သို့သော နိုင်ငံ ရေးအဖွဲ့အစည်းများကလည်း မြေသိမ်းပိုက်မှုများနှင့် ပတ်သက်၍ ၂-ရက်ကြာ ညီလာခံကျင်းပခဲ့ပြီး၊ ငြိမ်းချမ်းရေး နှင့် မတူကွဲပြားခြင်းပါတီ၊ ရှမ်းအမျိုးသား ဒီမိုကရေစီပါတီ (SNDP)၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) တို့က ၂၀၁၁ ခုနှစ်၊ မြေယာဥပဒေကို ပြင်ဆင်ပြောင်းလဲနိုင်ရန် စည်းရုံးတိုက်တွန်းနေကြပါသည်။ ဤပြဿနာနှင့် ပတ်သက်၍ လှုံ့ဆော်စည်းရုံးရာနှင့် တင်ပြရာ၌ အရပ်ဖက်လူမှုအဖွဲ့အစည်းများသည်လည်း အထူးအရေး ပါလှပါသည်။ ဥပမာအားဖြင့်- စိုက်ပျိုးရေးကဏ္ဍနှင့် သက်ဆိုင်သည့်ပြဿနာများအတွက် စုစည်း ဆောင်ရွက် နေသော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက မြေယာအဓိက လုပ်ဆောင်သည့်အုပ်စု (Land core group) ကို ဖွဲ့စည်း၍ ၂၀၁၂ ခုနှစ်၊ ဖွန်လ ၂၇ ရက်နေ့တွင် နိုင်ငံတွင်းရှိ မြေကေအနည်းငယ်သာ ပိုင်ဆိုင်ကြသော လယ်သမားများ မြေအသုံးပြုခွင့် ကာကွယ်ပေးရေး အစီအစဉ်များ ဆွေးနွေးချမှတ်ခဲ့ကြပါသည်။ ပါဝင် သည့်အဖွဲ့အစည်းများ အတွက် လူ ဆင်းရဲများကို ပို၍အကျိုးရှိစေမည့် မြေယာပြုပြင်ပြောင်းလဲရေး (pro-poor land reform) လုပ်ဆောင်ပေးရန် အခြေခံမှု ဘောင်တစ်ခု ဖြစ်ပေါ်လာစေပါသည်။ [40] အချို့သော မူဝါဒရေးရာ တိုက်တွန်းစည်းရုံးနေသူများက စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ချုပ် (FAO)၏ မိမိဆန္ဒအလျောက် မြေသီးစား ချထားရေးကိစ္စတွင် တာဝန်သိသည့်အစိုးရစနစ် လမ်းညွှန်မှုများ အတိုင်း လိုက်နာလုပ်ဆောင်ပါရန် အစိုးရကို တိုက်တွန်းနေကြပါသည်။[41]

မြေယာအရေး လှုပ်ရှားနေသူ ဦးဟန်ရှင်ဝင်းက ပြောကြားရာ၌ မြေယာဥပဒေ ပုဒ်မ ၃၁ အရ၊ အသုံးမပြုသည့် မြေယာများကို စစ်တပ်က ပြန်ပေးရမည်၊ သိမ်းဆည်းသည့်မြေများအတွက် လျော်ကြေးပေးရမည်ဟု ဆိုသော် လည်း ဤသို့ဆောင်ရွက် ခြင်း မရှိသေးပါ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမြင့်လှိုင်၊ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော၊ ဗဟိုမြေယာ စီမံခန့်ခွဲမှု ကော်မတီကလည်း မြေသိမ်းဆည်းသည့်ကိစ္စများကို အရေးယူ ဆောင်ရွက်မှု အနည်းမျှသာ ရှိသည်ဟု ဆိုသည်။ မြေယာသိမ်းပိုက်မှု ပြဿနာများမှာ အရေးတကြီးရှိနေဆဲ ဖြစ်ပြီး၊ တက်ကြွလှုပ်ရှားသူများမှာလည်း ဆက်လက်၍ ဖမ်းဆီး ခံကြရဆဲ ဖြစ်သည်။

မြေယာသိမ်းဆည်းမှုကြောင့် လူအများမကျေနပ်မှု အကြီးအကျယ် ရှိနေပြီး၊ ၎င်းကို အစိုးရ ခေါင်းဆောင် များကလည်း ယခု ပြုပြင်ပြောင်းလဲမှုနှင့် သူတို့၏ တရားဝင်မှုအပေါ် အကြီးအကျယ် ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှိနေကြောင်း အသိအမှတ်ပြု ကြပါသည်။ ထို့အပြင် ဤကိစ္စမှာ ကျေးလက်ဆင်းရဲမွဲတေမှုအပေါ် ဖြေရှင်းနိုင်ရေး အတွက်လည်း အရေးပါသည့်ကိစ္စ ဖြစ်သည်။ သို့အတွက်ကြောင့် ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် ဥပဒေ တစ်ခု

[40] http://www.mmtimes.com/2012/news/633/news63304.html

[41] http://www.fao.org/nr/tenure/voluntary-guidelines/en/

ပြဌာန်း၍ **"လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး လွှတ်တော်ကော်မရှင်"** တစ်ရပ်ကို ဖွဲ့စည်းခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် ယင်းကော်မရှင်က တိုင်ကြားစာများကို ကြားနာ စစ်ဆေးပြီး၊ အစီရင်ခံစာတစ်စောင် ထုတ်ပြန်ခဲ့ရာ၌ ၂၀၁၁ ဇူလိုင်လမှ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်နေ့အထိ တိုင်ကြားစာ ၅၆၅ စောင်တွင်၊ ၁၉၈၈ ခုနှစ်၊ ယခင် စစ်အစိုးရ အာဏာသိမ်းပိုက်ခဲ့ချိန်မှစ၍ စစ်တပ်က မြေဧက ၂၄၇,၀၇၇ ကို အတင်းအကျပ်နှင့် တရားမဝင် သိမ်းဆည်းခဲ့သည်ဟု ဆိုသည်။[42] ကော်မရှင်က အသုံးမပြုသည့်မြေများ ပြန်လည်ပေးအပ်ရန်၊ စစ်တပ်က ထိခိုက်နစ်နာသည့် လယ်သမားများကို လုံလောက်သည့်လျော်ကြေးများ ပေးဆောင်ရန်လည်း အကြံပြုထားသည်။

ယင်းကော်မရှင်၏ အရေးပါသည့် တွေ့ရှိချက်အခြားတစ်ခုမှာ၊ မြေယာသိမ်းပိုက်မှုအပေါ် လွှတ်တော်အမတ်များ၏ ကြိုးပမ်း ဆောင်ရွက်မှုများကို ပြည်သူများက ကျေနပ်မှုမရှိကြခြင်းနှင့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအပေါ် ယုံကြည်မှုလျော့နည်း နေကြခြင်း ဖြစ်ပါသည်။[43] ဤအချက်ကို ပြည်ထောင်စုလွှတ်တော် နာယက ဦးရွှေမန်းက သမ္မတဦးသိန်းစိန်ထံ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၉ ရက် လွှတ်တော်ဖွင့်စဉ်တွင် ပေးပို့ခဲ့သည့် သဝဏ်လွှာတွင်လည်း ထင်ဟပ်ဖော်ပြနေပါသည်။ နိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများအပေါ် ပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရန်၊ သိမ်းဆည်းထားသည့် မြေများကို မဆိုင်းမတွ ပြန်ပေးရန် အစိုးရကို တိုက်တွန်းထား ပါသည်။ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့တွင် သမ္မတရုံးဝန်ကြီး ဦးစိုးသိန်းကလည်း သိမ်းဆည်းထားသည့် မြေများကို မူလပိုင်ရှင်များထံ ပြန်ပေးမည်၊ အောက်တိုဘာလ မြေပိုင်ခွင့်လက်မှတ်များ ထုတ်ပြီးပါက ပြန်ပေးမည်ဟု သတင်းမီဒီယာများကို ကြေညာခဲ့ပါသည်။[44] ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဆုံးဖြတ်ချက်အရ မြေယာသိမ်းဆည်းမှုကိစ္စများကို သူတို့ ဖြေရှင်းပေးမှုများ၊ ကြိုးပမ်းမှု များနှင့် ပတ်သက်၍ လွှတ်တော်သို့ ၂-လတစ်ကြိမ် တင်ပြရန် ဆုံးဖြတ်ခဲ့ပါသည်။ တိုင်ကြားစာများကို ပြည်ထောင်စုအဆင့်က လက်ခံသွားမည် ဖြစ်ပြီး ဖြေရှင်းပေးရန် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံ ပေးပို့ သွားမည် ဖြစ်သည်။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးရွှေမန်းက အုပ်ချုပ်ရေးအဖွဲ့အစည်းများသို့ တိုက်တွန်းရာတွင်၊ လွှတ်တော်၏ အဆိုပြုချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂၈ (က) အရ လိုက်နာလုပ်ဆောင်ကြပါရန် တိုက်တွန်းခဲ့သည်။

---

[42] http://www.irrawaddy.org/archives/28506 and http://www.mmtimes.com/index.php/national-news/6195-most-acquisitions-broke-land-laws-says-commission.html

[43] http://elevenmyanmar.com/politics/3246-parliament-speaker-calls-for-quick-return-of-seized-land

[44] http://www.mizzima.com/news-91481/prisoner-watch/9923-seized-lands-to-be-returned

## ဇယား (၆)။ မြေယာသိမ်းဆည်းမှုများနှင့် ပတ်သက်၍ ကိုင်တွယ်ဆောင်ရွက်ရန်/ဥပဒေမူကြမ်းရေးဆွဲရန် ကော်မတီများ၊ စုံစမ်းစစ်ဆေးရေး ကော်မတီများ

| ရက်စွဲ | ဥပဒေ | စည်းကြပ်မည့်အဖွဲ့အစည်း | |
|---|---|---|---|
| ၂၀၁၂ ဇူလိုင် | မြေယာဥပဒေ | လယ်ယာနှင့် အခြားမြေများ နိုင်ငံ ပိုင်ပြုလုပ်ရေး စုံစမ်းစစ်ဆေးမှု ကော်မရှင်(စိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည်။) | ပြည်နယ်/တိုင်းအသီးသီးမှ အဖွဲ့ဝင် ၆၀ ဦး ပါဝင်သော အဖွဲ့ဖြစ်သည်။ တိုင်ကြားစာ များကို ကိုင်တွယ် ဆောင်ရွက်၍ မူဝါဒ အကြံပေးသည်။ |
| ၂၀၁၂ ဇွန် | သမ္မတအမိန့်စာ | မြေယာဝေခြမ်းရေးနှင့် အသုံးချမှု ကြီးကြပ်ရေးကော်မတီ (သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။) | သစ်တောနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး၊ အဖွဲ့ဝင် ၁၃ ဦးဖြင့် (ပြည်ထဲရေး၊ နယ်စပ် ရေးရာဝန်ကြီး ဌာန၊ စိုက်ပျိုး/ဆည်မြောင်း၊ အမျိုးသား စီမံကိန်း ဝန်ကြီးဌာနများမှ ဒု- ဝန်ကြီးများ ပါဝင်သော) ကော်မတီကို ဖွဲ့စည်းသည်။ ပြည်တွင်း/နိုင်ငံတကာ ကျွမ်းကျင်သူ များနှင့် မြေယာအသုံးချရေး ဥပဒေ ရေးဆွဲရန် တာဝန်ပေးထားသည်။ တည်ဆဲ ဥပဒေ၊ နည်းဥပဒေများကို ပြန်လည်သုံး သပ်၍ ပြန်ဆင်ရန် လိုအပ်သည်များကို အကြံပြုရန်၊ လက်ရှိမြေခွန် ကောက်ခံနေမှု စနစ်ကို ပြန်လည်သုံးသပ်ရန် အတွက် တာဝန် ရှိသည်။ ထို့အပြင် သမ္မတထံ မြေ အသုံးချရေး မူဝါဒ၊ မြေယာဥပဒေ တို့ နှင့် ပတ်သက်၍ အကြံပြုတင်ပြရ မည်။ တနည်းအားဖြင့် စိုက်ပျိုး/ ဆည်မြောင်းဝန်ကြီး ဌာနက မြေယာ ဥပဒေများနှင့် မြေအသုံးချမှုအပေါ် လက်ဝါးကြီးအုပ်ထားသည့် သဖွယ် အာဏာရှိနေခြင်းကို ချေဖျက်နိုင်ရန် ဖွဲ့စည်းခြင်း ဖြစ်သည်။[45] |
| ၂၀၁၃ ဇွန် | လယ်သမားအကျိုးစီးပွား မြှင့်တင်ရေးဥပဒေ/ မူကြမ်း | လွှတ်တော် ကော်မတီ | လယ်သမားများကို ပံ့ပိုးပေးရန်ဥပဒေ မူကြမ်းကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့ တွင် ထုတ်ပြန်သည်။ ၈၈ မျိုးဆက်နှင့်ပွင့်လင်းလူ့အဖွဲ့အစည်းက ယင်းဥပဒေ မူကြမ်းတွင် လယ်သမား များ လယ်ပိုင်ခွင့်ကို အသိအမှတ် မပြုထားသောကြောင့်၊ မြေယာ |

[45] TNI report, Nr 11, May 2013

| | | | |
|---|---|---|---|
| | | | လုယက်သိမ်းဆည်းမှုများကို ကာကွယ်မှုပေးထားခြင်း မရှိသော ကြောင့် ဝေဖန်သည်။ ယင်းမူကြမ်းက ချေးငွေများ၊ စက်မှုလယ်ယာ၊ ဈေးကွက်နှင့် ကုန်ဈေးနှုန်း သတ်မှတ် ခြင်းတို့ကိုသာ အလေးပေး ဖော်ပြ ထားပြီး ဘဏ်ပိုင်ရှင်များ၊ လုပ်ငန်း ရှင်ကြီးများ၊ ကုန်သည်ကြီးများသာ အကျိုး ဖြစ်ထွန်းစေမည် ဖြစ်သည်။[46] |

အစိုးရပိုင်သတင်းစာ ကြေးမုံက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် ဖော်ပြရာ၌၊ စစ်တပ်က သိမ်းဆည်းသည့်မြေများ နှင့် ပတ်သက်၍ လွှတ်တော်က တိုင်ကြားစာ ၆၅၅ စောင် လက်ခံရရှိသည့်အနက်၊ ၆၀၁ စောင်ကို စစ်ဆေးပြီးဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဒုဗိုလ်ချုပ်ကြီး ဝေလွင်က အတည်ပြု ပြောကြားပါသည်။ လယ်သမားများထံ လယ်ဧက ၃၇,၅၄၆ ကို ပြန်လည်ပေးအပ်ရန် ဆုံးဖြတ်ပြီး ဖြစ်ကြောင်းလည်း ပြောသည်။[47] ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင်က စစ်စခန်းများပြင်ပ ရှိ မြေများကို ပြန်ပေးရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း၊ သို့သော်လည်း တပ်မတော် လုံခြုံရေးအတွက် ငှားရမ်းသည့် မြေများအတွက်ကိုမူ ဖက်စပ်အဖြစ် အကျိုးအမြတ် ခွဲဝေယူရန် ညှိနှိုင်းဆောင်ရွက်သွားမည်ဟု ပြောသည်။ ယခုကော်မရှင် က စုံစမ်းစစ်ဆေးမှုများ မတိုင်မီကတည်းက စစ်တပ်သည် မြေယာသိမ်းဆည်းမှု အမှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှု ပြုနေခဲ့သည်ဟု ဆိုသည်။[48] တပ်မတော်က သိမ်းဆည်းထားသော မြေဧက ၃၇၀၀၀ ကျော်ထဲမှ မြေဧက ၁၀၀၀၀ ကျော်ကို တောင်သူလယ်သမားများထံသို့ ရခိုင်ပြည်နယ် အစိုးရမှတဆင့် ပြန်လည် လွှဲပြောင်းပေးရန် မြန်မာစစ်တပ်က ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်လုပ်ဆောင်နေပြီဖြစ်သည်။[49]

အချို့သော ခရိုနီများကလည်း သိမ်းဆည်းထားသောမြေများကို မိမိဆန္ဒအလျောက် ပြန်၍ပေးအပ်မှုများ ရှိသည်။ ဥပမာ အားဖြင့် ဦးဇော်ဇော်၏ မက်စ်မြန်မာကုမ္ပဏီက မြေပိုင်ရှင် ၁၃ ဦးထံသို့၊ လျော်ကြေးငွေ ၇၂၈. ၅ သန်းကျပ် (ဒေါ်လာ ၈၃၈၄၀၀) ကို ရောဝတီတိုင်း၊ ငွေဆောင်တွင် သိမ်းဆည်းထားသည့် လယ်မြေ ၁၀၆ ဧကအတွက် ပေးအပ်ခဲ့သည်။[50] ၂၀၁၃ ခုနှစ် ဖွန်လတွင် ဦးဇော်ဇော်က မြန်မာနိုင်ငံ အနောက်တောင်ပိုင်းတွင် ပုဖွန်ကန် အတွက် သိမ်းဆည်းထားသော စပါးစိုက်မြေဧက ၅၀ ကို ပြန်လည်ပေးအပ်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။[51] ထို့အပြင် "လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်း ခံရမှုကြောင့် ပြည်သူများ နစ်နာမှုမရှိစေရေးအတွက် စုံစမ်းရေး လွှတ်တော် ကော်မရှင်"၏ ယခင်ဆုံးဖြတ်ချက်များအရ လယ်သမားများသည် ရောရှော်ဝါကုမ္ပဏီက ရယူထားသည့် မြေဧက ၂၀၀၀ ကိုလည်း ပြန်လည်ရရှိကြမည် ဖြစ်သည်။ သို့သော်လည်း တိုင်းအာဏာပိုင်များက ယခုတိုင် ဤမြေများကို ပြန်လည်ပေးအပ်ခြင်း မရှိသေးကြောင်းဆိုသည်။[52] ယခုအခါ အောက်လွှတ်တော်

[46] http://elevenmyanmar.com/national/2685-88-group-slams-bill-for-neglecting-farmers-interests, draft law can be found in the June 30, 2013 edition of the New Light of Myanmar.

[47] http://www.mizzima.com/news-91481/prisoner-watch/9923-seized-lands-to-be-returned

[48] http://www.thejakartapost.com/news/2013/07/19/myanmar-military-return-18000-acres-confiscated-land.html

[49] http://elevenmyanmar.com/national/3716-army-returning-seized-lands-in-rakhine-state

[50] http://elevenmyanmar.com/business/1688-myanmar-s-mk-group-plans-a-joint-venture-with-a-thailand-company

[51] http://www.irrawaddy.org/archives/36793

[52] http://www.dvb.no/news/land-seized-by-crony-companies-to-be-returned-to-locals/28966

အမတ်တစ်ဦးဖြစ်နေသည့် ဦးခင်ရွှေ (ဇေကမ္ဘာ ကုမ္ပဏီ) ကလည်း၊ ၂၀၀၄ ခုနှစ်တွင် ရန်ကုန် တိုင်းအတွင်း စီးပွားရေးဇုန်စီမံကိန်းအတွက် သိမ်းပိုက်ခဲ့သည့်မြေများနှင့် ပတ်သက်၍လည်း တရားစွဲဆိုမှုများ ကြုံနေရသည်။ သို့သော်လည်း ယခင်အစိုးရက သူ့အပေါ် ခွင့်ပြုထားခဲ့ခြင်းအပေါ် အသိအမှတ်မပြုလျှင် အစိုးရကို တရားစွဲဆိုမည် ဟုလည်း သူက ပြန်၍ခြိမ်းခြောက်နေသည်။[53]

အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများအနက် ကေအဲန်ယူက သူတို့ထိန်းချုပ်ရာဒေသများရှိ ကရင်လူထုများ၏ မြေများ သိမ်းဆည်းခံရမှုမှ ကာကွယ်ရေးအတွက် မြေယာမူဝါဒတစ်ရပ်ကို ရေးဆွဲပြုစုနေ သည်။ သူတို့က သိမ်းဆည်းခံရသည့် မြေများနှင့် ပတ်သက်၍ မှတ်တမ်းများ စုဆောင်းပြီး အစိုးရထံသို့ တင်ပြမည်ဖြစ်သည်။ ဤမူဝါဒကို ကေအဲန်ယူ၏ သစ်တောဌာန အကြီးအကဲ ဖဒိုစောဒွေ့ါလေးမူက ထိုင်းမြန်မာနယ်စပ်တွင်၊ ၂၀၁၃ ခုနှစ် ဇူလိုင် ၂၃-၂၅ တွင် ကျင်းပသော လယ်ယာမြေမူဝါဒ ဆွေးနွေးပွဲ၌ ထုတ်ပြန်ကြေညာခဲ့သည်။ [54] KNPP ကလည်း ကယားပြည်နယ်၊ ဖရူဆိုမြို့တွင် စစ်တပ် သင်တန်းကျောင်း အတွက် သိမ်းဆည်းထားသည့် မြေကိစ္စကို ကူညီဖြေရှင်းပေးနေသည်။ မြေယာကိစ္စ လှုပ်ရှားနေကြသူ အများစုက အစိုးရကို မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများနှင့် ပတ်သက်၍ အသိအမှတ်ပြုပါရန် တောင်းဆို တိုက်တွန်းနေကြသည်။ အကြောင်းမှာ တိုင်းရင်းသားအများစုမှာ သူတို့မြေယာကို နှစ်ကာလများစွာကပင် ပိုင်ဆိုင်ကြသော်လည်း၊ မြေပိုင်မှု တရားဝင်အထောက်အထားများ ရှိမနေကြသောကြောင့်ပင် ဖြစ်သည်။

---

[53] http://www.irrawaddy.org/archives/40169

[54] http://karennews.org/2013/07/the-knu-land-policy-to-go-to-the-burma-government.html/

# စီးပွားရေးအရ နစ်နာချက် (၄)။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့် ဒေသခံပြည်သူများ၏ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေး အပေါ် ထိခိုက်သက်ရောက်မှုများ

## ပြဿနာများ၏ နောက်ခံအကြောင်း

နဝတ/ နအဖ စစ်အစိုးရလက်ထက်တွင် ဆောင်ရွက်ခဲ့သော ဖွံ့ဖြိုးရေးစီမံကိန်းများသည် အလျှင်အမြန် စီးပွားရေးတိုးတက် လာစေရေးအပေါ်တွင်သာ အလေးထားပြီး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လူမှုရေးအရ ထိခိုက်သက်ရောက်မှုများအပေါ် လုံးဝ အလေးထားခြင်း မရှိသလောက်ပင် ဖြစ်ပါသည်။ ၁၉၉၀ ခုနှစ်များတွင် အပစ်အခတ်ရပ်စဲရေး ရယူပြီးနောက်၊ အရေးကြီး သည့် ဖြစ်ထွန်းတိုးတက်မှုမှာ တိုင်းရင်းသားဒေသများသို့ ပိုမို ထိတွေ့ပွင့်လင်းလာခြင်းပင် ဖြစ်ပါသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများ နှင့် သယံဇာတ ထုတ်လုပ်မှုများ အကြီးအကျယ် ဖြစ်လာပါသည်။ သို့အတွက်ကြောင့် ထိုဒေသများတွင် စစ်တပ်များ ပိုမိုတိုးချဲ့ ချထားခဲ့ပြီး၊ ဒေသခံများအပေါ် မတရားပြုမူမှုများလည်း တိုး၍ ဖြစ်ပွားလာခဲ့သည်။ ယခင်စစ်အစိုးရလက်ထက်တွင် ဒေသခံပြည်သူများမှာ အတင်းအကျပ် နေရာရွှေ့ပြောင်းစေရန် စေခိုင်းခံကြရရုံ မကဘဲ၊ အခြေခံ အဆောက်အဦများ ဆောက်လုပ်ရေး စီမံကိန်းများတွင်လည်း အဓမ္မလုပ်အားပေးရန် ခိုင်းခံခဲ့ကြရသည်။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့် သဘာဝ ပတ်ဝန်းကျင်နှင့် ယဉ်ကျေးမှုအရ တန်ဖိုးမဖြတ်နိုင်သည့် နေရာများ ဖျက်ဆီးခံခဲ့ကြရသည်။ အထူး လူသိများ သည့် ကိစ္စမှာ ဧရာဝတီမြစ်ဆုံဆည်ဖြစ်ပြီး၊ အကယ်၍ ၎င်းသာတည်ဆောက်ပြီးစီးမည် ဆိုပါက ကချင်လူမျိုးများ အတွက် အမြတ်ထားရာ နေရာများ ရေလွှမ်းမိုးနစ်မြုပ်ကုန်မည် ဖြစ်သည်။ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကြောင့် လူမှုရေးအရ ထိခိုက် နစ်နာမှုများလည်း ရှိခဲ့သည်။ ယင်းတို့မှာ ဒေသခံပြည်သူများနှင့် ရွှေ့ပြောင်းလာသူ လုပ်သားများအကြား တင်းမာမှုများ ရှိလာခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲမှု တိုးတက်လာခြင်း၊ လောင်းကစားနှင့် လိင်ရောင်းဝယ်မှုများလည်း ဖြစ်ပေါ်လာစေသည်။ အသေးစိတ်ဖြစ်ရပ်များအတွက် အောက်ဖော်ပြပါ အဖွဲ့အစည်းများမှ ထုတ်ဝေသည့် အစီရင်ခံစာများကို ကြည့်ရှုနိုင်သည်။

၁။ မြန်မာနိုင်ငံ မြစ်ချောင်းများ ကွန်ရက်အဖွဲ့ (Burma Rivers Network) + အဖွဲ့ဝင် အဖွဲ့အစည်းများ
၂။ ထားဝယ် စောင့်ကြည့်ရေးအဖွဲ့ (Dawei Watch)
၃။ မြေကမ္ဘာအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာအဖွဲ့ (Earth Rights International)
၄။ ကချင်ဖွံ့ဖြိုးရေး ကွန်ရက်အဖွဲ့ (KDNG)
၅။ ကရင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေး လှုပ်ရှားမှု ကွန်ရက် (KESAN)
၆။ ကရင်နီ လူမှုအဖွဲ့အစည်းများ ကွန်ရက် (Karenni Civil Society Network)
၇။ ရှမ်း စပါးဝါ သဘာဝပတ်ဝန်းကျင် အဖွဲ့ (Shan Sapawa Environmental Organization)
၈။ ရွှေ သဘာဝဓာတ်ငွေ့ လှုပ်ရှားမှု (Shwe Gas Movement)
၉။ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဆုံရပ်အဖွဲ့ (ECDF)
၁၀။ ရခိုင် ရေနံ စောင့်ကြည့်လေ့လာရေးအဖွဲ့ (Arakan Oil Watch)
၁၁။ သံလွင်မြစ် စောင့်ကြည့်ရေးအဖွဲ့ (Salween River Watch)

၁၂။ မြေယာနှင့် ပတ်သက်၍ အဓိကအာရုံထား လုပ်ဆောင်နေသော အုပ်စု (Landcore group) (စားနပ်ရိက္ခာ လုံခြုံရေး အလုပ်အဖွဲ့)
၁၃။ ထိုင်း-မြန်မာနယ်စပ်တစ်လျှောက် ကူညီထောက်ပံ့ရေး ညွှန့်ပေါင်းအသင်းကြီး (TBC)
၁၄။ သစ်တော၊ သယံဇာတ၊ သဘာဝ ပတ်ဝန်းကျင်၊ ဖွံ့ဖြိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး အသင်း (FREDA)

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ ဖွံ့ဖြိုးရေးစီမံကိန်းများကို စီမံခန့်ခွဲမှုနှင့် စိစစ်အကဲဖြတ်ချက် တိုးတက်လာစေခြင်း

အရပ်ဖက်လူမှုအဖွဲ့အစည်းများသည် ဒေသခံပြည်သူများ၏ မကျေနပ်ချက်များကို စုဆောင်း၍ တင်ပြရာ၌ အားကောင်းကြပါသည်။ ထို့အပြင် ကမ်ပိန်း စည်းရုံးလှုံ့ဆော်မှုများနှင့် စည်းရုံးတိုက်တွန်းမှုများလည်း ပြုနေကြသည်။ သူတို့က အစိုးရများ၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ကုမ္ပဏီများကို လုပ်ငန်းများ ဆောင်ရွက်ရာတွင် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်မှု အကဲဖြတ်ချက်များ (ESIA) ပြုရန်နှင့် စီမံကိန်းလုပ်ဆောင်ရာတွင် ဒေသခံ ပြည်သူများကို ကြိုတင်အသိပေး၍ ကောင်းစွာသိရှိ နားလည်ပြီးနောက် မိမိဆန္ဒအလျောက်ပေးသော ခွင့်ပြုချက် (FPIC) ရယူရန် တိုက်တွန်းတောင်းဆိုနေကြသည်။ အရပ်ဖက်လူမှု အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရန် ကျွမ်းကျင် ပညာရှင်များ၊ အစိုးရများ၊ တက်ကြွလှုပ်ရှားသူများ၏ အကြံပြုချက်များ လိုအပ်နေပြီး၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ မူဝါဒပြုပြင် ပြောင်းလဲရေးများ လုပ်ဆောင်ရာတွင်၊ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ဒေသခံပြည်သူများ၏ စိုးရိမ်ပူပန်မှုများကို သို့မှသာ ကြားသိနိုင်မည် ဖြစ်သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ပြုလုပ်ရာတွင် ချင်းအမျိုးသားတပ်ဦး (CNF)က စီမံကိန်းကြီးများ ဆောင်ရွက်ရာတွင် အကဲ ဖြတ်ချက်များပြုရန်၊ သီးခြားလွတ်လပ်သည့် ကော်မရှင်ဖွဲ့စည်းရန်၊ ပြည်သူများ၏ သဘောဆန္ဒ သေချာရယူရန် တောင်းဆိုခဲ့ပြီး၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP) ကလည်း အထူးသဖြင့် ဆည်ကြီးများ ဆောက်လုပ်ရာတွင်၊ စောင့်ကြည့်လေ့လာရေးအဖွဲ့ ဖွဲ့စည်းရန် တောင်းဆိုခဲ့သည်။ တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC)၏ အသွင်ကူးပြောင်းရေး ကြားကာလ စီစဉ်မှုများ တင်ပြချက်တွင်လည်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ (ယဉ် ကျေးမှုနှင့် စီးပွားရေး အစီအစဉ်များ၊ သဘာဝ သယံဇာတ စီမံခန့်ခွဲမှု)၊ ဆွေးနွေးရမည့် ပြဿနာများ (ရေရှည်တည်တံ့မည့် စီးပွားရေး ဖွံ့ဖြိုးမှုနှင့် ပတ်သက်၍ စီးပွားရေးဆိုင်ရာ မေးခွန်းများ) ကို တင်ပြထားသည်။ ကေအဲန်ယူကလည်း အစိုးရနှင့် ချုပ်ဆိုသည့် သူတို့၏ သဘောတူညီချက်တွင်၊ "ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပံ့ပိုးရန်၊ ဖွံ့ဖြိုးရေးစီမံကိန်းများတွင် ဒေသခံပြည်သူများ၏ ထောက်ခံမှုနှင့် အပြည့်အဝ ပါဝင်နိုင်မှု သေချာရရှိအောင် ဆောင်ရွက်ရန်" ဟု ထည့် သွင်းဖော်ပြခဲ့သည်။

အစိုးရကလည်း ဖွံ့ဖြိုးရေးစီမံကိန်းကြီးများနှင့် ပတ်သက်၍ တုံ့ပြန်လုပ်ဆောင်မှုများ ပြုလာခဲ့သည်။ ဥပမာအားဖြင့်- ထားဝယ်စီမံကိန်းတွင် တနင်္သာရီတိုင်း၌ တည်ဆောက်မည့် ကျောက်မီးသွေးသုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံတည်ဆောက်မည့် အကြောင်းကို သတင်းမီဒီယာတွင် ဆောင်းပါးများ ဖော်ပြပြီးနောက်၊ အမှတ်-၂ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက ၎င်း စီမံကိန်းကို ဖျက်သိမ်းခဲ့သည်။ ၎င်းတို့မှာ အစိုးရက ပြည်သူများ၏ အသံကို

နားထောင်လာသည့် ဥပမာများပင် ဖြစ်သည်။[55] ထမံသီဆည်နှင့်ရွှေစာရေးဆည် ကို ရင်းနှီးမြှုပ်နှံမည့်သူ၊ အိန္ဒိယအစိုးရက ၂၀၁၃ ခု၊ ဇွန်လတွင် ဖျက်သိမ်းခဲ့ပြီး၊ ဒေသခံပြည်သူများက အတိုက်အခံပြုတင်ပြ ကြသည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေမှုများကို ကိုးကားဖော်ပြ၍ ဖျက်သိမ်းခဲ့ခြင်း ဖြစ်သည်။ ကမ္ဘာက အံ့သြ ရလောက်အောင်ပင် အစိုးရက အငြင်းပွားဖွယ် ဖြစ်နေသည့် မြစ်ဆုံဆည် တည်ဆောက်ရေးစီမံကိန်းကိုလည်း ပတ်ဝန်းကျင် နှင့် လူမှုရေး ထိခိုက်သက်ရောက်မှု ဆိုးကျိုးများကို အကြောင်းပြကာ၊ ဆိုင်ငံ့ထားခဲ့သည်။ [56]

ထို့အပြင် ကောင်းမွန်သည့် အစိုးရစနစ်နှင့် အာဏာကို ဗဟိုချုပ်ကိုင်မှု လျှော့ချရေး အထွေထွေကြိုးပမ်း ချက်များသည်လည်း အရေးကြီးသည့်အချက် ဖြစ်ပါသည်။ သို့အတွက်ကြောင့် အာဏာပိုင်များက ပို၍တာဝန်ယူ တာဝန်ခံမှု ရှိလာစေ မည် ဖြစ်ပြီး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် မကျေနပ်မှုများအပေါ် တုံ့ပြန်နိုင်မည်ဖြစ်၍ ဖွံ့ဖြိုးရေးစီမံကိန်းများ စီမံခန့်ခွဲမှုလည်း ပို၍ တိုးတက်ကောင်းမွန်လာဖွယ် ရှိပါသည်။ *ဤအချက်များအတွက် စီးပွားရေးအရ နစ်နာချက်များကို ဖြေရှင်းခြင်း (၂) ၏ အဖြေ (၁)။ သဘာဝ သယံဇာတ များမှ ဘဏ္ဍာဝင်ငွေဆိုင်ရာ စီမံခန့်ခွဲမှုအာဏာကို အဖွဲ့အစည်း စနစ်တကျ ဖြစ်စေခြင်း (အင်စတီကျူရှင်း ဖွဲ့ခြင်း) နှင့် အဖြေ (၂)။ အစိုးရစနစ် ကောင်းမွန်တိုးတက်စေခြင်းတို့တွင် အသေး စိတ်ကြည့်ရှုစေလိုပါသည်။*

ဘေဂျင်းတွင် အခြေစိုက်သည့်၊ "စွမ်းအင်နှင့် သဘာဝ ဝန်းကျင်ပြောင်းလဲမှုဆိုင်ရာ တစ်ကမ္ဘာလုံး အင်စတီကျူ (Global Institute of Energy and Environmental Change)" က မြန်မာနိုင်ငံရှိ လွှတ်တော်အမတ်များနှင့် မြန်မာနိုင်ငံ သစ်တောဝန်ကြီးဌာနမှ ဝန်ထမ်းများအတွက်၊ သဘာဝပတ်ဝန်းကျင် ထိခိုက်သက်ရောက်မှုအပေါ် အကဲဖြတ်ချက် (EIA) သင်တန်း ဆောင်ရွက်ပေးမည်ဟု ၂၀၁၃ ခုနစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ သင်တန်းပြီးနောက် သူတို့ကို တရုတ်နိုင်ငံ ကျေးလက်ဒေသများသို့ သဘာဝ ပတ်ဝန်းကျင် ကာကွယ်ရေးအစီအစဉ်များ မည်သို့ပြုထားသည်ကို သွားရောက်လေ့လာစေမည်ဟုလည်း ဖော်ပြထားသည်။[57]

အခြားသက်ဆိုင်ဖွယ်ရှိသော အဖြေတစ်ခုမှာ **တိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ဥပဒေမူကြမ်း** ဖြစ်၍၊ ကွတ်ခိုင် မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတီခွန်မြတ် က တိုင်းရင်းသားများ အခွင့်အရေးကာကွယ်မှု ပေးရေးနှင့် ပတ်သက်၍ တင်ပြခဲ့ပါသည်။ ယင်းဥပဒေမူကြမ်း၏ အခန်း ၈ ခု၊ ပုဒ် ၁၂၀ ခုတွင် တိုင်းရင်းသားများ ၏ အခွင့်အရေးများကို ကာကွယ်ပေးခြင်းဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများ ဆောင်ရွက်ရာတွင် ဒေသခံများ၏ လူမှုရေးစိုးရိမ်ပူပန်ချက်များအပေါ် ပို၍ အလေးထားလာမည်၊ လေးစားမှုများ တိုးမြင့်လာမည် ဖြစ်သည်။[58]

---

55 http://www.mizzima.com/news/inside-burma/6379-coal-power-plant-in-dawei-cancelled.html

56 http://www.nationmultimedia.com/breakingnews/Ital-Thai-dam-project-halted-30206779.html

57 http://www.mizzima.com/news/regional/10009-china-to-train-myanmar-mps-on-environment-assessment

58 Voice weekly on Aug 6

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ ကုမ္ပဏီများ/ ကော်ပိုရေး ရှင်းကြီးများ၏ လူမှုရေးအရ တာဝန်သိမှု (CSR)

ကျွမ်းကျင်သူ ပညာရှင်များနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများက မကြာခဏ ထုတ်ဖော်ပြောဆိုကြသော အရေးကြီးသည့် အဖြေတစ်ခုမှာ ကုမ္ပဏီ/ကော်ပိုရေးရှင်းကြီးများ ဖက်ကလည်း ကုမ္ပဏီများ/ ကော်ပိုရေး ရှင်းကြီးများ၏ လူမှုရေးအရတာဝန် သိမှု (CSR) ကို လုပ်ဆောင်ရန်၊ ပတ်ဝန်းကျင် လူမှု ထိခိုက်နစ်နာနိုင်မှု အကြောင်းများကို အကဲဖြတ်ခြင်း (ESIA) ကို သေချာလုပ်ဆောင်ရန်၊ စီးပွားရေး လုပ်ငန်းများ လုပ်ဆောင်ရာတွင် တာဝန်သိစွာနှင့် ကျင့်ဝတ်များ လျှော်ညီစွာ လုပ် ဆောင်ရန်ပင် ဖြစ်သည်။ သို့မှသာ လူမှုရေး/ပတ်ဝန်းကျင် ထိခိုက်မှုများ လျှော့နည်းစေမည် ဖြစ်သည်။ အခြားအကြံပြုချက်တစ်ခုမှာ ပတ်ဝန်းကျင် လူမှု ထိခိုက်နစ်နာနိုင်မှု အကြောင်းများကို အကဲဖြတ်ခြင်း (ESIA) ကို ဒေသခံ ဘာသာစကားဖြင့် လူသိရှင်ကြား ထုတ်ပြန်ပေးရန်လည်း အများက တောင်းဆိုကြပါသည်။ ကုမ္ပဏီအများက ဤသို့ဆောင်ရွက်ကြခြင်း မရှိပါ။ ယင်း အစီရင်ခံစာများကို လျှို့ဝှက်ထားခြင်းဖြင့်၊ ပတ်ဝန်းကျင်လူမှုထိခိုက်နစ်နာနိုင်မှု ဆိုးရွားစွာရှိမည့်အကြောင်း (ESIA) အကဲဖြတ်ထား သည့်တိုင် ဆက်လက်လုပ်ကိုင်နေကြပါသည်။ ဒေသခံပြည်သူများနှင့် ပို၍ကောင်းစွာ ထိတွေ့ဆက်ဆံခြင်း ဖြင့်၊ ကုမ္ပဏီများ၏ စီမံကိန်းများအပေါ်တွင် သူတို့၏ ယုံကြည်မှုနှင့် ထောက်ခံမှုကို ရရှိနိုင်ပါသည်။

မြန်မာနိုင်ငံတွင် ပြီးခဲ့သည့်ဆယ်စုနှစ် ၂ ခုအတွင်း လုပ်ဆောင်ခဲ့ကြသည့် တရုတ်ကုမ္ပဏီများမှာ နာမည်ကောင်းမရရှိကြဘဲ ရှိနေရာ၊ ယခုအခါ သူတို့က ထိခိုက်နစ်နာသည့် ဒေသများရှိ ပြည်သူများအတွက် လူမှုရေးစီမံကိန်းများ ချဲ့ထွင်လုပ်ဆောင်၍ အဖတ်ဆည်ရန် ကြိုးပမ်းနေကြပါသည်။ ဥပမာအားဖြင့်- တရုတ် နိုင်ငံ၏ တရုတ်အမျိုးသား ရေနံကော်ပိုရေးရှင်း (CNPC) က သဘာဝဓာတ်ငွေ့နှင့် ရေနံပိုက်လိုင်း ဖြတ်သန်းမည့် ဒေသများတွင် ကျောင်းများ၊ ဆေးပေးခန်းများ ဆောက်လုပ်ပေးနေ သည်။[59] သို့သော်လည်း ဧရာဝတီမြစ်ဆုံ ဆည် စီမံကိန်းကြောင့် ပြောင်းရွှေ့ရမည့်သူများအတွက် တရုတ် စွမ်းအင်ရင်းနှီး မြှုပ်နှံမှု ကော်ပိုရေးရှင်း (CPI) က ဆောက်လုပ်ပေးထားသည့် စံပြကျေးရွာရှိအိမ်များ၊ ပြန်လည်လုပ်ကိုင်စားရန်ပေးသည့် မြေကွက်များမှာမူ အလွန်ညံ့ဖျင်းကြောင်း KDNG က ဖော်ပြခဲ့သည်။ ထို့အပြင် ရွာကို စစ်တပ်များက တင်းကျပ်စွာလုံခြုံ ရေး ယူထားသည့်အတွက်ကြောင့် ကျေးရွာလူထုများ၏ လွတ်လပ်မှု ထိခိုက်ရကြောင်းလည်း သိရသည်။ သို့အတွက် ကြောင့် ကုမ္ပဏီများ/ ကော်ပိုရေးရှင်းကြီးများ၏ လူမှုရေးအရတာဝန်သိမှု (CSR)၏ အရည်အသွေးနှင့် ထိရောက်မှုမှာ လည်း အရေးကြီးလှပါသည်။

[59] http://www.irrawaddy.org/archives/40242 ; http://news.xinhuanet.com/english/china/2013-05/27/c_132412183.htm


# စီးပွားရေးအရ နစ်နာချက် (၅)။ တိုင်းရင်းသား လူမျိုးစုများ၏ ဒေသများတွင် ဆင်းရဲမွဲတေမှုနှင့် ဖွံ့ဖြိုးရေးနောက်ကျနေမှု

## ပြဿနာ ၁။ တိုင်းရင်းသား လူမျိုးစုဒေသများတွင် ဖွံ့ဖြိုးရေးနောက်ကျနေမှု

တိကျသော ကိန်းဂဏန်းဒေတာများ၊ အထောက်အထားများ မရှိသော်လည်း တိုင်းရင်းသားလူမျိုးစုများ ဒေသများမှာ မြန်မာနိုင်ငံ ပြည်မဒေသများထက်စာလျှင် ဆင်းရဲမွဲတေမှု ပို၍ မြင့်မားသည်ဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ပင်မအားဖြင့် ရေရှည်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်ပွဲနှင့် စစ်တပ်၏ ဖြတ် ၄-ဖြတ် မူဝါဒကျင့်သုံးခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ဖြတ် ၄ ဖြတ် ဆိုသည်မှာ (၁) တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်ရေး ဖြတ်တောက်ခြင်း၊ ပိတ်ဆို့ခြင်း။ (၂) သူပုန်ဒေသများသို့ လူများ၊ ပစ္စည်းပို့ဆောင်မှုများကို ဖြတ်တောက်ခြင်း။ (၃) ပစ္စည်း၊ သတင်း၊ ရန်ပုံငွေ၊ လူသစ်ထောက်ပံ့ သူ အမာခံများကို ဖြတ်တောက်ခြင်းနှင့် ချေမှုန်းခြင်း။ (၄) သူပုန်များ၏ ဝင်ငွေကျဆင်းစေရန် ကုန်သွယ်မှု ဖြတ်တောက် ခြင်းတို့ ဖြစ်ပါသည်။ လမ်းပန်း၊ ရေရရှိရေး၊ လျှပ်စစ်နှင့် တယ်လီကွန်မြူနီကေးရှင်း ဆက်သွယ်ရေး စသည်ဖြင့် အခြေခံ အဆောက်အဦတို့မှာလည်း ချို့ငဲ့နေပါသည်။ မြန်မာပြည်မထက်စာလျှင် ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး အဆင့် အတန်းတို့မှာလည်း နောက်ကျ ကျန်ရှိနေပါသည်။

နိုင်ငံဘဏ္ဍာငွေအတွက် စွမ်းအင်အမြောက်အများကို ထုတ်လုပ်တင်ပို့နေသော်လည်း၊ ပြည်သူအများစုမှာ လျှပ်စစ်မီး မရရှိဘဲ မှောင်နှင့်မဲမဲ နေထိုင်ကြရပါသည်။ အစိုးရပိုင် မြန်မာ့အလင်းသတင်းစာ အဆိုအရ မြန်မာပြည်သူ ၇၄% မှာ မဟာဓာတ် အားကြီးလိုင်းနှင့် ဆက်သွယ်၍ လျှပ်စစ် ရရှိနိုင်ခြင်း မရှိကြဘဲ၊ ၂၆% သော ပြည်သူများမှာ လျှပ်စစ်မီး ပုံမှန် မရရှိကြပါ။[60] မြန်မာနိုင်ငံ၏ ညမီးအလင်းရောင်မြေပုံကို အောက်တွင် ဖော်ပြထားရာ၊ မီးမရရှိသည့် ၇၄% သော ပြည်သူများမှာ နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးစုများ၏ ဒေသများ ဖြစ်ကြောင်း တွေ့ရှိရပါမည်။ သို့အတွက်ကြောင့် ပြည်မထက် ပို၍ ဖွံ့ဖြိုးမှု နောက်ကျနေသည်ဟုလည်း ဆိုနိုင်ပါသည်။ သို့သော်လည်း လျှပ်စစ်ထုတ်လုပ်သည့် ရေအားလျှပ်စစ်စီမံကိန်း အများစုမှာ တိုင်းရင်းသား ဒေသများတွင် ဖြစ်နေရာ၊ မဆီလျော်ဘဲ ဖြစ်နေရပါသည်။ နယ်စပ်ဒေသနှင့် ကမ်းရိုးတန်းဒေသများမှာ အခြားနိုင်ငံများတွင် ပြင်ပကမ္ဘာနှင့် ကုန်သွယ်မှုအခွင့်အလမ်းများကြောင့် ပို၍ချမ်းသာကြွယ်ဝကြသော်လည်း၊ မြန်မာနိုင်ငံတွင်မူ ဆယ်စုနှစ်များစွာ ကြာမြင့်နေပြီ ဖြစ်သည့် ပြည်တွင်းစစ်ကြောင့်၊ မတည်ငြိမ်မှု၊ လွဲမှားသော စီမံခန့်ခွဲမှုများကြောင့် မတိုးတက်ဘဲ ကျန်နေရစ်ရပါသည်။

[60] Myanmar Alin, September 13, 2013




မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၏ လျှပ်စစ်ဓါတ်အား သုံးစွဲမှုပြမြေပုံ

# ပြဿနာ ၂။ ဖွံ့ဖြိုးမှုကို ချိန်ခွင်လျှာညှိခြင်း နှင့် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှု-- ၁၉၉၀ ခုနှစ်ကာလများ အပစ်အခတ်ရပ်စဲရေးမှ သင်ခန်းစာထုတ်ယူခြင်း။

ရေရှည်နိုင်ငံရေး လုပ်ငန်းစဉ်တွင် ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ကျဆင်းရေးတို့ အရေးကြီးသော်လည်း ဖွံ့ဖြိုးရေးစီမံ ကိန်းကြီးများကြောင့်၊ အပစ်အခတ်ရပ်စဲရေးမှသည် စီးပွားရေးဆွေးနွေးမှုအဖြစ် ရောက်ရှိသွားမည်ကို စိုးရိမ်ပူပန်မှုများ ဖော်ပြကြပါသည်။[61] လုံခြုံရေးအခြေအနေမှာ ဤမျှမတည်ငြိမ်သေး၊ ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ အတွက် အဆင်သင့်မဖြစ်သေး ဟု ဆင်ခြေပေးကြပါသည်။ ၁၉၉၀ ခုနှစ်များ အပစ်အခတ်ရပ်စဲရေးပြီးနောက် ပျက်စီးဆုံးရှုံးရမှုများကို ကြည့်၍၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် စီးပွားရေးအခွင့်အလမ်းများ စွက်ဖက်လာခြင်း အပေါ် သံသယမြင်နေကြခြင်း ဖြစ်သည်။ လူအများက အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အုပ်စုများကို ခရိုနီအသေးစားများ ဖြစ်လာအောင်၊ သူတို့၏ မူလနိုင်ငံရေး ရည်ရွယ်ချက်များ၊ တိုင်းရင်းသား အခွင့်အရေးများကို ငွေနှင့်ရောင်းစားစေရန် ဆွဲဆောင်နေသည်ဟု ဆိုကြပါသည်။ ထို့ အပြင် ယင်းသို့သော စီမံကိန်းကြီးများအတွက် ကာကွယ်ပေးမှုဆိုင်ရာ မူဝါဒများ၊ ဥပဒေများ လျှော့ကန်စွာ ရှိမနေကြသေးပါ။ သို့အတွက်ကြောင့် ရပ်ရွာအပေါ် ဆိုးကျိုးများ သက်ရောက်စေမည်၊ မကျေနပ်မှု၊ နာကျည်းမှုများ ပိုတိုးလာစေမည်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်စုံလုံးအပေါ်တွင်ပါ သို့အတွက်ကြောင့် ထိခိုက်စေမည်ဟု ပြောဆိုနေကြပါသည်။

မကြာသေးမီ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုများ နောက်တွင်၊ အစိုးရက အကြီးစားစီမံကိန်းများ ပြန်လည်စတင် လုပ်ဆောင်လာလေမည်လောဟု စိုးရိမ်ပူပန်မှုများ ရှိနေခဲ့ကြသည်။ ဥပမာအားဖြင့်-ယခင်က စစ်ပွဲများကြောင့် ဆိုင်းငံ့ထား ရသည့် တာဆန်းဆည် တည်ဆောက်ရေးဖြစ်ပြီး၊ အစိုးရနှင့် ထိုနေရာကို ထိန်းချုပ်ထားသည့် RCSS/SSA တို့ အပစ်အခတ် ရပ်စဲရေး သဘောတူညီပြီးနောက် ၂၀၁၂ ခုနှစ်တွင် ပြန်လည်စတင်လာခဲ့သည်။[62] ကေအဲန်ယူနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီပြီးနောက်တွင်လည်း စီးပွားရေးလုပ်ငန်းများ၊ ဥပမာအားဖြင့် အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်များတို့၏ လုပ်ဆောင်မှုများ ရှိလာသည်။ ကရင်ပြည်နယ် ဘားအံ၊ မြဝတီ၊ ဘုရားသုံးဆူတို့တွင် စက်မှုဇုန်/စီးပွားဇုန်များ တည်ထောင်မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ ၂၀၁၁ ခုနှစ်မှစ၍ ရှမ်းပြည်နယ်အတွင်း သတ္တုတွင်းတူးဖော်ရေး လုပ်ငန်းများလည်း များပြားလာခဲ့သည်။ သတ္တုတွင်းတူးဖော်ရေး ကုမ္ပဏီ ၄၆ ခုသို့၊ လုပ်ပိုင်ခွင့် ၂၇၆ ခု ခွင့်ပြုပေးခဲ့သည်။ (အများစုမှာ ဦးပိုင်ကုမ္ပဏီ လီမိတက် အပိုင် ဖြစ်သည်။) လုပ်ငန်းဧရိယာမှာ မြို့နယ် ၁၁ ခုတွင် ဧက ၂၈,၃၂၅ ခန့် ကျယ်ဝန်းသည်။ [63]

၂၀၁၂ အောက်တိုဘာလတွင် ကရင်ပြည်နယ်၌ ကျင်းပသည့် ကရင်ပြည်သူ့ဖိုရမ်တွင် ပြည်တွင်းစစ်ကြောင့် ထိခိုက်နစ်နာနေရသော ပြည်သူထောင်ပေါင်းများစွာ တက်ရောက်ခဲ့ကြပြီး၊ တက်ရောက်လာသူများက ငြိမ်းချမ်းရေး ဆွေးနွေးပွဲကာလအတွင်း အကြီးစားစီမံကိန်းများကို ဆိုင်းငံ့ထားပေးရန် တောင်းဆိုခဲ့ကြပါသည်။

---

[61] ဥပမာအားဖြင့်၊ ကေအဲန်ယူမှ ဗိုလ်ချုပ် ဘောကျော်ဟဲနှင့် တွေ့ဆုံမေးမြန်းခန်းကို ကြည့်ပါ။ http://karennews.org/2013/09/knu-gen-baw-kyaw-heh-exposes-how-ceasefire-agenda-has-shifted-to-business.html/

[62] http://www.irrawaddy.org/archives/8289

[63] Shan Sapawa အဖွဲ့၏ ၂၀၁၃၊ စက်တင်ဘာလ ၈ ရက်နေ့ တင်ပြမှုအရ ဖြစ်သည်။

ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအတွက် ဒေသခံပြည်သူများကို ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ဆောင်ရွက်ခွင့်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထို့အပြင် မြေနှင့် သဘာဝသယံဇာတများ ပိုင်ဆိုင်မှုအရေး ဖြေရှင်းပေးပါရန် အရေးကြီးကြောင်း မြန်မာအစိုးရနှင့် ကေအဲန်ယူခေါင်းဆောင်များထံ အလေးထား တင်ပြခဲ့ကြသည်။[64]

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၁)။ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် သက်ဆိုင်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ

ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် ပတ်သက်၍ အန္တရာယ်များ ရှိနေသော်လည်း အစိုးရမဟုတ်သည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အများက၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲ စင်မြင့်ကို အသုံးပြု၍ သူတို့ဒေသများတွင် ဆင်းရဲမွဲတေမှု လျော့ကျဆင်းစေရန် ဖွံ့ဖြိုးရေးစီမံကိန်းများကို တောင်းဆိုခဲ့ကြပါသည်။ ဖွံ့ဖြိုးရေးကိစ္စများကို တောင်းဆိုကြသည်မှာလည်း အစိုးရ၏ ငြိမ်းချမ်းရေး အစီအစဉ် ၈-ချက်အနက် တတိယအချက်ဖြစ်သည့် "စီးပွားရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရန်" ဟူ သည့်အချက်ကြောင့် ဖြစ်နိုင်ပါသည်။ တိုင်းရင်းသားများ ပူးပေါင်းဆောင်ရွက်ရေး အလုပ်အဖွဲ့ (WGEC)၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ အခြေခံမူဘောင်တွင်မှု အသွင်ကူးပြောင်းရေး ကြားကာလ အစီအစဉ်များတွင်၊ စီးပွားရေးအာဏာခွဲဝေမှုအဖြစ် ဖော်ပြထားပါသည်။ "စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေး စီမံကိန်းများ ချမှတ်ရာတွင်၊ သူတို့ပြည်သူများ၏ သာယာဝပြော ရေးအပေါ် ထိခိုက်သက်ရောက်မှု ရှိနေရသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အစည်းများ ပါဝင်ဆောင်ရွက်ခွင့် ရှိစေရန်" ဟု ဖော်ပြထားပါသည်။ အောက်တွင် အစိုးရမဟုတ်သည့် တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများက ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အစိုးရထံ တောင်းဆိုကြသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို စုစည်းဖော်ပြထား ပါသည်။

## အခြေခံ အဆောက်အဦ နှင့် စီးပွားရေး အခွင့်အလမ်းများ

**ချင်းအမျိုးသားတပ်ဦး (CNF)**

၁။ ပြည်တွင်း/ နိုင်ငံတကာ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကော်မတီ သို့မဟုတ် အဖွဲ့အစည်းကို ဖွဲ့စည်းရန်

(က) ၂၀၁၃ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့တွင် ချင်းပြည်နယ်တွင်း သတ္တုတူးဖော်ရေး လုပ်ငန်းအတွက် စတင် စမ်းသပ်သည်။ နီကယ်၊ ခရိုမိုက်၊ ကျောက်မီးသွေး၊ ကြေးနီရိုင်း နှင့် တွင်းတိမ်ရေနံတွင်းများ ရှိနေနိုင်သည်။

၂။ ခရီးသွားလုပ်ငန်း မြှင့်တင်ရန် ချင်းပြည်နယ်တွင်း/ ပြင်သို့ နိုင်ငံခြားခရီးသွားများ လွတ်လပ်စွာ သွားလာခွင့်ပြုသည်။

[64] Press Release November 6 , 2012 War-affected Karen communities urge suspension of mega development projects during peace process http://kordcentre.org/wp-content/uploads/2012/11/Press-Release-_English_1.pdf

(က) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်။ ချင်းပြည်နယ်ရှိ ရိခ်ရေကာန်၊ ဘာဝီပါ (Bawipa)၊ ဇင်မူး (Zinghmuh) တောင်တန်းများတွင် ခရီးသွားနေရာများ သတ်မှတ်ရန် စီစဉ်နေသည်။

၃။ အထူးစီးပွားရေးဇုန် (SEZ) တည်ထောင်ရန် အဆိုပြုထားသည်။

၄။ ချင်းပြည်နယ်ရှိ မြို့များကို ဆက်သွယ်ပေးမည့် နိုင်ငံတော်အဆင့် အဝေးပြေးလမ်းမ ဖောက်လုပ်ရန်။

(က) ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ။ CNF နှင့် ဒေသခံကုမ္ပဏီ ၃ ခုတို့က ၁၅ မိုင်အရှည် အဝေးပြေးလမ်းဖောက်လုပ်ရန် တင်ဒါအောင်မြင်သည်။

၅။ ပြည်ထောင်စုအစိုးရက အနည်းဆုံး လေယာဉ်ကွင်းတစ်ကွင်း ဖောက်လုပ်ပေးရန်။

(က) ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်။ အစိုးရက ဖလမ်းမြို့နယ်အနီး၊ ဆာဘာန်တောင်တန်းတွင် ပြည်တွင်း လေယာဉ်ကွင်းတစ်ခု ဖောက်လုပ်နေသည်။ ယင်းနေရာကို CNF လေ့လာရေးအဖွဲ့က ဖလမ်းမြို့နယ် အုပ်ချုပ်ရေး အာဏာပိုင်များ၊ ပြည်သူများနှင့်အတူ သွားရောက်လေ့လာ ကြည့်ရှုခဲ့သည်။

၆။ စည်းရုံးရေး ကော်မတီတစ်ခုကို ဖွဲ့စည်းရန်။

၇။ CNF အနေဖြင့် ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ရန်ပုံငွေရှာဖွေခွင့် ခွင့်ပြုသည်။

၈။ ရေရရှိရေး၊ လျှပ်စစ်မီး၊ စားနပ်ရိက္ခာ ဖူလုံရေး၊ ကျန်းမာရေး၊ ပညာရေး စသည်ဖြင့် အခြေခံလိုအပ်ချက်များကို ပံ့ပိုးပေး ရန်။

**တိုးတက်သော ဗုဒ္ဓဘာသာကရင် အမျိုးသား အစည်းအရုံး (DKBA)**

၁။ ဒေသ ဖွံ့ဖြိုးရေး၊ ကလိုထူးဘော အဖွဲ့ဝင်များနှင့် မိသားစုများကို ပြန်လည်နေရာချထားရေး၊ ရှိုးခလိဒေသတွင် လူမှုရေး စီးပွားရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်လာစေရေး။

**ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)**

၁။ ကယားပြည်နယ်တစ်ခုလုံး လျှပ်စစ်မီး ရရှိစေရန်

(က) ကယားပြည်နယ်အစိုးရ၏ အဆိုအရ ၂၀၁၃-၁၄ တွင် ကယားပြည်နယ်အတွင်းရှိ ကျေးရွာ ၄၀ မီးလင်းမည် ဖြစ်သည်။ ထို့နောက် ကုမ္ပဏီ ၃-ခုထံ လိုင်စင်ချပေးရန် ခွင့်ပြုချက် ရသည်။

၂။ အစိုးရနှင့် KNPP တို့က ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားမည်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)**

မရှိပါ။

**ကရင်ငြိမ်းချမ်းရေး ကောင်စီ (KPC)**

၁။ အခြေခံလိုအပ်ချက်များနှင့် ပညာရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေရရှိရေး နှင့် လျှပ်စစ်မီးကိစ္စများ အလျှင် အမြန် ဖြည့်ဆည်းပေးနိုင်ရေးအတွက် နိုင်ငံတော်က အကူအညီများ ခွင့်ပြုပေးသွားရန်နှင့် ကိုယ်ထူကိုယ်ထ ရပ်တည်နိုင် ရေး ပံ့ပိုးပေးသွားရန်။

၂။ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုဆောင်ရွက်ရန်၊ နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသတွင်းရ အခြေခံအဆောက်အဦများ တောင်းဆို ထားသည်။

၃။ ကရင်များကို သူတို့၏မြေပေါ်တွင် စိုက်ပျိုးလုပ်ကိုင်စားသောက်ကြရန်နှင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သူတို့၏ သယံဇာတများကို အသုံးပြုနိုင်ရန် ခွင့်ပြုထားသည်။ အခြေခံ

အဆောက်အဦလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေး၊ ခရီး သွားလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ သွင်းကုန်-ထုတ်ကုန်လုပ်ငန်း၊ ကျောင်းများ၊ ဆေးရုံများ၊ ကျန်းမာရေး စောင့်ရှောက်မှုများ စသည့်ဖြင့် အပါအဝင် ဖြစ်သည်။

**ဒီမိုကရေစီ မဟာမိတ်တပ်မတော်သစ် (NDAA)**
၁။ ခရီးသွားလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ NDAA ထိန်းချုပ်ရာဒေသများတွင် လျှပ်စစ်မီး တိုးတက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရန်။

**မွန်ပြည်သစ်ပါတီ**
မရှိပါ။

**ပအိုဝ့်အမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)**
၁။ ကဒူးကြီးနှင့် မဲမောလမ်းဖောက်လုပ်ရေးအတွက် PNLO က အဆိုပြုလွှာ တင်ပြသွားမည်။ လယ်ယာစိုက်ပျိုးရေး အခြေ ပြု ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဗဟိုအစိုးရက ကူညီပံ့ပိုးပေးသွားရမည်။

**ရှမ်းပြည် ပြန်လည်တည်ဆောက်ရေးကောင်စီ (RCSS)**
၁။ ပြည်ထောင်စုအစိုးရနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်သွားမည်။
၂။ RCSS ထိန်းချုပ်ရာဒေသတွင် အထူးစက်မှုဇုန် တည်ဆောက်သွားရန် အဆိုပြုထားသည်။

**ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)**
မရှိပါ။

**ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)**
၁။ ရေတိုနှင့် ရေရှည် လူမှုရေး-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ ချမှတ်သွားရန် သဘောတူညီသည်။

**နယ်စပ်ကုန်သွယ်ရေး ဖွင့်လှစ်မှုများ** (၂၀၁၁ ခုနှစ် အပစ်အခတ်ရပ်စဲရေး နောက်ပိုင်း)

| | | | |
|---|---|---|---|
| တနင်္သာရီတိုင်း၊ ထီးခီး နယ်စပ်ကုန်သွယ်ရေးဂိတ် [65] | KNU | တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် | ၂၀၁၃ ခုနှစ် မေလ ၁၂ |
| တနင်္သာရီတိုင်း၊ မောတောင် (မိုးတောင်) နယ်စပ် ကုန်သွယ်ရေးဂိတ် | KNU | တနင်္သာရီတိုင်း ဒေသကြီး ဝန်ကြီးချုပ် | ၂၀၁၃ ခုနှစ် မေလ ၇ ရက်နေ့တွင်ဖွင့်လှစ်။ ထိုင်းနိုင်ငံ စင်ခုန်းဖက် အခြမ်းတွင်မူ ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ တွင် ဖွင့်သည်။ |
| စစ်ကိုင်း၊ ပန်ဆောင်း ကုန်သွယ်ရေးဈေးကွက် | နာဂ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ | စီးပွား/ကူးသန်း ဝန်ကြီးဌာန | ၂၀၁၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အစီအစဉ်ကို ကြေညာသည်။ |

[65] http://karennews.org/2013/05/border-crossing-goes-legal.html/

| | | | |
|---|---|---|---|
| နယ်ခြားမှတ်တိုင် (BP) ၁၃ နယ်စပ်ဂိတ် | ကလလတ မှ စဉ်းစားရန် | ကယားပြည်နယ်၊ သယ်ယူပို့ဆောင်ရေး ဝန်ကြီး | ၂၀၁၃ ဇူလိုင် ၁၉ တွင် သတင်းဖော်ပြသည်။ အပစ်အခတ်ရပ်စဲရေး ပြီးနောက် ထိုင်း-ကယား လမ်းဖောက်လုပ်ရေး အတွက် ကျပ်သန်း ၃၀၀၀ ချပေးသည်။[66] |
| မိုင်းလင်း ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ (ယူနန် ခရိုင် အတွင်း၌) - မြန်မာနိုင်ငံ ဝထိန်းချုပ်ရာဒေသနှင့် ထိစပ် နေပြီး၊ နယ်စပ်ပူးပေါင်းဆောင်ရွက်ရေး ဇုန်အဖြစ် ပြင်ဆင်ထားသည်။ | UWSA | | ၂၀၁၂ နိုဝင်ဘာလ အစောပိုင်းတွင် အခြေခံ အဆောက်အဦ တည် ဆောက်ရေးအတွက် ၁. ၉၅ ဘီလီယံယွန် (ဒေါ်လာ ၃၁၀ သန်း) ဖြင့် စတင်လုပ်ကိုင် သည်။ |

## အထူးစီးပွားရေးဇုန် (SEZs) နှင့် အထူးစက်မှုဇုန်များ (SIZs)

အထူးစီးပွားရေးဇုန် (SEZs) နှင့် အထူးစက်မှုဇုန်များ (SIZs) နှင့် ပတ်သက်၍ ဆိုးကျိုးသက်ရောက်မှုများအပေါ် ဒေသခံ ပြည်သူများက အငြင်းပွား ဆွေးနွေးနေကြသော်လည်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း ၂-ခုကမူ သူတို့ဒေသ အတွင်း စီးပွားရေးမြှင့်တင်နိုင်ရန်၊ အလုပ်အကိုင် ဖန်တီးနိုင်ရန် ရည်ရွယ်ချက်ဖြင့် စက်မှုဇုန်များ တည်ဆောက်ရန် အစိုးရထံ တင်ပြတောင်းခံခဲ့ပါသည်။ ငြိမ်းချမ်းရေး သဘောတူညီချက်များတွင် ချင်းအမျိုးသားတပ်ဦး (CNF) က ချင်းပြည်နယ် အတွင်း အထူးစီးပွားရေးဇုန် တည်ဆောက်ရန် တောင်းဆိုခဲ့ပြီး၊ ရှမ်းပြည် ပြန်လည်တည်ဆောက်ရေးကော်မတီ (RCSS) ကလည်း ထိုင်း-မြန်မာနယ်စပ် မုန်းလားတွင် အထူးစက်မှုဇုန်တစ်ခု တည်ဆောက်ခွင့်ပြုရန် တောင်းဆိုခဲ့ပါသည်။ မည်သည့် လုပ်ငန်းမျှ စတင်ခြင်း မရှိသေးပါ။

## လူမှုရေး ဝန်ဆောင်မှုများနှင့် ပညာရေး

ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် နောက်ထပ် အဓိကတောင်းဆိုချက် တစ်ခုမှာ လူမှုရေးဝန်ဆောင်မှုများနှင့် ပတ်သက်၍ ဖြစ်ပါသည်။

**ချင်းအမျိုးသားတပ်ဦး (CNF)**

၁။ ချင်းအမျိုးသားတပ်ဦး (CNF)၊ ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်၍ ချင်းပြည်နယ်အတွင်း သတင်းနည်းပညာ တိုးတက်မှုနှင့် ကွန်ပြူတာကျွမ်းကျင်မှု အရည်အချင်းများ မြှင့်တင်သွားရန်။

` (က) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် အစိုးရ၏သတင်းစာ (ကြေးမုံ) က ချင်းပြည်နယ်အတွင်း ပညာရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် စီမံကိန်း တင်ဒါခေါ်ယူမှုကို ကြော်ငြာဖော်ပြသည်။ ကွန်ပြူတာ ၉၀၅ လုံး၊ ဂြိုဟ်တုအင် တာနက် ဆက်သွယ်ရေး ၃၅ စုံ၊ မီးစက် ၃၀ နှင့် ဒိုင်နမိုများ၊ အခြား ရောက်တာ (routers) နှင့် အပိုပစ္စည်းများ ၄ ခုကို တင်ဒါခေါ်ယူထားသည်။ [67]

[66] http://ktimes.org/index.php/news/692-2013-07-18-17-35-42

[67] Mirror (Kyaymon) newspaper, 13 August 2013

(ခ) ၂၀၁၃ ခုနှစ်၊ ဖွန်လ ၁၁ ရက်နေ့တွင် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးပံ့ပိုးမှုအဖွဲ့ (MPSI) နှင့် ချင်းအမျိုးသားတပ်ဦး (CNF) တို့ ပူးပေါင်းဆောင်ရွက်၍ ချင်းပြည်နယ်အတွင်းရှိ အထက်တန်းကျောင်း ၃၀ တွင် အင်တာနက်တပ်ဆင် ခဲ့သည်။ ကျောင်းစာသင်ခန်းတွင် IT နှင့် ကွန်ပြူတာကျွမ်းကျင်မှု အရည်အသွေးများ မြှင့်တင်ပေးရန် ဖြစ်သည်။ စုစုပေါင်း ကွန်ပြူတာ ၉၀ လုံး တပ်ဆင်ပေးခဲ့သည်။

**ကရင်နီအမျိုးသား တိုးတက်ရေးပါတီ (KNPP)**

၁။ နိုင်ငံတကာအဲန်ဂျီအိုများ၊ အစိုးရမဟုတ်သည့် အဲန်ဂျီအိုများဖြင့် ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ဝန်ဆောင်မှုများ ပူးပေါင်းဆောင်ရွက်သွားရန်နှင့် ကယားပြည်နယ်အစိုးရနှင့် ဆက်သွယ်ဆောင်ရွက်သွားရန်။

**ကရင်အမျိုးသားအစည်းအရုံး (KNU)**

၁။ ပြည်သူလူထု၏ အခြေခံလိုအပ်ချက်များအတွက် ပံ့ပိုးပေးသွားရန်။

(က) ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်။ ပထမဦးဆုံးအကြိမ် ကရင်ပညာရေးဌာန နှင့် ကရင်ဆရာများ အလုပ်အဖွဲ့တို့ က ဆရာဖြစ်သင်တန်း (နွေရာသီသင်တန်း) ဖွင့်လှစ်သည်။

(ခ) ၂၀၁၃ ခုနှစ်၊ မေလ ၂၃ ရက်၊ ကရင် ကျန်းမာရေးနှင့် လူမှုဖူလုံရေးဌာနနှင့် ကရင်ပြည်နယ်အစိုးရ၊ ကျန်းမာ ရေးဌာနတို့ တွေ့ဆုံ၍ လိုအပ်နေသည့် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များကို အစီအစဉ်ရေးဆွဲကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ အဖွဲ့အစည်း ၂-ခုက မြဝတီမြို့တွင် တွေ့ဆုံ၍ ကရင်ပြည်နယ်အတွင်း ကျန်းမာရေး စောင့်ရှောက်မှုများတွင် မည်သို့ပိုမိုကောင်းမွန်စွာ ပူးပေါင်းဆောင်ရွက်နိုင်မည်ကို ဆွေးနွေးကြသည်။

(ဂ) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့မှစ၍ ကျားကြီး (Big Tiger) ဖောင်ဒေးရှင်းက ဆင်းရဲသားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများနှင့် အခြေခံ ပံ့ပိုးမှုများ စတင်ထောက်ပံ့သည်။

**တိုးတက်သော ကရင်အမျိုးသား အစည်းအရုံး (DKBA)**

မရှိပါ။

**ဒီမိုကရေစီ မဟာမိတ်တပ်မတော်သစ် (NDAA)**

၁။ ပြည်ထောင်စုအစိုးရက အထူးဒေသ (၄) ရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု၊ ကုသမှု၊ ကာကွယ်ပေးမှု၊ ပညာ ပေးမှု လုပ်စဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ရေရှည်အစီအစဉ်များ ချမှတ်သွားရန်။

**မွန်ပြည်သစ်ပါတီ**

၁။ ဒေသ တည်ငြိမ်မှုနှင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများတွင် ဖွံ့ဖြိုးတိုးတက်မှု ရှိလာစေရေးအတွက် သက်ဆိုင် ရာ တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့အစည်းများ၊ အစိုးရတို့နှင့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက် သက်ဝင် လာသည့်အခါ ပူးပေါင်းလုပ်ဆောင်သွားမည်။

**ပအိုဝ်းအမျိုးသား လွတ်မြောက်ရေး အဖွဲ့ချုပ် (PNLO)**

၁။ PNLO က ပြည်ထောင်စုအစိုးရ၊ ပြည်နယ်အစိုးရ၊ ဒေသခံအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်၍ ပညာရေး၊ ကျန်းမာ ရေး၊ စိုက်ပျိုးရေးကို အခြေခံသည့် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များ လုပ်ဆောင်သွားရန်။

**ရှမ်းပြည် ပြန်လည်တည်ဆောက်ရေးကောင်စီ (RCSS)**

၁။ နိုင်ငံတကာ အဲန်ဂျီအိုများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများထံမှ အကူအညီများ ရရှိရေး ပူးပေါင်းလုပ်ဆောင်သွား မည်။

**ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP)**
မရှိပါ။

**ဝပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)**
၁။ ပြည်ထောင်စုအစိုးရက 'ဝ' အထူးဒေသ (၂) အတွင်းရှိ တိုင်းရင်းသားလူမျိုးစု လူငယ်များ၏ အခွင့်အလမ်းတိုးမြှင့်လာ စေရေး၊ ပညာရေးကို လေ့လာလိုက်စား၍ အသိဉာဏ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကူညီပေးသွားရန် သဘောတူ ညီသည်။
၂။ ပြည်ထောင်စုအစိုးရက 'ဝ' အထူးဒေသ (၂) ရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု၊ ကုသမှု၊ ကာကွယ်ပေးမှု၊ ပညာပေးမှု လုပ်စဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး ရေရှည်အစီအစဉ်များ ချမှတ်သွားရန်။

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်း (၂)။ အစိုးရ၏ တိုင်းရင်းသား လူမျိုးများနှင့် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး တစ်စုံလုံး အစီအစဉ်

## နယ်စပ်ရေးရာ ဝန်ကြီးဌာန

၁၉၈၈ ခုနှစ်တွင်၊ စစ်အစိုးရအာဏာရရှိလာ ချိန်မှ စ၍ တိုင်းရင်းသား လူမျိုးစုများ၏ ပြဿနာ နှင့် ပြည်တွင်းစစ် ပဋိပက္ခ ပြဿနာကို ဖြေရှင်းနိုင်ရန် အတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးကို အစိုးရ၏ တစ်စုံလုံး မဟာဗျူဟာတွင် အစိတ်အပိုင်းတစ်ခု အနေဖြင့် စတင်လုပ်ဆောင်ခဲ့ပါသည်။ ယခင် (နဝတ/နအဖ) စစ်အစိုးရလက်ထက်တွင်၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသော ဝန်ကြီးဌာနတစ်ခု ဖြစ်ပြီး၊ နယ်စပ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှု ရရှိစေရန် လုပ်ဆောင်ခဲ့သည်။ သူတို့က တိုင်းရင်းသားလက်နက်ကိုင် အင်အားစုများ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့်အခါ စနစ်တကျနှင့် သိမ်းသွင်းသွားရန် ရည်ရွယ်ထားခြင်း ဖြစ်သည်။ သို့သော်လည်း ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ၎င်းမှာ စစ်တပ်က ချုပ်ကိုင်ထားသည့် ဝန်ကြီးဌာန ၃-ခုအနက်မှ တစ်ခု ဖြစ်သည်။ သို့အတွက်ကြောင့် ဖွံ့ဖြိုးရေး ရည်ရွယ်ချက်မှာ စီးပွားရေးစေ့ဆော်ချက်ကြောင့် မဟုတ်ဘဲ၊ စစ်ရေးအမြင်ဖြင့် ဖြစ်နေသည်။ ထို့အပြင် ဝက်ဘ်ဆိုက်ဒ် စာမျက်နှာတွင် ဖော်ပြထားသည့် ၎င်း၏အခန်းကဏ္ဍနှင့် မဟာဗျူဟာအရ ယခင် (နအဖ) အစီအစဉ်များအတိုင်း ဆက် လက်အကောင်အထည်ဖော်နေပြီး၊ လက်ရှိ အစိုးရ၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများနှင့် တစ်သားတည်း ဖြစ်မနေပါ။ လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဤဝန်ကြီးဌာနက ခပ်ငြိမ်ငြိမ်သက်သက်သာ ရှိနေပြီး၊

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန (Myanmar Peace Center) ကသာ ဦးဆောင်နေပါသည်။ အပစ်အခတ်ရပ်စဲရေး ဆွေးနွေးပွဲများတွင် ရှေ့တန်းက ရှိမနေသော်လည်း၊ နယ်စပ်ဒေသရှိ ဖွံ့ဖြိုးရေးစီမံကိန်းများကို ဆက်၍တက်ကြွစွာ ကြီးကြပ်နေပါသည်။
နယ်စပ်ဒေသလုံခြုံရေးအတွက် ယခုဝန်ကြီးဌာနက အရေးပါသည့် အခန်းကဏ္ဍမှ ဆောင်ရွက်နေပြီး၊ ရည်မှန်းချက်ကြီးမားသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ ရှိသော်လည်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသူများသော်မှ ဤဌာနနှင့် ကျွမ်းဝင်သိရှိခြင်း မရှိကြပါ။ အစိုးရဖက်တွင် သမ္မတကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အဖွဲ့ဝင် ၂၁ ဦးပါဝင်သည့်၊ မူဝါဒ ချမှတ်ရေး ဗဟိုကော်မတီမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အရေးပါ-မပါကို ဆုံးဖြတ်ပါသည်။ မြန်မာနိုင်ငံရှိ ပြည်သူများအဖို့မူ ယခုဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်စေရေး ကျောင်းကိုသာ သိရှိကြပါသည်။ ထိုကျောင်းမှနေ၍ တိုင်းရင်းသားဒေသများတွင် အစိုးရဝန်ထမ်းများအဖြစ် ပြန်လည်ထမ်းဆောင်နိုင်စေရန် တိုင်းရင်းသားလူငယ်များကို လေ့ကျင့်ပေးပါသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ ငြိမ်းချမ်းရေးအတွက် မြော်မြင်ချက်မှာမူ လူမှု-စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမှ ဆင်းရဲမွဲတေမှု လျှော့ချရေး၊ အထူးစီးပွားရေးဇုန်များ ဖော်ဆောင်ခြင်း၊ အသေးစား ငွေချေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အခြေခံ အဆောက်အဦများ ဆောက်လုပ်ခြင်း၊ ဘာသာရေးနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းကာကွယ်ခြင်း၊ နောက်ဆုံး မူးယစ်ဆေးဝါး ပပျောက်ရေးတိုင်အောင် အကျယ်အပြန့် ပါဝင်လွှမ်းခြုံနေပါသည်။ အကြီးစားမှနေ၍ အငယ်စားအထိ ဖွံ့ဖြိုးရေးလုပ်ငန်း များကို လွှမ်းခြုံနိုင်အောင် ရည်မှန်းချက် ကြီးမားလှပါသည်။[68] လုပ်ငန်းတာဝန်များမှာ အလွန်တရာကြီးမားနေသည့် အတွက်ကြောင့် မည်မျှအကောင်အထည်ဖော်သည်၊ မည်မျှထိရောက်မှုရှိသည်ကို အတိအကျ စောင့်ကြည့်လေ့လာရန် ခက်ခဲပါသည်။ ဝန်ကြီးဌာန၏ ဖော်ပြထားသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များနှင့် ၎င်း၏ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းများမှာ အံဝင်ခွင်ကျမှု မရှိလှပါ။ ဤအချက်ကပင် ယခုဝန်ကြီးဌာန၏ ဖွဲ့စည်းပုံ လွဲမှားနေခြင်းကို ဖော်ပြနေပါသည်။ လုပ်ငန်းစဉ်များတွင် စစ်ရေးအမြင်ပါသည့်၊ အမျိုးသားရေး အမြင်ကဲသည့် လုပ်ငန်းစဉ်များကိုလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဥပမာ-

**နယ်စပ်ရေးရာ ဝန်ကြီးဌာန၏ လုပ်ငန်းစဉ် ၁၆-ချက်မှ-**
၉။ နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အသိစိတ်ဓာတ်များ ကိန်းအောင်းစေရန် ပျိုးထောင်ပေးခြင်း၊
၁၄။ နယ်စပ်ဒေသများတွင် **ဘာသာ၊ သာသနာ** ထွန်းကားပြန့်ပွားရေး လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင် ရွက်ခြင်း၊

ထို့အပြင် ယခုဝန်ကြီးဌာနက အသစ်သော ပြုပြင်ပြောင်းလဲမှုများနှင့် အံဝင်ခွင်ကျ ဖြစ်မနေသည့်အကြောင်းမှာ စီမံကိန်းများ သည်၊ ယခင် အပစ်အခတ်ရပ်စဲရေး ဒေသများအပေါ်တွင်သာ အခြေပြုထားပြီး၊ ၂၀၁၁ ခုနှစ် အပစ်အခတ် ရပ်စဲရေးပျက် ပြယ်ချိန်မှစ၍ ပြောင်းလဲမှုများစွာ ရှိနေပြီ ဖြစ်သည်။ ယခုဝန်ကြီးဌာန မည်သို့လည်ပတ်ဆောင်ရွက်နေကြောင်း သတင်း အချက်အလက် သိရှိရနည်းသည့်အတွက်ကြောင့်၊ အောင်မြင်မှုများ ရှိခဲ့သော်လည်း ယခုဝန်ကြီးဌာနနှင့် ပတ်သက်၍ ပြဿနာ ရှိနေပါသည်။ လက်ရှိ ဖြစ်ပေါ်တိုးတက်မှုများနှင့်

[68] http://www.mba.gov.mm/zg/node/227

ပတ်သက်၍ သတင်းဖော်ပြချက်ကို ၂၀၁၁ ခုနှစ်၊ ဧပြီလ ၂၄ ရက်နေ့တွင် တွေ့ရပြီး၊ သမ္မတရုံးဝန်ကြီး ဦးသိန်းညွန့် (ယခင်နအဖ စစ်အစိုးရလက်ထက်က နယ်စပ်ဒေသဖွံ့ဖြိုးရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့သူ) က ယခု အစိုးရသစ်လက်ထက်တွင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကတိပေးသည်ဟု ဖော်ပြထားသည်ကို တွေ့ရပါသည်။ သူက "နိုင်ငံ တော်ရန်ပုံငွေ ၂၁၂ ဘီလီယံကျပ်ကို (ဒေါ်လာ ၂၃၅ သန်း) ကို အထွေထွေသော နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ အတွက် အသုံးပြုခဲ့ပြီးပြီ" ဟု ပြောဆိုထားပါသည်။[69] သို့သော်လည်း လက်တွေ့တွင် မည်မျှထိရောက်မှုရှိသည်ကို ဆန်းစစ် တိုင်းတာရန် ခက်ခဲပါသည်။

ဥပဒေအမှတ် ၁၁/၉၃ ကို ၁၉၉၆ ခုနှစ်တွင် ပြင်ဆင်ဖြည့်စွက်ထားသည့် "နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ" အရ ၁၉၉၃ ခုနှစ်တွင် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေး မဟာစီမံကိန်းကို ရေးဆွဲခဲ့ပါသည်။ ဝန်ကြီးဌာန၏ ဝဘ်ဆိုဒ်တွင် ဖော်ပြထားချက်အရ ၂၀၀၁-၂၀၀၂ ခုနှစ်မှစတင်သည့် နှစ်-၃၀ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ရေရှည်စီမံကိန်းတစ်ခုကို ရေးဆွဲထားပြီး၊ ၂၀၂၉-၃၀ တွင် ပြီးဆုံးမည် ဖြစ်သည်။ သို့သော်လည်း မဟာစီမံကိန်း၏ အသေးစိတ် အချက်အလက်များကိုမူ မသိရှိရပါ။ ထို့အပြင် လက်ရှိအစိုးရ ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေး အစီအစဉ်များ၊ သို့မဟုတ် တစ်နိုင်ငံလုံးဖက်စုံ ပြု ပြင်ပြောင်းလဲရေး အစီအစဉ်များနှင့် မည်မျှစပ်အပ်မည်ကို တိကျသေချာ မသိနိုင်ပါ။ ဥပမာအားဖြင့်-၎င်းဝန်ကြီးဌာနက နယ်စပ် ဒေသများတွင် စီမံကိန်းများ အကောင်အထည်ဖော်ရန် တာဝန်ရှိပြီး၊ ၎င်းတွင် နိုပွန်ဖောင်ဒေးရှင်းမှ ရခိုင် ပြည်နယ်တွင် ကျောင်း ၂ ကျောင်း ဆောက်လုပ်ပေးရန်ကိစ္စများလည်း ပါဝင်ပါသည်။[70] ဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဖော်ဆောင်မှု ဗဟိုဌာန (Myanmar Peace Center) နှင့် ယခုဝန်ကြီးဌာနတို့ မည်မျှနားလည်မှု ရှိသည်၊ မည်သို့ ပူးပေါင်းဆောင်ရွက်နေသည်၊ လုပ်ငန်းများ မည်သို့ ဆန့်ကျင်ဖက် ဖြစ်နေကြသည်တို့ကို ပိုမိုသိရှိနားလည်ရန် လိုအပ်ပါသည်။

## အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းများ

တိုင်းရင်းသားလူမျိုးစုများဖွံ့ဖြိုးတိုးတက်ရေး၊ အထူးသဖြင့် ပဋိပက္ခလွန် အခြေအနေများတွင် ဖွံ့ဖြိုးတိုးတက်လာ စေရေးသည်၊ တစ်စုံလုံးသော အမျိုးသား ဖွံ့ဖြိုးရေးစီမံကိန်းများအပေါ် တည်မှီနေပါသည်။ သမ္မတဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအနေဖြင့် ပထမ ၅-နှစ် စီမံကိန်း (အမျိုးသားဖက်စုံ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်၊ ၂၀၁၁-၂၀၁၆) ကို "ပြည်သူ့ အခြေပြု ဖွံ့ဖြိုးတိုးတက်စေရေး" အတွက် ပစ်မှတ်ထား ဆောင်ရွက်နေပါသည်။ ၎င်းတွင် ပြုပြင်ပြောင်းလဲရေးအတွက် ထောက်တိုင် ၄-ခုကို သတ်မှတ်ထားပြီး၊ ယင်းတို့မှာ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေး၊ ပြည်သူ့ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးနှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုတို့ ဖြစ်ပါသည်။[71] ထို့အပြင် ကျေးလက်မြို့ပြ ဖွံ့ဖြိုးမှု ဖက်ညီသည့်၊ ပြည်နယ်/တိုင်းဒေသကြီး အားလုံး တန်းတူညီတူ ဖွံ့ဖြိုးမှု ဖြစ်စေရေး၊ ပြည်သူတစ်ရပ်လုံး အင်အားစုအားလုံး ခံစားနိုင်သည့် ဖွံ့ဖြိုး တိုးတက်မှု (all inclusive growth) အတွက်လည်း ကတိကဝတ်ပြုထားပါသည်။

---

69 http://english.people.com.cn/90001/90777/90851/7359690.html

70 see http://www.mba.gov.mm/eng/natala/cooperation-un-agencies-bilateral-and-ingos-under-process and http://www.mba.gov.mm/eng/natala/uningos-be-cooperated-and-implemented

71 http://www.elevenmyanmar.com/business/3416-myanmar-to-investors-more-reform-ahead

သမ္မတဦးသိန်းစိန်က ၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့တွင် သူ၏သမ္မတသက်တမ်း ကျန်ရှိသည့် လ-၃၀ အတွင်း ပြည်သူ့အခြေပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပါသည်။ ထင်ရသည်မှာ သူ၏ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို ပို၍ အားဖြည့်မီးထိုး လုပ်ဆောင်သွားတော့မည့် အသွင်ရပါသည်။ သမ္မတရုံးဝန်ကြီး ၄ ဦးကို အထွေထွေသော ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု ရယူနိုင်ရေးအတွက် ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ဦးစိုးသိန်းက စီးပွားရေး ပြုပြင်ပြောင်းလဲမှုများအတွက် တာဝန်ယူမည် ဖြစ်ပြီး၊ ဦးအောင်မင်းက နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများအတွက် တာဝန်ယူမည် ဖြစ်သည်။ ဦးတင်နိုင်သိန်းကမူ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှု အတွက်လည်းကောင်း၊ ဦးလှထွန်းကမူ အုပ်ချုပ်ရေးစနစ် ပြုပြင်ပြောင်းလဲရေးအတွက် တာဝန်ယူမည် ဖြစ်သည်။ ထိုသူများက သမ္မတဦးသိန်းစိန် ၂၀၁၃ ခုနှစ်၊ ဩဂုတ်လအတွင်း ယခင်စီမံကိန်းကော်မရှင်များကို ဖျက်သိမ်း၍ ကိုယ်တိုင်ဦးဆောင်ကာ ပြန်လည် ဖွဲ့စည်းပေးသည့် အမျိုးသား ပြုပြင်ပြောင်းလဲမှု ဦးဆောင်ကော်မတီတွင်လည်း ပါဝင်ကြ မည် ဖြစ်သည်။[72]

အစိုးရက ၂၀၁၅ ခုနှစ်တွင် ဆင်းရဲမွဲတေမှု ၁၆% သို့ လျှော့ချနိုင်ရေး ကတိပြုထားပါသည်။ ထို့အပြင် ဖက်စုံအမျိုးသား ဖွံ့ဖြိုးမှု အစီအစဉ်၌၊ ကျေးလက်ဒေသများ၌ နေထိုင်ကြသည့် မြန်မာနိုင်ငံ၏ ၇၀% သော ပြည်သူများအတွက် ပစ်မှတ်ထား၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ၈ ချက်ကို ထည့်သွင်း လုပ်ဆောင်နေပါသည်။ [73] ယင်းလုပ်ငန်းစဉ် ၈ ရပ်ကို ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့အကြား အကောင်အထည်ဖော်သွားမည် ဖြစ်ပါ သည်။ ၎င်းလုပ်ငန်းစဉ် ၈ ရပ်မှာ-

၁။ လယ်ယာကုန်ထုတ်လုပ်မှု ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး
၂။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး
၃။ ကျေးလက်ဒေသ ကုန်ထုတ်လုပ်ငန်းနှင့် အိမ်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေး
၄။ အသေးစား ပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
၅။ ကျေးလက်သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး
၆။ ကျေးလက်လူမှု စီးပွား ဖွံ့ဖြိုးတိုးတက်ရေး
၇။ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး
၈။ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ... တို့ပင် ဖြစ်သည်။

ယခုအစီအစဉ်မှာ "ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ နိုင်ငံအဆင့် အလုပ်ရုံ ဆွေးနွေးပွဲ"ကို နေပြည်တော်တွင် ၂၀၁၁ ခုနှစ်၊ မေလ ၂၀ရက်နေ့မှစ၍ ၃-ရက် အကြာကျင်းပပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်ပါ သည်။ ၎င်းအစီအစဉ်မှာ ကုလသမဂ္ဂ၏ ထောင်စုနှစ်ဆိုင်ရာ ဖွံ့ဖြိုးရေးရည်မှန်းချက်များကို တစ်စိတ်တစ်ပိုင်းအားဖြင့် အခြေခံ၍ ဖြစ်ပေါ်လာပြီး၊ ကုလသမဂ္ဂ ဖွံ့ဖြိုးရေးအစီအစဉ် (UNDP) နှင့် မြန်မာနိုင်ငံ အမျိုးသားစီမံကိန်းနှင့် ဖွံ့ဖြိုးရေးဝန်ကြီး ဌာနတို့ ပူးပေါင်းကောက်ယူသည့် အိမ်ထောင်စုများ၏ လူနေမှုအဆင့် စစ်တမ်းကောက်ယူချက် (၂၀၀၉-၁၀) ရလဒ်များအပေါ် အခြေတည်၍ ဖြစ်လာခြင်း ဖြစ်သည်။ ဤလုပ်ငန်းများကို အကောင်အထည်ဖော်ရန် ပြည်ထောင်စုအဆင့် ဗဟိုကော်မတီတစ်ရပ် (မူဝါဒများချမှတ်ရန်)၊ ပြည်ထောင်စု

---

[72] http://www.globaltimes.cn/content/811040.shtml#.UjLV12SSDig

[73] http://www.myanmargeneva.org/11nlm/jun/n110621.htm , http://www.president-office.gov.mm/en/?q=issues/rural-urban/id-1845

အဆင့် လုပ်ငန်းကော်မတီ (လုပ်ငန်းတာဝန်တစ်ခုချင်းစီကို ဝန်ကြီးများက ဆောင်ရွက်ရန်)၊ ပြည်နယ်/ တိုင်းဒေသကြီ လုပ်ငန်းကော်မတီ (ကျေးလက်နေပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်၍ မြို့နယ် ၃၃၀ နှင့် မြို့နယ်ခွဲ ၈၂ ခုတို့တွင် လက်တွေ့ဆောင်ရွက်ရန်) တို့ကို ဖွဲ့စည်းခဲ့ပါသည်။

၂၀၁၂ ခုနှစ်၊ မတ်လ ၂ ရက် တောင်သူလယ်သမားနေ့ သမ္မတမိန့်ခွန်းတွင် သူ၏ကျေးလက် ပြုပြင်ပြောင်းလဲရေး နှင့် ပတ် သက်၍ သမ္မတ အိမ်နီးချင်းနိုင်ငံများရှိ စီးပွားဖြစ်စိုက်ပျိုးရေး လုပ်ငန်းများကို အလှမ်းမီစေရန် နည်းလမ်း ၅ မျိုးဖြင့် ဆောင် ရွက်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။ ၎င်းတို့မှာ-

၁။ စိတ်အားတက်ကြွမှု
၂။ စိတ်စဉ်းစားပုံ (mind-set) ပြုပြင်ပြောင်းလဲမှု
၃။ မြေယာပြုပြင်ပြောင်းလဲရေး
၄။ စက်မှုလယ်ယာအဖြစ် အသုံးပြုခြင်းနှင့်
၅။ အထွက်တိုးမျိုးများ အသုံးပြုခြင်းတို့ ဖြစ်သည်။

ဂလိုဘယ် တိုင်းမ် (Global Times) သတင်းဖော်ပြချက်အရ၊ နိုင်ငံအချို့နှင့် နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများက မြန်မာနိုင်ငံ စိုက်ပျိုးရေးကဏ္ဍကို ကျေးလက်ဒေသ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းတစ်စိတ် တစ်ပိုင်း အနေဖြင့်၊ ကူညီပေးကြရန် သဘောတူညီထားကြပါသည်။ ၎င်းနိုင်ငံများတွင် ဂျပန်၊ ထိုင်း၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်ကြ သည်။ [74]

# အချက် ၇-ချက်ပါ ဖွံ့ဖြိုးရေး အစီအစဉ်၊ သို့မဟုတ် လူမှု-စီးပွားရေး ဖွံ့ဖြိုးမှု အစီအစဉ်

လက်ရှိအစိုးရက ဖွံ့ဖြိုးရေးအစီအစဉ်များကို ပြန်လည်ဆန်းသစ်လာသည်နှင့်အမျှ ကျန်ရှိနေသည့် လပေါင်း ၃၀ တွင်၊ အောက်ဖော်ပြပါ **ဖွံ့ဖြိုးရေးလုပ်ငန်း ၇ ခု**ကို လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့တွင် ထုတ်ပြန် ကြေညာခဲ့သည်။ [75]

၁။ လျှပ်စစ်မီးရရှိရေး (စက်မှုကုန်ထုတ်လုပ်ငန်း အများဆုံးရှိသော ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် လျှပ်စစ်မီး ပြည့်ဝစွာရရှိရေး စီမံဆောင်ရွက်ရန်။ တိုင်းဒေသကြီး/ ပြည်နယ်အားလုံး လျှပ်စစ်မီးသုံးစွဲနိုင်သည့် အိမ်ထောင်စုဦးရေ တိုးတက်ရရှိ ရေး ဆောင်ရွက်ရန်)
၂။ သောက်သုံးရေ လုံလောက်စွာရရှိရေး (ရန်ကုန်မြို့၊ မန္တလေးမြို့ သောက်သုံးရေ ဖူလုံအောင် စီမံဆောင်ရွက် ရန်။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် သောက်သုံးရေ ခက်ခဲသောမြို့နယ်များတွင် ဖူလုံမှုရာခိုင်နှုန်း သိသာစွာ တိုးတက်ရေး စီမံဆောင်ရွက်ရန်)
၃။ စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေး (စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး ဆောင်ရွက်သွားရန်။ မျိုးလိုအပ်ချက် လုံလောက်စွာ ထုတ်လုပ်ဖြန့်ဝေနိုင်ရေး ဆောင်ရွက်သွားရန်။ တောင်သူများ အရင်းအနှီး လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်သွားရန်)

[74] အသေးစိတ်ကို ဤလင့်ခ်တွင်ကြည့်ပါ။ http://www.globaltimes.cn/content/765366.shtml
[75] http://www.president-office.gov.mm/?q=briefing-room/news/2013/08/12/id-4031

၄။ အလုပ်အကိုင် ရရှိရေး။ (စက်မှုဇုန်၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းများ (SME) သိသာစွာ ဖွံ့ဖြိုးရေးဆောင် ရွက်သွားရန်။ မြို့ပြကျေးရွာ အခြေခံအဆောက်အဦး ဆောက်လုပ်ခြင်းများဖြင့် အလုပ်အကိုင်တိုးပွားရေး ဆောင်ရွက်ရန်။ အထူးစီးပွားရေး ဇုန်များ အမြန် အကောင်အထည်ဖော်ရန်)
၅။ ခရီးသွားလုပ်ငန်း။ (ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေး အလေးထားဆောင်ရွက်ရန်)
၆။ ငွေကြေးလုပ်ငန်း။ (ဘဏ်လုပ်ငန်းများဖွံ့ဖြိုးရေး၊ ငွေကြေးဈေးကွက် တည်ငြိမ်ရေး၊ အသေးစားချေးငွေ လုပ်ငန်း ဖွံ့ဖြိုးရေး၊ နိုင်ငံခြားမှ ငွေကြေး၊ ချေးငွေ၊ ထောက်ပံ့ငွေများ လျှင်မြန်ချောမွေ့စွာ စီးဆင်းဝင်ရောက် လာနိုင်ရေး လုပ်ငန်းအဖွဲ့များ ဖွဲ့၍ ဦးစားပေးဆောင်ရွက်ရန်)
၇။ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု။ (သိသာစွာ တိုးတက်အောင် လုပ်ငန်းကဏ္ဍအလိုက် လုပ်ငန်းအဖွဲ့များ ဖွဲ့၍ဆောင်ရွက် ရန်)

ယခုမူဝါဒများကို စတင်အကောင်အထည်ဖော်ရန် လျှင်မြန်စွာပင် စတင်လှုပ်ရှားလာပါသည်။ ဥပမာအားဖြင့်- သမ္မတရုံးမှ ကိုယ်စားလှယ်များက ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၁၃ ရက်နေ့တွင် မွန်ပြည်နယ်မြို့တော် မော်လမြိုင်၌ ဦးသိန်းစိန်၏ လမ်းညွှန် ဖွံ့ဖြိုးရေးအစီအစဉ် ၇-ချက်ကို အသေးစိတ်ရှင်းလင်း၍ အရှေ့တောင်တိုင်းရှိ ဒေသများအနေဖြင့်၊ နောက်ထပ် စီးပွားရေး နှင့် အခြေခံ အဆောက်အဦဖွံ့ဖြိုးလာစေရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပါသည်။ [76]

ဆင်းရဲမွဲတေမှု လျှော့ချရေးအတွက် အစိုးရ၏ ဆောင်ရွက်ချက် နောက်ထပ်တစ်ခုမှာ **မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်း ကျင်မှုဖွံ့ဖြိုးရေး ဥပဒေ**ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံ အလုပ်အကိုင်နှင့် ကျွမ်း ကျင်မှုဖွံ့ဖြိုးရေး ဥပဒေတွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေး၊ အလုပ်လက်မဲ့ ဖြစ်မှုနှုန်း လျှော့ချရေး၊ အလုပ် သမားများ၏ ကျွမ်းကျင်မှုစံနှုန်းများနှင့် စွမ်းရည်များ မြှင့်တင်ရေး စသည်တို့ကို လွှမ်းခြုံပြဌာန်းထားပါသည်။ ထို့အပြင် ယင်းဥပဒေတွင် ဝန်ထမ်းများအတွက် သင်တန်းများကို စနစ်တကျနှင့် နည်းပညာပိုင်းအရ ပေးရန်လည်း ဖော်ပြထားသည်။ အလုပ်သမားများကို ပြည်ပသို့ သင်တန်းများပို့လွှတ်စေ၍ လုပ်ငန်းခွင် ကျွမ်းကျင်မှု အရည်အသွေး တိုးမြှင့်စေရန်လည်း ဖော်ပြထားပါသည်။ တစ်ပြိုင်နက်တည်းမှာပင် မြန်မာနိုင်ငံ လုပ်ငန်းကျွမ်းကျင်မှုစံနှုန်း အာဏာပိုင်အဖွဲ့ (NSSA) ကို တည် ထောင်ခဲ့ပြီး၊ ၂၀၁၅ ခုနှစ် အာဆီယံအသင်း၏ အလုပ်သမားဈေးကွက် လိုအပ်ချက်ကို ပြည့်မီစေရန် သင်တန်းများကိုလည်း စီစဉ်ပေးနေပါသည်။[77]

**အထူးစီးပွားရေးဇုန် (SEZs) နှင့် အထူးစက်မှုဇုန်များ (SIZs)** များသည် အစိုးရ၏ အလုပ်အကိုင် ဖန်တီးပေးရေး၊ စီးပွားရေး ဖွံ့ဖြိုးစေရေး အစီအစဉ်များ၏ အရေးပါသည့် အစိတ်အပိုင်း ဖြစ်ပါသည်။ လက်ရှိတွင် အထူးစီးပွားရေး ဇုန်ကြီး ၃ ခု (ကျောက်ဖြူ၊ သီလဝါနှင့် ထားဝယ်)၊ ထိုထက်ငယ်သည့် အထူးစီးပွားရေးဇုန် (SEZs) နှင့် အထူးစက်မှုဇုန်များ (SIZs) ၁၉ ခု ရှိနေပါသည်။ များမကြာသေးမီက မူဆယ်တွင်လည်း နောက်ထပ် အထူး စီးပွားရေးဇုန် တည်ထောင်ရန် အစီအစဉ်အသစ် ကို ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့တွင် ထုတ်ပြန်

[76] http://phophtawnews.org/english/index.php/news/local-news/item/348-delegation-from-naypyitaw-details-country-plan-to-mon-state.html

[77] http://www.mizzima.com/news-91481/prisoner-watch/9972-employment-and-skills-development-law-takes-effect-in-myanmar

ကြေညာခဲ့သည်။ အိန္ဒိယနိုင်ငံကလည်း မြန်မာနိုင်ငံ၊ စစ်တွေမြို့တွင် ပြည်ပပို့ကုန် တင်ပို့မည့် စက်မှုဇုန်တစ်ခုကို တည်ထောင်ရန် ချေးငွေ ဒေါ်လာသန်း ၁၅၀ ပေးမည်ဟု ၂၀၁၃ ခုနှစ်၊ ဇွန်လ တွင် ကမ်းလှမ်းခဲ့ပါသည်။ [78]

# စီးပွားရေးအရ နစ်နာချက် (၆)။ တိုင်းရင်းသား အုပ်စုများအကြား ဈေးကွက်အရ ပြိုင်ဆိုင်မှုများ

## ပြဿနာများ၏ နောက်ခံအကြောင်း

များစွာသော လေ့လာသုံးသပ်သူများက မကြာသေးခင်က ဖြစ်ပေါ်ခဲ့သည့် လူမှုအဓိကရုဏ်းများ၊ အကြမ်းဖက်မှုများ၊ မူဆလင်ဆန့်ကျင်ရေး စိတ်ခံစားမှုများသည် စီးပွားရေးတွင် ရေသောက်မြစ် အခြေခံသည်ဟု ဆိုကြပါသည်။ ဘုန်းကြီး ဦးဝီရသူဦးဆောင်သည့် "၉၆၉ လှုပ်ရှားမှု" က မူဆလင်များ၏ ကိန်းဂဏန်း ၇၈၆ ကို တန်ပြန်ရန် လုပ်ဆောင်သည်ဟုဆိုကြသည်။ နိုင်ငံအနှံ့အပြားရှိ မူဆလင်ဈေးဆိုင်များ၊ စီးပွားရေးလုပ်ငန်းများ တွင် ဤ ၇၈၆ ဂဏန်းကို မြင်တွေ့ကြရပါသည်။ ဤကိန်းဂဏန်းမှာ သင်္ကေတတစ်ခု ဖြစ်ပြီး၊ တောင်ပိုင်းအာရှနေ မူဆလင်များ အသုံးပြုကြပြီး၊ ကိုရန်ကျမ်းစာပါ "အလာ၏ နာမတော်အောက်တွင်၊ မေတ္တာထားသူကို ပြန်၍ မေတ္တာရှိလိမ့်မည်" ဟု အဓိပ္ပါယ်ရပါသည်။ သို့သော်လည်း အချို့သောမြန်မာ လူထုများက ၇၈၆ ဂဏန်းသည်၊ ၂၁ (၇+၈+၆= ၂၁)၊ ၂၁ ရာစုတွင် မူဆလင်များက ကမ္ဘာကြီးအား စိုးမိုးချယ်လှယ်ရန် ကြံစည်မှုဟု မှားယွင်းအဓိပ္ပါယ် ဖွင့်ကြပါသည်။[79] မူဆလင်များက အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် လွှမ်းမိုးလာနေမှု ရှိနေချိန်တွင်၊ နိုင်အုပ်စုကဲ့သို့သော ဆောက်လုပ်ရေးကုမ္ပဏီများက စီးပွားရေးနယ်ပယ်တွင် အင်အားကောင်း လာသောကြောင့်၊ အကြောက်တရားကို အခြေခံ၍ ဖြစ်ပေါ်လာပါသည်။

မူဆလင်ဆန့်ကျင်ရေး စိတ်ခံစားမှုများမှာ နိုင်ငံတစ်ခုလုံး၏ ဗြိတိသျှကိုလိုနီ လက်ထက်ကတည်းက ရှိနေခဲ့သော အထွေထွေ နိုင်ငံခြားသားမုန်းတီးရေးကို တစ်စိတ်တစ်ပိုင်း ထင်ဟပ်သည်ဟုလည်း ဆိုကြပါသည်။ ထိုအချိန်က နိုင်ငံခြားသားများကို မူရင်းနိုင်ငံသားများထက်စာလျှင် အခွင့်ထူးခံ ပေးထားခဲ့ပါသည်။ ဦးသိန်းမောင်ရေးသားသော ၁၉၃၉ ခုနှစ်ထုတ်၊ *"မြန်မာနိုင်ငံ၏လူဝင်မှုကြီးကြပ်ရေးပြဿနာ"* စာအုပ်ပါ ကာတွန်းကို အောက်တွင် ဖော်ပြထားပြီး၊ ၎င်းစာအုပ်တွင်ပင် ထိုနှစ်က အစိုးရ၏ *အဓိကရုဏ်းများ ကြားဖြတ်အစီရင်ခံစာ*လည်း သက်သေအဖြစ် ပါဝင်ပါသည်။ အမျိုးသားရေးလှုံ့ဆော်မှုကို ပြု၍ ထိုအချိန်က နိုင်ငံခြားသားများ တိုင်းပြည်တွင်း ဝင်လာသည့်ပြဿနာကို ပြင်းထန်စွာ ဆန့်ကျင်ဖော်ပြထားပါသည်။ မြန်မာနိုင်ငံရှိ မူဆလင်များကို ယနေ့တိုင် အန္တရာယ်ရှိသည့် နိုင်ငံခြားသားများဟု ဆက်လက်ပုံဖော်နေကြပြီး၊ နိုင်ငံကို စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး ကဏ္ဍ ပေါင်းစုံမှနေ၍ လွှမ်းမိုးချယ်လှယ်ရန် ကြံစည်နေသည်ဟု မြင်နေကြသည်။ ဘာသာရေးနှင့် အစားအသောက် ဓလေ့ထုံးတမ်း ကွဲပြားမှုကြောင့် မူဆလင်များ သီးခြားခွဲနေခြင်း၊ ဗုဒ္ဓဘာသာဝင်တို့၏ စားသောက်ဆိုင် များသို့ ဝင်ရောက် မစားသောက်နိုင်ခြင်းကြောင့်လည်း၊ အကွဲအပြဲ ပို၍ကြီးစေပါသည်။

[78] http://www.hindustantimes.com/business-news/WorldEconomy/India-to-provide-150mn-to-set-up-SEZ-in-Myanmar/Article1-1073516.aspx

[79] http://www.asiasentinel.com/?id=5276&Itemid=208&option=com_content&task=view
"Burmese Neo-Nazi Movement Rising Against Muslims", Kosak Tuscangate, 22 March 2013






(အပေါ်ပုံ) တောင်က ခြောက်လို့၊ မြောက်ကယူ၊ အလယ်လူ အူနဲ့ပောင်းလောင်း
(အောက်ပုံ) ညှော့သည်က ခြောက်ထုတ်၊ မြန်မာ အောက်ပြုတ်
ပထမဦးဆုံး ဦးသိန်းမောင်ရေးသားသော ၁၉၃၉ ခုနှစ်ထုတ်၊ *"မြန်မာ နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေး ပြဿနာ"* စာအုပ်တွင် ဖော်ပြခဲ့သည်။ Michael Adas ရေးသားသည့် The Burma Delta (1974) စာအုပ်မှ ယခုကာတွန်းကို ရယူပါသည်။ ပုံ အတွက် British Museum သို့ ကျေးဇူးတင်ရှိပါသည်။[80]

ရခိုင်-ရိုဟင်ဂျာ အဓိကရုဏ်းများတွင် စီးပွားရေးအရ တင်းမာမှုများသည်လည်း အရေးကြီးပါသည်။ ၂၀၁၃ ခုနှစ်၊ ရခိုင်ပြည်နယ် ပြဿနာ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာတွင် ရခိုင်နှင့် မူဆလင်တို့အကြား အရင်းအမြစ်များအပေါ် ပဋိပက္ခရှိနေသည့်အကြောင်းကို အရေးကြီးသည့် အကြောင်းအချက်တစ်ခု အဖြစ် ဖော်ပြထားပါသည်။ ရခိုင်တို့က ရိုဟင်ဂျာတို့အနေဖြင့် သူတို့၏ စီးပွားရေးနှင့် နယ်မြေကို ချယ်လှယ်ချုပ်ကိုင်ရန် ပြုနေသည်ဟု မြင်ကြပြီး၊ ယခုအခါ ရခိုင် ပြည်နယ်ရှိ မြို့အချို့မှာ မူဆလင်များက လွှမ်းမိုးနေပြီ ဖြစ်သည်။ ဥပမာအားဖြင့်- မြေပုံမြို့တွင် မူဆလင် ၈၅%၊ မောင်းတော မြို့တွင် ၈၅.၆၆% နှင့် ဘူးသီးတောင်မြို့တွင် ၈၄.၇၅%

[80] The Burma Delta. Economic development and social change on an Asian rice frontier, 1852–1941, Madison, Wisconsin: Univ. of Wisconsin Press, 1974, pp195

ရှိနေပါသည်။ သို့အတွက်ကြောင့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာက စီးပွားရေးနှင့် ဒေသန္တရဖွံ့ဖြိုးမှုကို ရခိုင်နှင့် ရိုဟင်ဂျာတို့အကြား ပဋိပက္ခများ ဖြေရှင်းနိုင်ရန် နည်းနာတစ်ခုအဖြစ် သုံးသင့်သည်ဟု အကြံပြုထားပါသည်။

# ဖြေရှင်းရန် ကြိုးပမ်းခဲ့သော နည်းလမ်းများ

ယခုအခါ လူမှုရေး အဓိကရုဏ်းများကို ဖြေရှင်းနိုင်ရေးအတွက် ရန်ကုန်နှင့် အခြားမြို့များတွင် ဘာသာပေါင်းစုံ ဆွေးနွေးပွဲများ ဆောင်ရွက်နေပြီး၊ ဆွေးနွေးပွဲများ၊ လူတစ်ဦးချင်းတို့၏ အတွေ့အကြုံများ ဖလှယ်ခြင်းအားဖြင့် အချင်းချင်း အပြန်အလှန် ပို၍ နားလည်မှု ရှိလာစေမည် ဖြစ်သည်။ သို့သော် ရခိုင်ပြည်နယ်တွင်မူ အလားတူ ဆွေးနွေးပွဲများ ကျင်းပနိုင်ခြင်း မရှိသေးပါ။ ရခိုင်ပြည်နယ်ကိစ္စ စုံစမ်းစစ်ဆေးရေး ကော်မရှင်ကမူ ပညာရေးသည် အရေးကြီးသည့်အဖြေတစ်ခု ဖြစ်သည်ဟု ဖော်ပြထားပါသည်။ သို့သော်လည်း အုပ်စုအချင်းချင်းအကြား ပြိုင်ဆိုင်မှုဖြစ်စေသည့် စီးပွားရေး ရေသောက်မြစ် အကြောင်းများကိုလည်း ဖြေရှင်းကြရမည် ဖြစ်ပါသည်။ သို့တိုင်အောင် လူမျိုးအုပ်စုများအကြား ပြဿနာများ၊ မြေယာ ပိုင်ဆိုင်မှု၊ ဈေးကွက် လက်ဝါးကြီးအုပ်ထားမှုတို့ကို ယခုတိုင် ဖြေရှင်းနိုင်ခြင်း မရှိသေးပါ။

# လေ့လာတွေ့ရှိချက်များ

စီးပွားရေးပြဿနာသည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့်ရော၊ အာဏာနိုင်ငံရေးနှင့်ပါ ခွဲမရအောင် ဆက်စပ်လျက် ရှိနေပါသည်။ အထူးသဖြင့် တိုင်းရင်းသားဒေသများရှိ သဘာဝသယံဇာတများအပေါ် ပိုင်ဆိုင်မှု၊ စီမံခန့်ခွဲခွင့်အာဏာများနှင့် သက်ဆိုင်၍ စဉ်းစားလျှင်၊ အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ တရားဝင်ဆက်လက် ရပ်တည်ရေးနှင့် တိုင်းရင်းသားဒေသများရှိ လူမှု-စီးပွားရေး တရားမျှတမှုမရှိသည်ကို ထည့်သွင်းစဉ်းစားလျှင် ပို၍ ဆက်စပ်မှု ရှိပါသည်။ အထူးသဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် နှစ်ဖက်စလုံး အနိုင်ရရှိသော (win-win situation) အခြေအနေဖြစ်အောင် စီးပွားရေးကို ထိရောက်စွာ မည်သို့အသုံးချမည်ဆိုသည်မှာ ကျန်ရှိနေသေးသောမေးခွန်းပင် ဖြစ်ပါသည်။ အောက်တွင် ဖော်ပြထားသည်မှာ အစီရင်ခံစာပါ လေ့လာတွေ့ရှိချက်များကို အခြေခံကာ စီးပွားရေးပြဿနာကို ငြိမ်းချမ်းရေး ဆွေးနွေးပွဲများနှင့် ပတ်သက်၍ ထည့်သွင်းစဉ်းစားပါက မည်သို့ဆောင်ရွက်သင့်ကြောင်း အကြံပြုချက်အချို့ကို အရေးပါသော အင်အားစုများအတွက် ဖော်ပြထားပါသည်။

## အစိုးရ

အစိုးရသည် စီးပွားရေးမူဝါဒဆိုင်ရာ မကျေနပ်မှုများကို ဖြေရှင်းပေးနိုင်မည်၊ ပဋိပက္ခကို လောင်စာလောင်းပေးမည်၊ ပြေလည်စေမည်၊ ပိုမိုဆိုးရွားစေမည် စသည်တို့ကို ဆုံးဖြတ်ရန် အကြီးဆုံး တာဝန်ရှိသူ ဖြစ်ပါသည်။ အစိုးရသစ်အနေဖြင့် ပြုပြင်ပြောင်းလဲရေး မူဝါဒ အများအပြားကို ချမှတ်ခဲ့ပြီး ကော်မတီများက တင်ပြလာသည့် ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် ကြိုးပမ်းနေကြပါသည်။ ဤအချက်များ မည်မျှကောင်းစွာ အလုပ်ဖြစ်မည်၊ မည်မျှကောင်းစွာ ပေါင်းစည်းဆောင်ရွက်နိုင်မည်ဆိုသည်မှာ ဆက်လက် စောင့်ကြည့်ရဦးမည် ဖြစ်ပါသည်။ လက်ရှိတွင် ဆောင်ရွက်ချက်အသစ် အများစုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၏ မြန်နှုန်းကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှာ အထူးရှုပ်ထွေးခက်ခဲလွန်းနေပြီး စောင့်ကြည့်သုံးသပ်ရန်လည်း ခက်နေပါသည်။

ပြုပြင်ပြောင်းလဲမှုများကို နောက်ပြန်ဆွဲနေသည့် အရေးကြီးသော ပြဿနာတစ်ခု သို့မဟုတ် အကောင်အထည်ဖော်မှုများကို တားဆီးနေသော ပြဿနာတစ်ခုမှာ အစိုးရထက်စာလျှင် စစ်တပ်က ၎င်း၏ အမိန့်ပေးမှုစနစ်ကို

ဆက်လက်နာခံနေခြင်းပင် ဖြစ်ပါသည်။ ထို့အပြင် နိုင်ငံ၏ စီးပွားရေးနှင့် အစိုးရဖွဲ့စည်းပုံ ယန္တရားများအပေါ်တွင် လည်း လွှမ်းမိုးချယ်လှယ်နေဆဲ ဖြစ်ပါသည်။

## စစ်တပ်ပြုပြင် ပြောင်းလဲရေး

၁။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများကို အထောက်အကူဖြစ်စေအောင် စစ်တပ်ကို ပြုပြင်ပြောင်းလဲရေး။ (အထူး သဖြင့် အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအကြား သဘောတူညီ ကတိကဝတ်ပြုထား သော အပစ်အခတ် ရပ်စဲရေးမူများကို စည်းကြပ်ရာ၌ ပိုမို ပူးပေါင်းပါဝင်မှု ရှိစေရန်။)

၂။ ပြည်နယ်များ၏ အုပ်ချုပ်ရေးကို ဆက်လက်၍ ခိုင်မာအားကောင်းအောင် ပြုပြင်သွားပြီး အထွေထွေအုပ်ချုပ် ရေးဌာန (ထွေ/အုပ်)နှင့် ပြည်ထဲရေးဝန်ကြီးဌာနအပေါ် မှီခိုနေရမှုကို လျှော့ချသွားရန်

၃။ နယ်စပ်ရေးရာ ဝန်ကြီးဌာနကို ပြန်လည် ပြင်ဆင်ဖွဲ့စည်းရေး၊ ၎င်းကို ၂၀၁၁ခုနှစ် အစိုးရ၏ ငြိမ်းချမ်းရေး အစီ အစဉ်နှင့် လိုက်လျောညီထွေစွာ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်နိုင်အောင် သုံးသပ်၍ ပြင်ဆင်ဖွဲ့စည်း ရေး။

၄။ စီးပွားရေးဦးပိုင် လီမိတက် (UMEHL) နှင့် မြန်မာ့စီးပွားရေး ကော်ပိုရေးရှင်း (MEC) တို့၏ လိုအပ်နေမှုအပေါ် ပြန်လည် ချင့်ချိန်သုံးသပ်၍ စီးပွားရေးတွင် စစ်တပ်၏ လွှမ်းမိုးနေမှုကို လျှော့ချပေးရေး။

ပဋိပက္ခစစ်ပွဲများကြောင့် ထိခိုက်ခံစား၊ နာကျည်းနေရသူများကို ပြန်လည်ကုစားနိုင်ရေးအတွက် ပြုပြင်ပြောင်းလဲ မှုများကို ဆက်လက်၍ ရှေ့တိုးလုပ်ကိုင်နေရပါမည်။

၁။ ဥပဒေများ စည်းကြပ်နိုင်ရေးအတွက် အဖွဲ့အစည်းစနစ် (အင်စတီကျူးရှင်းများ) တိုးတက်လာစေရေး။

(က) သဘာဝ သယံဇာတများ ခွဲဝေသုံးစွဲရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ရှင်းလင်းစွာ ရေးဆွဲ ပြဌာန်းထားခြင်း။

(ခ) တရားစီရင်ရေးစနစ် ခိုင်မာအားကောင်းစေခြင်း။

(ဂ) အကျယ်အပြန့် ဖြစ်ပွားနေသည့် အကျင့်ပျက်ခြစားမှုကို ကိုင်တွယ်ခြင်း။

(ဃ) ပွင့်လင်းမြင်သာမှုကို မြှင့်တင်ပေးခြင်း။

(င) ပြည်နယ်အစိုးရများ၏ အခန်းကဏ္ဍနှင့် လုပ်ပိုင်ခွင့်အာဏာကို (ဘတ်ဂျက်များ တိုးမြှင့်သုံးစွဲမှု အပါအဝင်) မြှင့်တင်ပေးခြင်း။

(စ) ကုမ္ပဏီများ ရွေးချယ်ရာတွင် ကောင်းမွန်သည့် (ကော်ပိုရေးရှင်းများ၏ လူမှုရေးတာဝန်သိမှု) CSR မှတ်တမ်းရှိသည့် ကုမ္ပဏီများ၊ သူတို့လိုက်နာရမည့် ရှင်းလင်းသေချာသော စံနှုန်း/ ဥပဒေ များရှိသည့် ကုမ္ပဏီများကို ရွေးချယ်မိစေရန် တင်းတင်းကြပ်ကြပ် စိစစ်ခြင်း။

(ဆ) လူမှု/ပတ်ဝန်းကျင် ထိခိုက်သက်ရောက်မှု အကဲဖြတ်ချက် (ESIA) များအတိုင်း စည်းကြပ်ရေးနှင့် စောင့်ကြည့်လေ့လာခြင်း။

(ဇ) ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် မကျေလည်မှုများကို တုံ့ပြန်လုပ်ဆောင်နိုင်စေရေးအ တွက် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပါဝင်စေ ခြင်း။

၂။ ဆင်းရဲနွမ်းပါးသူများအပေါ် အကျိုးပြုစေမည့် ဖွံ့ဖြိုးရေးကို မြှင့်တင်ဆောင်ရွက်ပေးရေး

(က) လူမှုဖူလုံရေး (လူသားအရင်းအမြစ် စံချိန်စံနှုန်းများ၊ လူနေမှုအဆင့်အတန်းနှင့် နိုင်ငံ၏ အလုံးစုံသော အနာဂတ်၊ ကျန်းမာရေး၊ အလုပ်အကိုင် ရရှိရေး၊ ပံ့ပိုးမှုနှင့် ကူညီမှုများ မြင့်မားလာစေရန် ရေရှည်မြှုပ်နှံမှုအတွက် ပညာရေးကဏ္ဍမှာ အထူးအရေးကြီးပါသည်။)

(ခ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME) ကို ကူညီပေးခြင်း။ (ရန်ပုံငွေများ၊ အသေးစားချေးငွေများ၊ ကနဦးလုပ်ငန်းများဆိုင်ရာ ကူညီပံ့ပိုးမှုများ၊ နယ်စပ်ကုန်သွယ်ရေး၊ စီးပွားရေးဆိုင်ရာသင်တန်းများ၊ ပြပွဲများ ပိုမိုကျင်းပပေးရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ဆောင်ရွက်ရေး)

(ဂ) အခြေခံ အဆောက်အဦများ တိုးတက်လာစေရန်။ (လမ်းများ၊ တယ်လီကွန်မြူနီကေးရှင်း ဆက်သွယ်ရေးများ၊ အင်တာနက်ဆက်သွယ်မှု၊ လူအများအတွက် သယ်ယူပို့ဆောင်ရေးများ၊ ယုံကြည်စိတ်ချရသော လျှပ်စစ်ထောက်ပံ့ပေးမှု)

၃။ အတိတ်က အမှားများကို အမှန်ပြင်ဆင်ရေး (ပြည်သူများ၊ အထူးသဖြင့် ပြည်တွင်းစစ်အတွင်း ပေးဆပ်လိုက်ရသည့် တန်ဖိုးများကြောင့် နစ်နာခံစားကြရသည့် တိုင်းရင်းသားပြည်သူများ၏ ယုံကြည်မှုကို ရရှိစေရေးအတွက် အပြင်၊ လက်ရှိ အပစ်အခတ်ရပ်စဲရေးကို အောင်မြင်စေရေးအတွက် ဖြစ်ပါသည်။)

(က) မြေယာဥပဒေများကို ပြင်ဆင်ပေးရေး။

(ခ) သိမ်းပိုက်ထားသော မြေများ အမြန်ပြန်လည်ပေးအပ်ရေး။

(ဂ) အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SME)နှင့် လယ်ယာစိုက်ပျိုးရေး မူဝါဒများတွင် ပို၍ရင်းနှီးမြှုပ်နှံမှုပြုရေး

(ဃ) လက်ဝါးကြီးအုပ် ချုပ်ကိုင်မှု ဆန့်ကျင်ရေးဥပဒေ

(င) အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေ

# အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများ

အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများသည် အပစ်အခတ်ရပ်စဲရေးအတွက်သော်လည်းကောင်း၊ သဘောတူ လက်မှတ်ရေးထိုးရန်အတွက်သော်လည်းကောင်း၊ မျက်နှာချင်းဆိုင် ဆွေးနွေးကြသည့်အခါ အာဏာ ရရှိနိုင်ရေး၊ တန်းတူအခွင့်အရေး၊ ၎င်းတို့၏ဒေသများအတွင်းရှိ သဘာဝ သယံဇာတများအပေါ် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုအာဏာများ စသည်တို့အတွက် မဟာဗျူဟာကောင်း ရှိရပါမည်။ အစိုးရမဟုတ်သည့် လက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် နိုင်ငံရေး အာဏာဝေခွဲရေးသာမက၊ စီးပွားရေးပြဿနာ၊ ပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့် ပြဿနာ၊ လူ့အခွင့်အရေး ပြဿနာများကိုလည်း မြှင့်တင်ဆွေးနွေးရပါလိမ့်မည်။ သို့သော်လည်း ယခုတိုင် ပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲရေးအာဏာများအတွက် ၎င်းတို့မည်သည့်အချက်ကို လိုချင်သည်ကို တိတိကျကျ တင်ပြဆွေးနွေးမှုများ မရှိသေးပေ။

၁။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် လျင်မြန်ရန် လိုအပ်သည်။ ထိုသို့ဖြစ်စေရန် ပွင့်လင်းလွတ်လပ်သည့် (လစ်ဘရယ်) မူဝါဒများနှင့် ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာကို ဆက်လက်ကိုင်စွဲထားရန်။

၂။ ဆင်းရဲနွမ်းပါးသူများအပေါ် အကျိုးပြုစေမည့် ဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို တုံ့ပြန်နိုင်စေရေး မြှင့်တင်ဆောင်ရွက်သွားရန်။

၃။ ဥပဒေနှင့်အညီ ပွင့်လင်းမြင်သာသည့် စီးပွားရေးလုပ်ငန်း ဖော်ဆောင်သွားရန် တာဝန်ရှိသည်။

၄။ မိမိတို့အဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုများကို ခြေရာခံလိုက်ရန်နှင့် ပို၍ ပွင့်လင်းမြင်သာမှု ရှိစေရန်။
၅။ တရားဝင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် မိမိ အမှန်တကယ် လိုအပ်သည့် ကိစ္စများဖြစ်ကြသော နိုင်ငံရေးအာဏာ ခွဲဝေရေး၊ ၎င်းတို့၏ဒေသများအတွင်း သဘာဝ သယံဇာတများအပေါ် စီမံခန့်ခွဲမှုအာဏာ ခွဲဝေရေးကိစ္စများကို ပါဝင်ထည့်သွင်း ဆွေးနွေးကြပါရန်။

# နိုင်ငံခြား အစိုးရများ

၁။ နိုင်ငံတွင်းရှိ ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ဆောင်ပါက ဥပဒေများနှင့်အညီ၊ တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်စေရေး တိုက်တွန်းပေးပါရန်။
၂။ ဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် အကူအညီများနှင့် ပတ်သက်၍ အငြင်းပွားမှုများ၊ ဝေဝါးရှုတ်ထွေးမှုများ မဖြစ်စေရေးအတွက် အစိုးရမဟုတ်သည့် လက်နက်ကိုင်အင်အားစုများ (NSAGs) လက်ခံသည့်၊ အစိုးရ၏ အစီအစဉ်များကိုသာ ပံ့ပိုးမှုပြုပါရန်။ စီမံကိန်းများသည် ပြည်တွင်းနိုင်ငံရေးကို ထည့်သွင်း ပွင့်လင်းမြင်သာသော အကူအညီများဖြစ်ရန် လိုအပ်ပြီး အရပ်ဖက် လူမှုအဖွဲ့အစည်းများနှင့် ဆက်စပ်လုပ်ကိုင်ဆောင်ရွက်ပါရန်။
၃။ နိုင်ငံရပ်ခြား အကူအညီများသည် ကောင်းမွန်သည့်အစိုးရစနစ် ဖြစ်ပေါ်လာစေရေးအတွက် အလေးပေး လုပ်ဆောင်သွားရန်နှင့် မြန်မာနိုင်ငံ၏ ပြည်သူ့အုပ်ချုပ်ရေးစနစ်နှင့် ပြည်သူ့မူဝါဒများ ကောင်းမွန်အားကောင်းလာစေရေး ဆောင်ရွက်ပေး သွားပါရန်။

## စီးပွားရေးလုပ်ငန်းများ

၁။ နိုင်ငံခြား၊ အစိုးရနှင့် ကုမ္ပဏီများ တိုင်းရင်းသားဒေသများ၌ ရင်းနှီးမြှုပ်နှံမည်ဆိုပါက ဒေသခံ ပြည်သူများ၊ လူထုအခြေပြုအဖွဲ့များနှင့် တိုင်ပင်ဆွေးနွေး အကြံပြုချက် ရယူသွားရန်။
၂။ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းတိုင်းတွင် လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ဒေသခံပြည်သူလူထု၏ စားဝတ်နေရေးနှင့် လုံခြုံရေးကို ထိခိုက်မှုမရှိရန်
၃။ ရင်းနှီးမြှုပ်နှံမှု မပြုလုပ်မီ လူမှုရေးအရ အကျိုးသက်ရောက်မှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုကို သေချာစွာ လေ့လာ၍ ဒေသခံလူထုအား ချပြပေးသွားရန်။

# အရပ်ဖက် လူမှုအဖွဲ့အစည်းများ

၁။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို စောင့်ကြည့်ရေးနှင့် ပြည်သူလူထု၏ အသံများကို ထင်ဟပ်ဖော်ပြရာ၌ ၎င်းတို့၏ အရေးပါသည့် အခန်းကဏ္ဍကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားရန်။
၂။ အဆင့်မြင့်သည့် အရည်အသွေးဖြင့် အစီရင်ခံတင်ပြခြင်း၊ ကျွမ်းကျင်မှု အဆင့်အတန်းများကို ဆက်လက်မြှင့်တင် ထိန်းသိမ်းသွားရန်။
၃။ အစိုးရနှင့် ပြုပြင်ပြောင်းလဲရေးကိစ္စများတွင် ပူးပေါင်းဆောင်ရွက်သွားရန်၊ အစိုးရက ပြည်သူသို့ ထိတွေ့သည့် အစီအစဉ်များ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် ထိစပ်ဆောင်ရွက်သည့် အစီအစဉ်များကို ပူးပေါင်း၍ တိုးချဲ့လုပ်ဆောင်သွားပါရန်... အကြံပြုအပ်ပါသည်။

# အကျဉ်းချုပ် ဇယား

| စီးပွားရေး နစ်နာချက်များ | အစိုးရအဖွဲ့ | တိုင်းရင်းသား လက်နက်ကိုင်အုပ်စုများ | လူမှုအဖွဲ့အစည်း | စီးပွားရေး (ပြည်တွင်းနှင့်ပြည်ပ) | နိုင်ငံခြား အကူအညီ |
|---|---|---|---|---|---|
| စီးပွားရေး စီမံကိန်းများအနီး စစ်အင်အားများ တိုးလာခြင်း (ပဋိပက္ခရင်းမြစ်) | •ငြိမ်းချမ်းရေး ဓေ့စပ်ဆွေးနွေးခြင်းများ နှင့် လိုက်နာရမည့် ကျင့်ဝတ်များ | | • ပဋိပက္ခဒေသတွင်းရှိ ဖွံ့ဖြိုးရေး စီမံကိန်းများ ရပ်ဆိုင်းရေး တောင်းဆိုခြင်း | • ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးရေးအတွက် ကြားဝင်ဖြန်ဖြေပေးခြင်း နှင့် ကူညီဆောင်ရွက်ခြင်း။ | • ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေး ရေး အတွက် ကြားဝင်ဖြန်ဖြေပေးခြင်း နှင့် ကူညီ ဆောင်ရွက်ခြင်း |
| | | • ပဋိပက္ခဒေသတွင်းရှိ ဖွံ့ဖြိုးရေး စီမံကိန်းများ ရပ်ဆိုင်းရေး တောင်းဆိုခြင်း | | | |
| သဘာဝရင်းမြစ်မှ ရရှိသော ဝင်ငွေ အကျိုးအမြတ် များ မမျှမတခွဲဝေ ခြင်းနှင့် ရင်းမြစ် ပိုင်ဆိုင်မှု (နိုင်ငံရေး အကြောင်းအရာ) | • လက်ရှိဖွဲ့စည်းပုံအောက်က ဗဟိုချုပ်ကိုင်မှု ဖြေလျော့ရေး<br>○ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံကို ပြန်လည် သုံးသပ်ရေးကော်မတီ<br>○ စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲရေး အတွက် မူဘောင် ၁၀ ချက်<br>○ ရပ်ရွာ နှင့် မြို့နယ် ကော်မတီများ ဖွဲ့စည်းခြင်း<br>○ တိုင်း သို့မဟုတ် ပြည်နယ် လွှတ်တော် ဥပဒေကြမ်း<br>• တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များကို စီးပွားရေး လုပ်ပိုင်ခွင့်များ ချပေးခြင်း။<br>• သယံဇာတခွဲဝေရေး ဥပဒေကြမ်း တင်သွင်းခြင်း။<br>• အုပ်ချုပ်ရေး ကောင်းမွန်ရေး<br>○ လာဘ်စားမှုတိုက်ဖျက်ရေး ကော်မတီ<br>○ လာဘ်စားမှုတိုက်ဖျက်ရေး ဥပဒေကြမ်း<br>○ တရားဥပဒေစိုးမိုးရေး နှင့် ငြိမ်းချမ်းရေး နှင့် တည်ငြိမ်ရေး ကော်မတီ<br>○ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းမြန်ဆန်ရေး ကြီးကြပ်မှု<br>• ပွင့်လင်းမြင်သာမှုရှိရေး<br>○ အီးအိုင်တီအိုင် အဖွဲ့ဝင်ဖြစ်ရေး လျှောက်ထားမှု။ | • ဖက်ဒရယ်ပြည်ထောင်စု ဖွဲ့စည်းပုံ ပေါ်ပေါက်ရေးကို ကြိမ်ဖန်များစွာ တောင်းဆိုသည် (လက်ရှိတွင် ဖက်ဒရယ် ဖွဲ့စည်းပုံ မူကြမ်း ကို ရေးဆွဲနေသည်)<br>• စီးပွားရေး လုပ်ပိုင်ခွင့်။ | • WGEC ၏ နိုင်ငံရေး ဆွေးနွေးရေး မူဘောင်။<br>• ကိုယ်ပိုင်ပြဌာန်းခွင့်၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး နှင့် ရင်းမြစ် ပိုင်ဆိုင်မှု အတွက် လှုံ့ဆော်ခြင်း။ | | • ဖွဲ့စည်းပုံဆိုင်ရာ အကြံပြုချက်၊<br>• အုပ်ချုပ်ရေး အကူအညီ။ |
| လယ်ယာမြေ အသိမ်းခံရခြင်း (ပြည်သူ လူထုဆိုင်ရာ) | • လယ်ယာမြေ နှင့် အခြားမြေယာများ စုံစမ်း စစ်ဆေးရေး ကော်မရှင်။<br>• သိမ်းဆည်းလယ်ယာမြေများကို စစ်တပ်မှ ပြန်ပေးခြင်း<br>• လယ်ယာမြေ ခွဲဝေရေး နှင့် ကြီးကြပ်ရေး ကော်မတီ<br>• လယ်သမားများ အကျိုးစီးပွား ကာကွယ် ရေး ဥပဒေမူကြမ်း တင်သွင်းခြင်း။ | • ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တောင်းဆိုချက်များ<br>• ကေအဲန်ယူ အဖွဲ့၏ လယ်ယာမြေ မူဝါဒ နှင့် ကော်မတီ | • သတင်းအချက်အလက် စုဆောင်းခြင်း၊ ဒေသခံများ၏ နစ်နာချက်များကို အစီရင်ခံတင်ပြခြင်း။<br>• မူဝါဒ လှုံ့ဆော်ခြင်း။<br>• FPIC, EIA and SIA စံနှုန်းများအတွက် လှုံ့ဆော်ခြင်း။<br>• လယ်ယာမြေ မူဝါဒ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှု။<br>• WGEC ၏ အပြောင်းအလဲကာလ စီမံချက်များ။ | • သိမ်းဆည်းခံ လယ်ယာမြေ အချို့ကို ခရိုနီ ကုမ္ပဏီများ ဖြစ်သော မက်စ်မြန်မာ နှင့် ရောရွှေဝါ ကုမ္ပဏီ တို့က ပြန်ပေးမည်။ | |
| စီမံကိန်းများ၏ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေး ဆိုင်ရာ အပေါ် အကျိုးသက်ရောက်မှုများ (ပြည်သူ လူထုဆိုင်ရာ) | • ရေကာတာ ၂ ခု ရပ်ဆိုင်းခြင်း နှင့် မြစ်ဆုံရေကာတာ ရပ်ဆိုင်းထားခြင်း။<br>• သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုနှင့် ပတ်သက်ပြီး လွှတ်တော်အမတ်များကို သင်တန်းပေးခြင်း<br>• တိုင်းရင်းသား အခွင့်အရေး ကာကွယ်ရေး ဥပဒေကြမ်း တင်သွင်းခြင်း။ | • ချင်းအမျိုးသားတပ်ဦး နှင့် ကရင်နီ အမျိုးသား တိုးတက် ရေးပါတီ တို့က စီးပွားရေး စီမံကိန်းများကို စောင့်ကြည့်ရေး အဖွဲ့ ဖွဲ့ရန် တောင်းဆို။ | | • ကုမ္ပဏီများ၏ လူမှုရေး တာဝန်ခံမှု<br>• သဘာဝပတ်ဝန်းကျင် အကျိုးသက် ရောက်မှု စစ်ဆေးရေး နှင့် လူမှုရေး အကျိုးသက်ရောက်မှု စစ်ဆေးရေး | • ပေါ်လစီ အကြံပြုချက် နှင့် လှုံ့ဆော်ခြင်း<br>• ဝန်ထမ်းများနှင့် လွှတ်တော်အမတ် များကို သင်တန်းပေးခြင်း |
| ဆင်းရဲမွဲတေမှု နှင့် ဖွံ့ဖြိုးမှု နိမ့်ကျခြင်း | • နယ်စပ်ရေးရာဝန်ကြီးဌာန<br>• အမျိုးသား ဖွံ့ဖြိုးရေး စီမံကိန်း (၂၀၁၁-၂၀၁၆)။<br>• ဒေသန္တရ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး နှင့် ဆင်းရဲမွဲတေမှု လျှော့ချရေး စီမံချက် (၈ ချက်)။<br>• ဖွံ့ဖြိုးရေး စီမံချက် ၇ ချက် (၃၀ လ စီမံချက်)။<br>• မြန်မာ အလုပ်သမားနှင့် စွမ်းရည်ဖွံ့ဖြိုးရေး ဥပဒေ။<br>• စက်မှုဇုံများ နှင့် စီးပွားရေးဇုံများ။ | • ငြိမ်းချမ်းရေး ဆွေးနွေးပွဲ တောင်းဆိုချက်များ (ဖွံ့ဖြိုးရေး အာမခံချက်နှင့် ဖွံ့ဖြိုးရေးစီမံကိန်းများ)<br>• ဒေသခံများအတွက် လူမှုရေး နှင့် ပညာရေးဝန်ဆောင်မှုများ | | | • MPSI, PDSG, နိပွန် ဖောင်ဒေးရှင်း နှင့် အခြား နိုင်ငံခြား ဖွံ့ဖြိုးရေး အကူညီများ။ |
| ရင်းမြစ်ပိုင်ဆိုင်ရေး ပြိုင်ဆိုင်မှု (လူမှုအသိုင်း အဝိုင်း ပဋိပက္ခ) | • ရခိုင်ပြည်နယ် ပဋိပက္ခ စုံစမ်းရေး ကော်မစ်ရှင် | | • ဘာသာပေါင်းစုံ လှုပ်ရှားမှု | | |


MYITKYINA